The
# Commerce Journal
# စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL .17, NO . 32 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 21, 2017

# ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ရောက်ရှိသွားတဲ့ မြန်မာ့ကော်ဖီ
# ကမ္ဘာ့ဈေးကွက်သို့ ခြေတစ်လှမ်းစပြီ







စာမျက်နှာ - ၁၂ ➤



## စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အရင်းအနှီးဈေးကွက်၏ အရေးပါမှု

စာမျက်နှာ - ၁၅ ➤

## စားသုံးသူများအတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိရေး

စာမျက်နှာ - ၂၁ ➤

■ မအူပင်မြို့နယ်တွင် ရက်(၉၀)မိုးစပါး စတင်ရိတ်သိမ်း
စာမျက်နှာ - ၆ ➤

■ အမေရိကန်နိုင်ငံသို့ ပုစွန်သို့မဟုတ် ပုစွန်မှထုတ်လုပ်သော စားသုံးကုန်ပစ္စည်းများ တင်သွင်း/တင်ပို့ရာ၌ DS-2031 ပုံစံဖြည့်စွက်ခြင်းနှင့်ပတ်သက်၍ သိထားရမည့်အချက်များ
စာမျက်နှာ - ၁၀ ➤

■ ရေကြည်မြို့နယ်အတွင်း FDA ထောက်ခံချက်မရှိဘဲ ထုတ်လုပ်နေသော ရေသန့်လုပ်ငန်းလေးခုအား ရက်အကန့်အသတ်မရှိပိတ်သိမ်း
စာမျက်နှာ - ၂၉ ➤

**Top-Kick Multi - Crop Thresher** စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိကြောင်း နှင့် သဲ ခဲ ကင်းစင်မှုကို အာမခံပါသည်
စပါးတင်းတစ်ထောင်ခြွေလှေ့ပါကအလေအလွင့်အနေဖြင့်(၄)ပြည်သာလျော့မည်။
ရှီးမဘာဏ်(ပြည်ဘဏ်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလူကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့

Perfect Way

# Perfect Way Trading Co., Ltd.




**Address** : No.(50), First Floor, 39th , Kyauktada Township, Yangon, Myanmar.
**Phone** : 01-245445,09 421025126, 09 43074688,
**Email** : perfectwayny@gmail.com

MADE IN ITALY

PEDROLLO
... the spring of life

အီတလီနိုင်ငံထုတ်ရေစုပ်စက်အမျိုးမျိုး



# Uni Trade Yangon Limited

Sales/Service Center Yangon-01-653330,653448,296778,385402 Naypyitaw-067-22842,21505 Mandalay-02-30649,32431,73011

Fax-01-663524 Email: uamutm@myanmar.com.mm

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Government of Victoria ၏ Small Business, Innovation and Trade Minister ဖြစ်သူ Mr. Philip Dalidakis ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Government of Victoria ၏ Small Business, Innovation and Trade Minister ဖြစ်သူ Mr. Philip Dalidakis ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၁၅ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၂)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဩစတြေးလျနိုင်ငံ၊ ဗစ်တိုးရီးယားပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ၊ မြန်မာနိုင်ငံတွင် Technical Vocational Education and Training (TVET) အကူအညီပေးနိုင်ရေးကိစ္စရပ်များ၊အခြေခံ အဆောက်အဦ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဗစ်တိုးရီးယားပြည်နယ်မှ နို့ထွက်ပစ္စည်းနှင့် သစ်သီးဝလံများ မြန်မာနိုင်ငံသို့ တင်သွင်းနိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲများတွင် ဩစတြေးလျနိုင်ငံမှ ကုမ္ပဏီများပါဝင်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **MOC (IR)**

# မန္တလေးမြို့၌ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၅) အောင်မြင်စွာဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၅)ကို ဩဂုတ် ၁၈ ရက်က ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)တွင် ဖွင့်လှစ်ခဲ့ပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူရက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းကို နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုကဏ္ဍတွင် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာအကွယ်ပေးရေး စည်းမျဉ်းစည်းကမ်းများ၊ ပြည်တွင်းအခွန်ဥပဒေများ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများကို ဌာနဆိုင်ရာပညာရှင်များက ဆွေးနွေးပို့ချ ပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းအဖွဲ့ များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**(MDY TYK) (DOT)**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးသင်တန်းဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတများကို သိရှိနားလည်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်ရန်နှင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးဦးစီးဌာန (စတုတ္ထထပ် သင်တန်းခန်းမ)တွင် ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ချို က အဖွင့်အမှာစကားပြောကြားရာ၌ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် နားမလည်မရှင်းလင်းသည်များကို အထက်အရာရှိထံအဆင့်ဆင့်မေးမြန်း ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ မိမိထံသို့လည်း အချိန်မရွေး မေးမြန်း နိုင်ပါကြောင်း၊ မိမိမှလည်းမရှင်းလင်းပါက ရုံးချုပ်အကြီးအကဲထံ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ မိမိဌာန၏လုပ်ငန်းတာဝန်များအပြင် အဓိကမိတ်ဖက်ဌာနများ၏ ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကိုပါ သက်ဆိုင်ရာဌာနများက သင်တန်းတွင် ပို့ချမည်ဖြစ်ပါ၍ ဂရုတစိုက်လေ့လာမှတ်သားရန်လိုပါကြောင်း၊ ပြောင်းလဲနေသော စနစ်သစ်ကို သိရှိနားလည်အောင်လေ့လာပြီး ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို စဉ်ဆက်မပြတ်လေ့လာမှတ်သားရန်လိုပါကြောင်း ပြောကြား သွားပါ သည်။

အဆိုပါသင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့မှ သင်တန်းနည်းပြများက သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်၍ စားသုံးသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များကို သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ခရိုင်လေးခရိုင်ရှိ ဦးစီးမှူးရုံးများမှ ဝန်ထမ်း သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# ပင်လယ်ရေကြောင်းမှ ဈေးကွက်သစ်နိုင်ဂျီးရီးယားနဲ့ ဂမ်ဘီယာသို့ ဆန်ကွဲတင်ပို့

မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ် ၅ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၈၁၅ သန်း တန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန်တန်ချိန် ၂၁၀၆၀ ကို တင်ပို့ခဲ့ပါတယ်။မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၈၂တန်၊ ဧည့်မထဆန် ၁၄၇၉၄ တန်၊ ကောက်ညှင်းဆန်တန်ချိန် ၁၂၀၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၅၄ တန်နဲ့ ဧည့်မထဆန် ၃၈ တန်ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်၅၂၆၇တန် တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၇၅ တန်နဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန် ၄၃၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ၃၀၁၈၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၆၁၂၉ တန် လျော့ကျခဲ့ပါတယ်။

ယခုရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုညဒသမ ၆၁သန်း တန်ဖိုးရှိဆန်ကွဲ ၂၄၃၂တန်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၂၁၂၀ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၀၇ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် က ဆန်ကွဲ ၂၁၇၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲ ၂၅၃ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၆ ရက်မှ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၂၉သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် တန်ချိန် ၂၄၄၆၀ တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၂၆၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်၁၀၀၊ အာဖဂန်နစ္စတန် နိုင်ငံသို့ ဧည့်မဆန် တန်ချိန် ၃၅၀၀၊ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထ ဆန် ၃၃၇၅ တန်၊ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန် ၁၂၅ တန်နဲ့ ဧည့်မထဆန် တန်ချိန် ၁၀၀၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထ ဆန်တန်ချိန် ၂၅၂၀၊ တောင်အာဖရိကနိုင်ငံသို့ဧည့်မထဆန် ၃၇၅ တန်၊ အိုင်ဗရီကို့စ် နိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၄၉၀၊ယူအေအီးနိုင်ငံသို့ဧည့်မထဆန် ၁၂၅တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၃၀၀၊ အီးယူနိုင်ငံများသို့ ပေါင်းဆန် ၄၂၅ တန်နဲ့ ဧည့်မထဆန် ၁၃၆၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၅၅၅၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာဆန် ၁၁၀၉၆တန် လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၃၉ သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၂၇၈၈ တန် တင်ပို့ခဲ့ရာ တောင်အာဖရိကနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၂၅၀၊ စင်ကာပူနိုင်ငံသို့ ၄၈ တန်၊ မက်ဒါဂါစကား နိုင်ငံသို့ တန်ချိန် ၂၅၀၊ ဂျီဘူတီနိုင်ငံသို့ တန်ချိန် ၅၀၀၊ နိုင်ဂျီးရီးယားနိုင်ငံသို့ ၇၅တန်၊ နီဂျာနိုင်ငံသို့၂၇၅တန်၊ဂမ်ဘီယာနိုင်ငံသို့တန်ချိန်၂၅၀၊ အီးယူနိုင်ငံများသို့ တန်ချိန်၁၀၁၄၀တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၆၇၅တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၈၁၁၃ တန် ပိုမိုတင်ပို့နိုင်ကြောင်းသိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၆-၈-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၁၃ | ၄၀၆ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၇ | ၃၉၁ | ▽ | ၄၁၀ | ၄၀၀ | ▽ | ၄၁၀ | ၄၁၀ | □ | ၄၁၀ | ၃၉၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၉၁ | ၃၈၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၉၁ | ၃၈၅ | ▽ | ၃၉၀ | ၃၉၀ | □ | - | - | - | ၄၀၀ | ၃၈၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၈၅ | ၃၇၉ | ▽ | ၃၇၅ | ၃၇၅ | □ | ၃၆၅ | ၃၆၅ | □ | ၃၆၀ | ၃၄၀ | ▽ |
| ပေါင်းဆန် | ၄၁၉ | ၄၁၂ | ▽ | - | - | - | ၄၁၀ | ၄၁၀ | □ | ၄၃၀ | ၄၁၅ | ▽ |

*Source: thairiceexporters*

# ပြည်တွင်းမြို့ကြီးများ၏ (၁၈-၈-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၄၉၇၀ | □ | ၂၀၅၀၀ | □ | ၇၉၇၀ | □ | ၃၇၀၀၀ | □ |
| ပဲခူး | ၄၇၀၀ | □ | ၁၈၅၀၀ | □ | ၆၇၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၄၈၅၀ | □ | ၁၉၂၀၀ | □ | ၁၂၅၀၀ | □ | ၄၁၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၅၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၄၂၀ | □ | ၁၈၅၀၀ | □ | - | - | ၃၅၅၀၀ | □ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မကွေး | ၆၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၉၀၀၀ | □ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၂၅၀ | □ | ၃၂၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မြိတ် | ၃၀၀၀ | □ | ၂၂၅၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၉၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပြည် ဆန်၊စပါးဈေးမြင့်တက်လာပြီး အရောင်းအဝယ်ဖြစ်နေ

ပြည်ခရိုင်အတွင်း ဆန်စပါး ဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း မြင့်တက်လာတာတွေ့ရပါတယ်။ဆန်စက်များသို့ ဝင်ရောက်လာသော နွေစပါးများမှာ ယခင်နှစ်ထက် အရည်အသွေးကောင်းမွန်တာကြောင့် ယခင်မိုးစပါးဟောင်းအဆင့်နှင့်တန်းတူနီးပါး အရည်အသွေးကောင်းတာကို တွေ့ရပါတယ်။ ဒီတစ်ပတ်မှာ စပါးဈေး(ဧည့်မထအုပ်စု)ဟာ စက်တွေပေါ် ရောက်လာသမျှ စပါးအားလုံးကြိတ်ခွဲပြီး ဆန်အိတ်အားလုံး အရောင်းအဝယ်ဖြစ်နေတယ်လို့ပြည်မြို့နယ်အတွင်းရှိ ဆန်စက်များမှသိရပါတယ်။ပြည်(ပွဲရုံ)နဲ့ဒေသတွင်း ဈေးကွက်များမှ အရောင်းအဝယ်သမားများအဆွဲများပြီး နယ်တင်ပို့မှုများလည်း ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ဆန်ချောဖြစ်တဲ့ တောင်ပျံမွှေးစပါးနှင့် ဆန်ဈေးများပါဈေးကောင်းလာပါတယ်။ယခုဩဂုတ်လ တတိယပတ်စပါး၊ဆန်ဈေးနှုန်းပေါက်ဈေးတွေကတော့ တောင်ပျံမွှေးစပါး(၄၆)ပေါင်ကိုက် တင်း၁၀၀လျှင် စပါးသန့်ကျပ်၈၂၈၀၀၀ နှင့်ကျပ် ၈၀၉၆၀၀ဈေးတို့ ပေါက်လျက်ရှိပါတယ်။ဧည့်မထစပါးအုပ်စု ဈေးနှုန်းတွေကတော့ (အမာစ)ရတနာတိုးကျပ် ၄၆၉၂၀၀၊ ကရင်မ(မိုးဟောင်း)ကျပ်၁၅၂၀၀၀နှင့်(အပျော့) ဆင်းသွယ်၊ မှော်ဘီစပါးကျပ် ၄၈၇၆၀၀တို့ဖြစ်ကြောင်း သိရပါတယ်။

ဆန်တစ်တင်းခွဲတစ်အိတ်ကို ရတနာတိုး(နွေ)ကျပ် ၁၉၅၀၀၊ (မိုး)ကျပ် ၂၃၀၀၀၊ ဆင်းသွယ် (နွေ)ကျပ် ၂၀၀၀၀၊ (မိုး)ကျပ် ၂၄၀၀၀ တို့ဖြစ်ကြောင်းသိရပါတယ်။ ဧည့်မထစပါးဈေးက ကျပ် ၄၄၅၀၀၀ရှိပြီး ၂၅ မှတ် ဆန်ဈေးကတော့ ကျပ် ၁၇၀၀၀ သာရှိပြီး ဆန်ရော စပါးပါ အရောင်းအဝယ်ကောင်းတယ်လို့သိရပါတယ်။ ဧည့်မထဆန်များကိုပြည်မြို့ပေါ် ပွဲရုံများ၊ ရန်ကုန်၊ မန္တလေးသို့ တင်ပို့နေရပြီး ရန်ကုန်သို့ ဆင်းသွယ်ဆန်များ ပိုမိုတင်ပို့နေရကြောင်းလည်းသိရပါတယ်။ တောင်ပျံမွှေးဆန်ကိုတော့ ရန်ကုန်သို့ တစ်ပတ်အတွင်း အိတ် ၆၅၀ဆံ့ ကုန်တင် ကားနှစ်တွဲနဲ့ ပုံမှန်တင်ပို့လျက်ရှိနေပါတယ်။

**နီနီဝင်း**

# ဆန်ကြမ်းအဝယ်လိုက်လို့ ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောအရောင်းအဝယ်အေးပြီး ဆန်ကြမ်းအဝယ်လိုက်ကြောင်းသိရပါတယ်။ပြည်တွင်းစားသုံးတဲ့ ဆန်ချောက ဝယ်လိုအားနည်းတဲ့အတွက် လက်လီဆိုင်တွေမှာ အရောင်းအဝယ်ပါးနေကြောင်းနဲ့ ဈေးလည်းငြိမ်နေကြောင်းသိရပါတယ်။ ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ်၃၃၀၀၀၊ ပုသိမ်၊မြောင်းမြ ပေါ်ဆန်းဆန် ထိပ်စတစ်အိတ်ကျပ် ၃၆၅၀၀နဲ့ လတ်စ တစ်အိတ်ကျပ် ၃၄၀၀၀၊ နယ်စုံကျိုက်လတ် ပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၃၂၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်ကျပ် ၄၈၀၀၀ မှကျပ် ၄၉၀၀၀ ရှိပြီး ဆန်ချောအဝယ်ပါးကြောင်းနဲ့ ဈေးငြိမ်နေကြောင်းသိရပါတယ်။

ဆန်ကြမ်းကတော့ အဝင်ပုံမှန်ရှိပေမယ့် သဘော်တင်အတွက် အဝယ်များနေတာကြောင့် ဆန်ကြမ်းဈေးတက်ကြောင်းသိရပါတယ်။ ဧည့်မထဆန် ထိပ်စ တစ်အိတ်ကျပ် ၂၀၈၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၁၈၈၀၀ ၊ နွေသီးထပ်ရှယ်တစ်အိတ်ကျပ် ၂၀၆၀၀ မှ ကျပ် ၂၀၈၀၀ ၊ နွေဆန် ရက်၉၀တစ်အိတ်ကျပ် ၂၁၅၀၀ မှကျပ် ၂၂၀၀၀၊ အိတ်စပို့ ၂၅ မှတ်ဆန်တစ်အိတ်ကျပ် ၁၈၅၀၀ မှကျပ် ၁၈၈၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ်၃၀၀မှ၅၀၀အထိ ပတ်လည်ဈေးတက်တာ တွေ့ရပါတယ်။ မနောသုခတစ်အိတ်ကိုကျပ် ၂၄၀၀၀ မှကျပ် ၂၅၀၀၀ ရှိပြီး မနောသုခကတော့ ဈေးအတက်အကျမရှိဘဲ ဈေးငြိမ်နေကြောင်းသိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဆန်အဝင်ပုံမှန်ရှိပြီး ဆန်ဈေးအတက်အကျ သိပ်မရှိကြောင်းသိရပါတယ်။ ဧည့်မထ ၅ မှတ်မှော်ဘီတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၅ မှတ်စူပါတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၅ ယွမ် ၊ ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ်ယွမ် ၁၂၈ မှ ၁၂၉ ယွမ်၊ ဧည့်မထ ၁၀ မှတ် စူပါ တစ်အိတ်ယွမ် ၁၃၀ မှ ၁၃၁ ယွမ် ၊ မနောသုခ ၁၅မှတ် တစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်၊မနောသုခ ၂၅မှတ် တစ်အိတ် ၁၁၆ယွမ်မှ ၁၁၈ ယွမ် ၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၁ ယွမ်မှ ၁၂၃ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ်၁၁၈ ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၁၃ ယွမ်မှ ၁၁၅ ယွမ်ရှိပြီး ဈေးနှုန်းအတက်အကျမရှိကြောင်းနဲ့ ဆန်အဝင်ပုံမှန် ရှိနေသော်လည်း မိုးရွာပြီး မြစ်ရေတက်နေတဲ့အတွက် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ မြို့တွင်းနယ်စုံမှမူဆယ်သို့ဆန်အဝင်မှာ ဩဂုတ်လ ၉ ရက်မှ ၁၅ရက်အထိ ၁၅၇၁၈ တန်ရှိကြောင်း မူဆယ်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## ၁၄-၈-၂၀၁၇ မှ ၁၈-၈-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 845 | 44,413,182.671 |
| 2 | Form D | 55 | 2,448,116.936 |
| 3 | Form E | 83 | 44,722,471.500 |
| 4 | Korea GSP | 9 | 170,113.580 |
| 5 | Form AK | 94 | 7,077,277.736 |
| 6 | Form AJ | 12 | 917,760,.680 |
| 7 | Form AI | 128 | 7,218,960.570 |
| 8 | Form AANZ | 10 | 524,634.440 |
| 9 | Form DFTP | - | - |
| Grand Total | | 1236 | 107,492,518.113 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၈-၈-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၅၃ | ၁၃၂၄ | ▲ | ၁၃၀၀ | ၁၄၁၇ | ▲ | ၁၂၆၅ | ၁၃၆၅ | ▲ | ၁၂၁၅ | ၁၃၈၅ | ▲ |
| ပဲစင်းငုံ | ၈၃၀ | ၈၃၃ | ▲ | ၈၃၃ | - | - | ၈၁၅ | ၈၁၀ | ▼ | ၈၇၅ | ၇၇၅ | ▼ |
| ပဲတီစိမ်း | ၁၈၀၀ | ၁၇၀၀ | ▼ | ၁၉၈၃ | ၁၈၁၃ | ▼ | - | - | - | ၁၅၇၀ | ၁၄၂၀ | ▼ |
| ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၆၀၀ | ▼ | ၂၂၁၀ | ၂၃၂၃ | ▲ | ၂၂၃၇ | ၂၃၀၅ | ▲ | ၂၁၀၅ | ၂၁၈၅ | ▲ |
| ပဲလွန်းဖြူ | ၁၇၅၀ | ၁၇၅၀ | ■ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၇၃၅ | ၁၉၃၀ | ■ | ၂၄၀၀ | ၂၄၀၀ | ■ | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၈-၈-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု | ၁၁/၈ | ၁၈/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၅၇၅ | ၆၁၀ | ▲ | ၆၉၀ | ၆၅၅ | ▼ | ၆၂၃ | ၆၅၅ | ▲ |
| ပဲစင်းငုံ | ၄၄၀ | ၃၉၀ | ▼ | ၆၁၉ | ၆၆၃ | ▲ | ၆၅၅ | ၆၇၉ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၆၄ | ၇၄၈ | ▼ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၈၄၉ | ၈၉၃ | ▲ | ၈၅၃ | ၈၈၉ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၅-၈-၁၇)ထိ | ယခုတစ်ပတ် (၁၂-၈-၁၇)ထိ | (၁-၁-၁၇) မှ (၁၂-၈-၁၇) ထိ |
| မတ်ပဲ | ၃၂၅၇၅၃ | ၁၀၂၁၈ | ၃၃၅၉၇၁ |
| ပဲတီစိမ်း | ၉၈၇၃၁ | ၅၇၃ | ၉၉၃၀၄ |
| ပဲစင်းငုံ | ၁၈၂၅၆၇ | ၂၅၃၇ | ၁၈၅၁၀၄ |
| ကုလားပဲ | ၃၃၈၈၇ | ၁၄၇ | ၃၄၀၃၄ |
| ပဲလွန်းဖြူ | ၁၂၂၄၇ | ၈၈ | ၁၂၃၃၅ |
| မြေထောက်ပဲ | ၈၅၈၆ | ၂ | ၈၅၈၈ |

## ပြည်ပဲပုပ်သီးနှံဈေးယခုနှစ်ဈေးကောင်းရ

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်မှုများခဲ့တဲ့သီးနှံများအနက် ပဲပုပ်သီးနှံဟာ ဈေးငြိမ်လျက်အရောင်းအဝယ်ဖြစ်နေခဲ့တာကို တွေ့ရပါတယ်။ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် လဆန်းရက်က ဈေးအနည်းငယ်ပိုရလာပြီး ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးအမြင့်နဲ့ ဈေးဆက် ငြိမ် နေခဲ့ပါတယ်။ ပဲပုပ်သီးနှံဟာ ယခင်နှစ်က တစ်တင်းကျပ် ၂၂၀၀၀ ဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ဘဲ ဈေးငြိမ်ခဲ့ပေမယ့် ယခုနှစ်မှာ ပဲပုပ်သီးနှံဈေးဟာ ဈေးနှုန်းတက်ရိပ်ရှိတဲ့အတွက် ကျပ်သုံးသောင်းနီးပါးအထိ ရရှိလာခဲ့ပါတယ်။ ယခုနှစ်အတွင်း ပြည်ပဝယ်လက် ပဲစင်းငုံ၊ မတ်ပဲသီးနှံများဈေးအေးပေမယ့်ပဲပုပ်သီးနှံမှာဈေးကောင်းခဲ့တယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ပဲဈေး တက်ရိပ်ပြလာ

ပြည် ပဲဈေးကွက်အတွင်း ယခုနှစ်မှာ လက်လီပဲများ ဈေးကောင်းတယ်လို့ဆိုရမှာဖြစ်ပြီး ဘိုကိတ်ပဲသီးနှံသည်လည်း ယခုအချိန်ကာလတွင် ပဲလက်ကျန်အချို့သာရှိလို့ လက်လီရောင်းဝယ်လျက်ရှိကာ တစ်ရက်အိတ် ၂၀ ကျော်မှ အိတ် ၅၀ကျော်ခန့်အထိ ရောင်းချခဲ့တာတွေ့ရပါတယ်။ ပဲဈေးမှာ တဖြည်းဖြည်းမြင့်တက်လာခဲ့တာကြောင့် တစ်တင်းကျပ် ၂၇၀၀၀ခန့်ရရှိခဲ့ကာ လဆန်းရက်က တစ်တင်းကျပ် ၂၄၀၀၀ သာရရှိလို့ယခုတစ်ပတ်တွင် တစ်တင်းကျပ် သုံးထောင်ခန့်ဈေးပိုရလာခဲ့ပါတယ်။ ယခင်နှစ် ကာလတူက တစ်တင်းလျှင် ကျပ် ၂၄၀၀၀နဲ့ တစ်လလုံး ဈေးငြိမ်နေလို့ယခုနှစ်မှာတော့ ယခင်နှစ်ရဲ့ ဈေးထက်ဈေးအနည်းငယ်ပိုရလာပြီး တက်ရိပ်ပြလာတယ်လို့ဆိုရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

## ဩဂုတ်လ တတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက် မတ်ပဲဈေးပြန်လည်မြင့်တက်

ဩဂုတ်လတတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်၌ မတ်ပဲပြန်လည်ဈေးမြင့်တက်လာပြီး ပဲစင်းငုံကတော့ အကျဈေးနဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိကြောင်းသိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်ပြန်လည်ကျဆင်းလာတာတွေ့ရပါတယ်။ ကုန်စည်ဒိုင်သို့ ပဲဝင်ရောက်မှုမှာလည်း နည်းလာပြီး အရောင်း အဝယ်ဖြစ်မှုမှာလည်းနည်းလာကြောင်းသိရပါတယ်။ ပဲစင်းငုံသီးနှံမှာ ရာသီကုန်ချိန်ဖြစ်ကာ လှောင်လက်သမားများလက်ထဲ တွင်သာရှိ၍တောင်သူအချို့ရဲ့လက်ထဲတွင်မရှိသလောက် နည်းသွားကြောင်းသိရပါတယ်။ နေ့စဉ်ပုံမှန်အဝယ်ရှိပြီး ယခုတစ်ပတ်ပဲစင်းငုံတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ်၁၆၃၀၀ နှုန်းပေါက်လျက် အိတ်၁၀၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မတ်ပဲသီးနှံမှာမူ ယခင်တစ်ပတ်က တစ်တင်းကျပ် ၂၅၃၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၂၇၃၀၀ နှုန်းပေါက်ကာ အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်ပေါက်ဈေးထက်ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းသီးနှံဈေးကွက်မှာ ဈေးနှုန်းအနည်းငယ်ကျဆင်းလာကာ အရောင်းအဝယ်ကတော့ မန္တလေးဝယ်လက်ကဝယ်ယူလျက်ရှိလို့ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပေါက်ဈေးမှာ အရည်အသွေးအလိုက်တစ်တင်းကျပ် ၂၅၀၀၀/၃၀၀၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ပေါက်ဈေးထက်ဈေးပြန်နိမ့်လာကြောင်း သိရပါတယ်။

ကုလားပဲမျိုးစုံဈေးကတော့ ပြည်ပဝယ်လက်ပဲများထက်ဈေးမြင့်နေပြီး ယခုတစ်ပတ် ကုလားပဲမျိုးစုံပေါက်ဈေးမှာ ယခင်တစ်ပတ်ထက်ဈေးမြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံတစ်တင်းပေါက်ဈေးနှုန်းမှာကုလားပဲဖြူလုံးကြီး V2ကျပ် ၄၃၈၀၀၊ ထိုင်ဝမ်ကျပ် ၄၁၅၀၀၊ 929 ကျပ် ၄၁၃၀၀ နှုန်းပေါက်ပြီး နေ့စဉ် သုံးမျိုးပေါင်းအိတ် ၈၀၀/ ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဖြူလုံးကြီးကိုရန်ကုန်ဝယ်လက်က အဝယ်များပြီး 929 နဲ့ ထိုင်ဝမ်ကို မုံရွာမြို့နယ် ကြာဆန်စက်၊ ပဲခွဲစက်များနဲ့ မန္တလေးဝယ်လက်ကဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။

ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ CPပြောင်းစတဲ့သီးနှံများလည်း ဈေးနှုန်းအတက်/အကျအနည်းငယ်ရှိပြီး နေ့စဉ်ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာကျပ်၅၄၀၀၀/ ၅၈၀၀၀နဲ့ ပဲကြော်ဖိုသမားများက ဝယ်ယူလျက်ရှိလို့ နေ့စဉ်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး စွန်တာနီပဲတစ်တင်း ကျပ် ၂၇၀၀၀၊ ပဲနီလုံးကြားတစ်တင်း ကျပ် ၃၁၀၀၀၊ ထောပတ်ပဲ တစ်တင်း ကျပ် ၃၀၀၀၀၊ မြေထောက်ပဲတစ်တင်း ကျပ်၃၂၅၀၀၊ ဂျုံတစ်တင်း ကျပ် ၂၀၀၀၀၊ CPပြောင်းတစ်တင်း ကျပ်၉၀၀၀ နှုန်း အသီးသီးပေါက်လျက်ရှိကြောင်း သိရပါတယ်။ **ကြည်ကြည်နွယ်**

## ဩဂုတ်လ တတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့်ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံနီဈေးနှုန်းမှာ အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၇၀၀၀ဖြင့် တင်း ၂၀၀ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဈေးနှုန်းများမှာ အနည်းငယ်မြင့်တက်လျက်ရှိပြီး ကုလားပဲဖြူ V2 တစ်တင်းလျှင်ကျပ် ၄၂၅၀၀ နှင့် ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၃၉၅၀၀ဈေးနှင့် ကုလားပဲဖြူလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ဈေးများဖြင့် တစ်ရက်လျှင် တင်း၅၀နှင့် ၁၀၀ ကြားတွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မြစ်ခြေဒေသထွက် ပဲယင်းမှာ တစ်တင်းလျှင်ကျပ် ၁၅၅၀၀ဖြင့် တစ်ရက်လျှင် တင်း ၃၀ ကျော်ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်းအသစ် တစ်တင်းလျှင် ကျပ် ၃၃၅၀၀ ဖြင့် တစ်နေ့လျှင် တင်း၅၀ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပခုက္ကူဒေသထွက် နှမ်းညိုအသစ် တစ်တင်းလျှင်ကျပ် ၂၈၅၀၀၊နှမ်းဝါ(ပြင်)တစ်တင်းလျှင်ကျပ် ၃၀၅၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၃၅၅၀၀ နှင့် နှမ်းနက်(စမုံ) တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဈေးနှုန်းဖြင့် တစ်ရက်လျှင် တင်း ၅၀ ကျော် ကုန်စည်ဒိုင်တွင် အရောင်း အဝယ် ဖြစ်လျက်ရှိပါတယ်။ ပဲဇီးကွက်က ကျပ် ၃၀၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ဒေသထွက်ကုန်ဖြစ်သည့် မြေပဲဆီ(ဆုံဆီ) တစ်ပိဿာဈေးနှုန်းမှာ လက်ကားဈေး ကျပ် ၅၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ထိပ်စကျပ်၁၅၀၀၊ အလတ်စကျပ် ၁၄၀၀ ၊ အနိမ့်ကျပ် ၁၃၀၀ ဈေးဖြင့် တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀၀ မှ ၂၅၀၀၀ကြား အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ပြည်ပဝယ်လက်ပဲများထက် ပြည်ထောပတ်ပဲ ဈေးပိုရ

ပြည်ပဲဈေးကွက်အတွင်း လက်လီအရောင်းအဝယ်များတဲ့ပဲများအနက် ထောပတ်ပဲသီးနှံဟာလည်း ဈေးကောင်းရတဲ့ပဲအမျိုးအစားထဲမှာ ပါဝင်နေခဲ့တာကိုတွေ့ရပါတယ်။ တစ်တင်းကို ကျပ်သုံးသောင်းအထက်ရလျက်ရှိပြီး မတ်ပဲ၊ ပဲစင်းငုံ ပြည်ပဝယ်လက်ပဲများထက်ပင် ဈေးပိုရနေခဲ့ပါတယ်။ ယခင်နှစ်က ပဲဈေးကွက်အတွင်းမှာ ထောပတ်ပဲဈေး အနိမ့်ဆုံးရခဲ့လို့ တစ်တင်းကျပ် ၁၄၅၀၀ခန့်သာရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးဟာဆိုလျှင် ယခင်နှစ်ရဲ့ဈေးထက် နှစ်ဆခန့် မြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခုအချိန်တွင် ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ် ရှိမှုအပေါ် လက်လီဝယ်ယူသူများကြောင့် နေ့စဉ်အိတ်အနည်းငယ်ခန့် ရောင်းချခဲ့ ရကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးအနည်းငယ်ပြန်မြင့်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ပေါက်ဈေးနှုန်းမှာ တစ်လနီးပါး လောက်ဈေးငြိမ်လာရာမှ ဈေးအနည်းပြန်လှုပ်လာပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်မြေပဲဆန်အိတ် ၁၀၀၀ခန့်ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန်တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ(လုံးဆန်ဖြူ)၂၄၂၅ကျပ်နဲ့အိတ်၅၀၀၊(လုံးဆန်နီကျပ် ၂၃၀၀ နဲ့အိတ်၃၀၀၊ (ဆီဆန်) ကျပ် ၂၁၀၀နဲ့ အိတ် ၂၀၀ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကာ အဝင်ရှိသလောက်တော့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန်တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃၅၀၊ (လုံးဆန်နီ)ကျပ် ၂၂၅၀၊ (ဆီဆန်) ကျပ် ၂၀၅၀နှုန်းပေါက်လို့ ယခုတစ်ပတ်မှာ ဈေးအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ မြေပဲလုံးဆန်ဖြူကိုရန်ကုန် ဝယ်လက်က ဝယ်ယူလျက်လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်းဆီစက်သမားများနှင့် ဘုတလင်၊ခင်မွန် ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ်**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၇ .၈ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT. CHAO ANOMA | P.Oil (In Bulk) တန်၄၃၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - CAPE FLORES | ကုန်သေတ္တာ ၃၈၃ ကုန်တင်<br>ကုန်သေတ္တာ ၅၀၂ ကုန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - WEST SCENT | ကုန်သေတ္တာ ၂၆၀ ကုန်တင်<br>ကုန်သေတ္တာ ၄၁၄ ကုန်ချဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၁) | - GA ZI | ဆန်တန်၂၀၀၀၀ ကုန်တင်ဆဲ |
| အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၃) | - BANG PAKAEW | သကြားတန် ၆၅၂၁ ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၁) | - MAJESTY | ဆန် ၂၅၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၂) | - AGIA DOXA | ဆန် ၂၆၂၅၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၄) | - LEO STAR -1 | ဆန် ၂၀၅၀၀တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - AT 27 | ဆန် ၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တစ်ထောင်ဆိပ်ကမ်း (၃) | - DAWEI | ကုန်သေတ္တာ ၁၈၃ ကုန်တင်ဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - LUCKY SOURCE | Steel Product & Fertilizar<br>၂၉၇၉၀ ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - AU CO -10 | CONCRETE PILES<br>၄၉၃၂ မက်ထရစ်တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| THEO TOKOS | ဆန် ၂၀၀၀၀ တန် ကုန်တင်ရန် | SINGAPORE | ၁၈.၈.၂၀၁၇ |
| KORALIA | Cement (In Bulk)<br>၈၀၀၀ တန်ကုန်ချရန် | | ၁၈.၈.၂၀၁၇ |
| HAN HUI | G/C ၁၂၅၈ မက်ထရစ်တန်<br>ကုန်ချရန် | BELGIUM | ၂၀.၈.၂၀၁၇ |
| BBC RASARIO | STATE TURBINE<br>101 ကုန်ချရန် | GERMANY | ၂၂.၈.၂၀၁၇ |
| CONTI LAPIS LAZULT | Steel & Fertilizer<br>၂၉၀၀၀ကုန်ချရန် | CHINA | ၂၃.၈.၂၀၁၇ |
| DREAM DIAMOND | Units Vehicle (RO/RO)<br>၁၇၇၁ တန် ကုန်ချရန် | JAPAN | ၂၄.၈.၂၀၁၇ |
| STAR MASAYA | Deformed Bar<br>10000 ကုန်ချရန် | ANGOLA | ၂၅.၈.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၈.၂၀၁၇ |
| SAN GIOR GIO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၈.၂၀၁၇ |
| EVER ABLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၈.၈.၂၀၁၇ |
| PINYASTAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၈.၈.၂၀၁၇ |
| PATHEIN STAR | SINGAPORE | အလုံ/သီလဝါဆိပ်ကမ်း | ၁၉.၈.၂၀၁၇ |
| MAX CRUSADER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၈.၂၀၁၇ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၈.၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၈.၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှုဆိပ်ကမ်း/သီလဝါဆိပ်ကမ်း | ၂၀.၈.၂၀၁၇ |
| NESHAT | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၁.၈.၂၀၁၇ |
| KOTA RATNA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၂.၈.၂၀၁၇ |
| MAERSK WARSAW | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၂.၈.၂၀၁၇ |
| BAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၃.၈.၂၀၁၇ |
| THAN LWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄.၈.၂၀၁၇ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄.၈.၂၀၁၇ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၄.၈.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN PREMIER | MOGAS (92 RON) | - | ၁၈.၈.၂၀၁၇ |
| MT.BLUE OCEAN -02 | P.Oil (In Bulk) | INDONESIA | ၁၈.၈.၂၀၁၇ |
| MT.YA LONG WAN | ASPHALT | INDIA | ၁၈.၈.၂၀၁၇ |
| MT.CAPE DURANGO | MOGAS (92 RON) | SINGAPORE | ၁၈.၈.၂၀၁၇ |
| MT.STORHAL MEN | MOGAS (92 RON) | SINGAPORE | ၁၉.၈.၂၀၁၇ |
| MT.CORVUS | P.Oil (In Bulk) | INDONESIA | ၂၀.၈.၂၀၁၇ |
| MT.ES APIRE | DIESEL+MOGAS (92 RON) | SINGAPORE | ၂၀.၈.၂၀၁၇ |
| MT.GLORY STAR | DIESEL | SINGAPORE | ၂၁.၈.၂၀၁၇ |
| MT.PRIMROSE | P.Oil (In Bulk) | INDONESIA | ၂၂.၈.၂၀၁၇ |
| MT.SOUTHERN PEC-12 | DIESEL | SINGAPORE | ၂၂.၈.၂၀၁၇ |

## ဩဂုတ်လ တတိယပတ်အတွင်း ရေစကြိုကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ် ၂၂၅၀၊ ကျွန်းဆန်မှာ တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊SI (မြေပဲဖြူလုံးဆန်) ကျပ် ၂၃၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြို ဒေသထွက် မတ်ပဲတစ်တင်းလျှင် အနိမ့်ဈေး ကျပ် ၂၂၀၀၀ နှင့် အမြင့်ဈေးကျပ် ၂၄၀၀၀၊ စွန်တာပြာတစ်တင်းလျှင် ကျပ် ၂၇၅၀၀၊ ပဲဇီးကွက်ကျပ် ၃၀၀၀၀၊ ပဲတီစိမ်း (ပဲနောက်) တစ်တင်းလျှင် အနိမ့်ဈေးကျပ် ၃၀၀၀၀၊ အမြင့်ဈေးကျပ် ၃၉၀၀၀၊ ရေစကြိုဒေသထွက် ပဲပုပ်မှာတစ်တင်းလျှင် အမြင့်ဈေးကျပ် ၃၁၀၀၀၊ အနိမ့်ဈေးကျပ် ၃၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ရေစကြိုကုန်စည်ဒိုင်တွင် တိရစ္ဆာန်အစားအစာဖြစ်သော ပြောင်းဖူးစေ့(CP) တစ်တင်းလျှင် အနိမ့်ဈေးကျပ် ၈၀၀၀၊ အမြင့်ဈေးကျပ် ၈၅၀၀ ဖြင့် တင်း၅၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း တွေ့ရသည်။ ကုလားပဲ HL တစ်တင်းလျှင် ၃၉၅၀၀၊ 929 တစ်တင်းလျှင်ကျပ် ၄၀၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၄၁၅၀၀ ဈေးဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ နှမ်းဖြူသန့် အနိမ့်ဈေး ကျပ် ၃၀၀၀၀၊အမြင့်ဈေးကျပ် ၃၄၀၀၀ ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင် ပဲဈေးကွက်တွင် ကုလားပဲဈေး ဆက်လက်မြင့်တက်ပြီး ပဲတီစိမ်းဈေးကျဆင်း

မုံရွာကုန်စည်ဒိုင်ဈေးကွက်၏ ဩဂုတ်လတတိယပတ် ပဲမျိုးစုံဈေးကွက်မှာ ပြည်ပပို့ကုန်ဖြစ်သည့် ကုလားပဲနှင့်မတ်ပဲ ဈေးဆက်လက်မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ကျပ် ၄၂၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင်ကျပ် ၄၄၅၀၀၊ ယခင်တစ်ပတ်က ထိုင်ဝမ်တစ်တင်းလျှင် ကျပ် ၄၀၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင်ကျပ် ၄၁၅၀၀၊ ယခင်တစ်ပတ်က 929 တစ်တင်းလျှင်ကျပ် ၄၀၅၀၀ ရှိရာမှ ယခုတစ်ပတ်တွင်ကျပ် ၄၁၃၀၀ဖြင့် ဈေးဆက်လက်မြင့်တက်လျက်ရှိကြောင်း ကုန်စည်ဒိုင်ရပ်ကွက်မှသိရှိရပါတယ်။

ယခုတစ်ပတ်ရဲ့ ငုံနီဈေးကွက်မှာတော့ တစ်တင်းလျှင် အမြင့်ဆုံးဈေးကျပ်၁၆၅၀၀၀န်းကျင်ပေါက်ဈေးရှိပြီး တစ်ရက်လျှင်အိတ် ၃၀၀ မှ ၅၀၀ ကြား အရောင်းအဝယ်ဖြစ်ပြီး ဈေးဆက်လက်ကျဆင်းလျက်ရှိကြောင်း ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

ယခုတစ်ပတ် စိမ်းကြီးဈေးကွက်မှာတော့ ပြည်ပဝယ်လက်ပါးသောကြောင့် တစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရှိရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ယခင်တစ်ပတ်က တစ်တင်းလျှင် ကျပ် ၂၅၃၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၂၇၅၀၀ဖြင့်တစ်ရက်လျှင် အိတ် ၅၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးမြင့်တက်လျက်ရှိကြောင်း ကုန်သည်ရပ်ကွက်မှသိရှိရပါတယ်။

**လင်းလင်းသန့်**

## မြေပဲဆန် အဟောင်းဈေးမြင့်ပြီး မြေပဲဆန်အသစ်များ ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိ

ပြည်ဈေးကွက်တွင် မိုးမြေပဲ အသစ်များကို ပြည်၊ အောင်လံကြားရှိ ကျေးရွာများမှ တစ်နေ့လျှင် အိတ် ၁၀၀ ခန့်သာ ဝင်ရောက်နေသေးတာကြောင့် ဝင်ရောက်မှုနည်းသေးတာတွေ့ရပါတယ်။မိုးမြေပဲအသစ်များကို ဆီစက်သမားများက ဝယ်ယူပြီးကြိတ်ခြင်း၊ သန့်စင်ပြီးသား ရွှေဆန်များကို ပဲလှော်ဖိုသမားများက ဝယ်ယူသဖြင့် ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တာတွေ့ရပါတယ်။ ယခင်နှစ် အခုလိုအချိန်တွင် မြေပဲဆန်(ဆီဆန်)ဈေးမှာ တစ်ပိဿာကျပ်၁၅၀၀ ရှိပြီး လုံးဆန်ဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ထိရှိခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန် (အသစ်) တစ်ပိဿာလျှင်ကျပ် ၁၉၀၀၊ ဆီဆန်(အဟောင်း)တစ်ပိဿာလျှင် ကျပ် ၂၂၀၀ ထိ ရှိနေပြီး လုံးဆန်(အသစ်)တစ်ပိဿာလျှင် ကျပ် ၂၃၅၀ ၊ (အဟောင်း)တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ထိရှိနေသဖြင့် အဟောင်းဈေးမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း**

## မအူပင်မြို့နယ်တွင် ရက်(၉၀)မိုးစပါး စတင်ရိတ်သိမ်း

မအူပင်မြို့နယ်တွင် ၂၀၁၇ ခုနှစ် မိုးစပါးရာသီ စိုက်ဧက ၁၄၁၂၉၃ စိုက်ပျိုးခဲ့ပြီး ပဲခူးစုကျေးရွာ၊ လက်ပံချောင်းကျေးရွာ၊ တရော်ဒေါင့်ကျေးရွာ၊ ကမာချိန်ကျေးရွာများတွင် စိုက်ပျိုးလျက်ရှိသော ရက်(၉၀)မိုးဆင်းသုခ စပါးများကို ဇူလိုင်လ ဒုတိယပတ်တွင် စတင်ရိတ်သိမ်းလျက်ရှိရာ ဩဂုတ်လ ၁၂ ရက်ထိ မိုးစပါးဧက ၁၅၀၀-၂၀၀၀ ခန့် ရိတ်သိမ်းပြီးကြောင်း တောင်သူဦးမြင့်ဝေ၊ ဦးဝတုတ်၊ ဦးမျိုး၊ ဦးမြင့်စိုးတို့ထံမှ သိရသည်။

စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အစို ၅၅-၆၀ တင်းနှင့် ၆၀-၆၅ တင်း ဝန်းကျင်ရှိပြီး တောင်သူရောင်းဈေးမှာပေါင် ၁၀၀ ၊ တင်း ၁၀၀ ကိုကျပ် ၄၆၀၀၀၀ ဈေးနှုန်းဖြစ်ပြီး မြို့ပေါ်အရောက် သယ်ယူစရိတ်ပါ ကျပ် ၄၈၀၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ လက်ရှိမအူပင်မြို့နယ်မှ ထွက်ရှိသည့် ရက်(၉၀) ဆင်းသုခစပါးများကို ညောင်တုန်းမြို့နယ် Good Brother ဆန်စက်၊ ဧရာဝတီ ဆန်စက်၊ စေတနာဆန်စက်နှင့် ဝါးခယ်မ၊ အိမ်မဲမြို့နယ်များသို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ရက် (၉၀) စပါး စိုက်ပျိုးသော တောင်သူများအနေဖြင့်



တစ်ဧကလျှင် အကျိုးအမြတ် သိန်း၈ဏန်းကျော် ရရှိနေကြောင်း၊ ယခုကဲ့သို့မိုး ကောက်စောစပါးပေါ်သည့် တောင်သူများမှာ တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်သည့်အတွက် တောင်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးလာမည်ဖြစ်ကြောင်းစားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးအောင်လွင်က ပြောပါသည်။

**အောင်လွင် (ညောင်တုန်း)**

## ကြက်သွန်

### ကုန်သွယ်ရေးစခန်းများမှ ကြက်သွန်နီ၊ကြက်သွန်ဖြူတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဩဂုတ်၅ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ လေးတန်ကိုတရုတ်နိုင်ငံသို့လည်းကောင်း၊မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၂၁၇၀ တန်ဖိုးရှိကြက်သွန်နီ တန် ၃၀ကို ထိုင်းနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့သလို တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၉၄၀၀၀ တန်ဖိုးရှိကြက်သွန် ဖြူတန် ၂၀၀ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ကြက်သွန်နီ ၁၆ တန်၊ တာချီလိတ်မှ ကြက်သွန်ဖြူ တန် ၁၅၀ နဲ့ တမူးမှ ကြက်သွန်ဖြူ သုံးတန်ကို အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ်နဲ့ မြဝတီမှာကြက်သွန်နီ တစ်တန်ကို လိုင်စင်ဈေး (ငွေလဲနှုန်းအရ) အမေရိကန်ဒေါ်လာ၇၀၀ကျော်ရှိပြီး တာချီလိတ်မှာ ကြက်သွန်ဖြူ တစ်တန်ကို တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၄၇၀ရှိတယ်လို့သိရပါတယ်။ **မော်မော်အောင်**

### ဩဂုတ်လတတိယပတ် မုံရွာကြက်သွန်နီဈေးကွက် အရောင်းအဝယ်အေး

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီဈေးကွက်မှာယခင်တစ်ပတ်ပေါက်ဈေးနှုန်းအတိုင်းဈေးအမြင့်နဲ့ဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်မှုမှာလည်းအေးနေကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ နေ့စဉ်ပွဲရုံသို့ ကြက်သွန်နီပိဿာ ၁၀၀၀၀ ကျော်အဝင်ရှိပြီး မုံရွာပွဲရုံများမှရန်ကုန်၊ မန္တလေးမြို့များသို့ အဓိကတင်ပို့ရောင်းဝယ်လျက်ရှိပြီး လက်လီ ဝယ်လက်သာရှိပြီး ယခုတစ်ပတ် သိသိသာသာ အေးနေကြောင်းသိရပါတယ်။ ယခုတစ်ပတ်ပွဲရုံများတွင် ကြက်သွန်နီ တစ်ပိဿာလက်ကား ပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ်၁၆၀၀၊(လတ်)ကျပ် ၁၅၀၀၊(သေး)ကျပ် ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ် ၁၈၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ်၁၅၀၀နှုန်းနဲ့ ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၆၀၀၊ (လတ်) ကျပ် ၁၅၀၀၊(သေး) ကျပ် ၁၄၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၈၀၀၊ (လတ်) ကျပ် ၁၆၀၀၊ (သေး) ကျပ်၁၅၀၀ နှုန်းပေါက်လို့ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူဈေးကွက်ကတော့ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။နေ့စဉ်ပွဲရုံသို့ ကြက်သွန်ဖြူပိဿာ ၁၀၀၀ခန့် အဝင်ရှိပြီး ပေါက်ဈေးနှုန်းကတော့ အနည်းငယ်သာအတက်အကျရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူတစ်ပိဿာပွဲရုံပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀ နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ)ကျပ် ၄၀၀၀၊(ရှမ်း)ကျပ်၃၀၀၀၊(ကြူကုတ်) ကျပ် ၂၅၀၀နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကြက်သွန်နီပွဲရုံမှသိရပါတယ်။ **ကြည်ကြည်နွယ်**



### ပြည်ကြက်သွန်ဖြူ ယခင်နှစ်ထက် အဝင်ပိုများပြီး ဈေးကျလျက်ရှိ

ယခုတစ်ပတ် ပြည်ပွဲရုံများသို့ ကြက်သွန်ဖြူအိတ်တွေ ဆက်တိုက် ဝင်ရောက်နေပြီး ယခင်နှစ်ကာလတူထက် ဈေးကျနေတာတွေ့ရပါတယ်။ ယခင်နှစ် ကာလတူက ကြက်သွန်ဖြူဈေးဟာ တစ်ပိဿာပေါ်တွင် ယခုပေါက်ဈေးထက်ကျပ် ၁၇၀၀ ပိုများခဲ့ပါတယ်။ တစ်လထက်တစ်လဈေးတွေထပ်ထပ် တက်လာခဲ့တာလည်းတွေ့ရပါတယ်။ ဒါပေမယ့် ပြည် စားဖိုဆောင်အရောင်းအဝယ်အဖွဲ့မှ ဈေးနှုန်းကိုထိန်းထားလျက်ရှိကြောင်းလည်းသိရပါတယ်။ ယခုတစ်ပတ် ပွဲရုံပေါက်ဈေးမှာ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ရှမ်းစကျပ် ၃၅၀၀၊ ကြူကုတ်ကျပ် ၂၁၀၀ဖြစ်ပြီး ဒေသတွင်း လက်လီဈေးများတွင် ရှမ်းစကျပ် ၃၈၀၀မှ ကျပ် ၄၀၀၀ ဖြင့် ရောင်းချနေတာတွေ့ရပါတယ်။ အဝင်များပြီး အရောင်းအဝယ်အနည်းငယ်အေးလာတယ်လို့သိရပါတယ်။ကြူကုတ်စမှာ ကျပ် ၂၅၀၀ဈေးသာရှိကြောင်း သိရပါတယ်။ တစ်ပတ်အတွင်း ပွဲရုံများတွင် အိတ် ၂၃၀ကျော်သာအရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ **နီနီဝင်း**

## ချင်း

### ပင်လယ်ရေကြောင်းလမ်းမှ ချင်းတန်ချိန်၂၆၀ကျော်တင်ပို့

ဩဂုတ်လ ၆ ရက်မှ ၁၂ရက်အထိ သီတင်းပတ်အတွင်း ချင်း၂၆၅တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၄၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်း တန်ချိန် ၁၈၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှအမေရိကန်ဒေါ်လာ ၅၆၉၇၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း**(DOT)

### ကုန်သွယ်ရေးစခန်းစုံမှ ချင်းစိုနဲ့ချင်းခြောက်တင်ပို့

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၇၂၉၀ တန်ဖိုးရှိ ချင်းခြောက် ၁၄ တန်ကို တရုတ်နိုင်ငံသို့လည်းကောင်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၁၄၉၇၄ တန်ဖိုးရှိ ချင်းခြောက် ၁၂တန်ကျော်ကို ထိုင်းနိုင်ငံသို့ လည်းကောင်း တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က မြဝတီမှ ချင်းတင်ပို့မှု မရှိဘဲမူဆယ်မှ ချင်းခြောက် ၁၆ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းများမှလည်း အမေရိကန်ဒေါ်လာ ၇၀၂၀၉ တန်ဖိုးရှိ ချင်းစို၁၅၄တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့ခဲ့ရာ စစ်တွေမှ၆၈တန်နဲ့ မောင်တောမှ ၈၆တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ ၇၅ တန်နဲ့ မောင်တောမှ ၄၇ တန် စုစုပေါင်း ၁၂၂တန်တင်ပို့ခဲ့လို့ ၃၂ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက်တစ်တန်ရဲ့ မိမိဘက် ပေါက်ဈေးမှာ (ငွေလဲနှုန်းအရ) ၁၆၇၃၄၂၅ ကျပ်ခန့်ရှိပြီး စစ်တွေကုန်သွယ်ရေးစခန်းမှာ ချင်းစိုတစ်တန်ကို ၁၀၃၆၃၅၈ ကျပ် ဝန်းကျင်ရှိကြောင်း၊ ကာလတူ ၂၀၁၆ ဩဂုတ်လဆန်းပိုင်းက မူဆယ်မှာ ချင်းခြောက်တစ်တန်ဈေး ကျပ် ၁၈၄၈၁၄၀၊ စစ်တွေမှာချင်းစိုတစ်တန်ဈေးကျပ် ၉၀၂၁၂၀ရှိကြောင်းသိရပါတယ်။ **မော်မော်အောင်**

## မန်ကျည်း

### ဒီတစ်ပတ် မန်ကျည်းပိုမိုတင်ပို့

ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၂၂တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံသို့ မန်ကျည်းသီး(သစ်) ၇၂တန်နဲ့ စင်ကာပူနိုင်ငံသို့ မန်ကျည်းသီး(၂၀၁၆)တန် ၅၀တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်း ၄၄ တန်နဲ့နှိုင်းယှဉ်ရင် ၇၈တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းသီး(သစ်)က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၉၅၀ ဝန်းကျင်ရရှိခဲ့ပြီး မန်ကျည်းသီး(၂၀၁၆)က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၈၅ ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၂၆၅၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

### မုံရွာကုန်စည်ဒိုင် နှမ်းသီးနှံဈေးကွက် ဈေးအနည်းငယ်မြင့်တက်

မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ်နှမ်းအိတ် ၁၀၀၀ကျော် ဝင်ရောက်လျက်ရှိပြီး နှမ်းညိုနှင့်နှမ်းနက်ကတော့ အရောင်းအဝယ်သွက်လျက်ရှိကာ နှမ်းဖြူကတော့ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်နှမ်းသီးနှံပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာကျပ် ၂၄၀၀ နဲ့ အိတ် ၁၀၀ခန့်၊ နှမ်းညိုတစ်ပိဿာ ၁၉၃၃ကျပ်နဲ့အိတ် ၅၀၀ ခန့်၊ နှမ်းနက်တစ်ပိဿာ ၂၆၆၇ကျပ်နှုန်းနဲ့အိတ်၅၀၀ခန့်အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ပေါက်ဈေးနှုန်းမှာ နှမ်းဖြူတစ်ပိဿာ ၂၂၃၃ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၈၆၇ကျပ်၊ နှမ်းနက်တစ်ပိဿာ ကျပ် ၂၅၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ် ပေါက်ဈေးနှုန်းမှာအနည်းငယ်မြင့်လာတာတွေ့ရပါတယ်။ အရောင်းအဝယ်ကတော့ မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိ သလောက်တော့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းကဈေးမြင့်နေကြောင်းသိရပါတယ်။ နှမ်းဖြူနဲ့နှမ်းနက်ကို မန္တလေးဝယ်လက်က ဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများကဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင် သတင်းရပ်ကွက်မှသိရပါတယ်။ **ကြည်ကြည်နွယ်( မုံရွာ)**

## နနွင်း

### မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ် အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့အမေရိကန်ဒေါ်လာ ၄၇၇၀၆ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၆၇တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၅ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၈ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်အပြင် မောင်တောကုန်သွယ်ရေးစခန်းမှလည်း နနွင်းတက် ၁၀ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

နနွင်းတက်ကို တစ်ဘက်နိုင်ငံတွေမှာ ပရဆေးဖော်ဖို့နဲ့ အမှုန့်ပြုလုပ်သုံးစွဲဖို့ ဝယ်ယူနေတာကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း၊ နနွင်းခါးကတော့ဈေးချိုလို့ နည်းနည်းချင်းစီအဝယ်ရှိကြောင်း ပရဆေးကုန်ကြမ်းရောင်းဝယ်ရေးတစ်ခုမှ သိရပါတယ်။

**မော်မော်အောင်**

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတင်ပို့မှုလျော့

ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၆၈ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၂၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ နနွင်းတန်ချိန် ၁၁၀ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၄၀ ဝန်းကျင်ရရှိခဲ့တာကြောင့် စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၂၄၆၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

### တရုတ်နိုင်ငံသို့ ပြောင်းကြိတ်ဖတ်မှုန့်တင်ပို့

ပြောင်းကြိတ်ဖတ်မှုန့်ကို တရုတ်နိုင်ငံမှာ တိရစ္ဆာန်အစာအတွက် အသုံးပြုတာဖြစ်လို့မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀၀၀တန်ဖိုးရှိ ပြောင်းကြိတ်ဖတ်မှုန့် ၁၄ တန်နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း ၉တန်တင်ပို့ခဲ့ကြောင်း၊ပြောင်းကြိတ်ဖတ်မှုန့် တစ်တန်ရဲ့ လိုင်စင်ဈေးမှာ (ငွေလဲနှုန်းအရ) အမေရိကန်ဒေါ်လာ ၇၀ ကျော်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

# အမေရိကန်နိုင်ငံသို့ ပုစွန် သို့မဟုတ် ပုစွန်မှထုတ်လုပ်သော စားသုံးကုန်ပစ္စည်းများ တင်သွင်း/တင်ပို့ရာ၌ DS-2031ပုံစံ ဖြည့်စွက်ခြင်းနှင့်ပတ်သက်၍ သိထားရမည့်အချက်များ

အမေရိကန်နိုင်ငံအနေဖြင့် ပင်လယ်လိပ်များအား ထိခိုက်စေသည့်နည်းလမ်းများဖြင့် ဖမ်းယူထားသော ပုစွန်ရိုင်းများအား တင်သွင်းခြင်းကို တားမြစ်ထားပြီး ပုစွန်ဖမ်းဆီးသည့် နည်းလမ်းနှင့် နိုင်ငံရပ်ခြားသို့ သွားရောက်စစ်ဆေးသည့်အဖွဲ့၏ စစ်ဆေးမှုရလဒ်များအပေါ် အခြေခံ ၍ ပုစွန်တင်သွင်းခွင့် လက်မှတ်ကို ထုတ်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးပုစွန်များကိုအမေရိကန်နိုင်ငံသို့ တင်သွင်းခွင့်ပြုထားပြီး လောလောဆယ်တွင် မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံသို့ ပုစွန်ရိုင်းတင်ပို့ခွင့်လက်မှတ်မရရှိသေးကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၁ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) တွင် Border Trade၊ Normal Trade စနစ်ဖြင့် ပြည်ပနိုင်ငံများသို့တင်ပို့နေသောရေထွက်ပစ္စည်းများအားအရည်အသွေးစစ်ဆေးရာတွင် Physical Micro စစ်ဆေးပြီး ငါးလုပ်ငန်းဦးစီးဌာနမှ လူတို့စားသုံးရန်သင့်လျော်ကြောင်း (Fit For Human Consumption) နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဖြစ်ကြောင်း အတည်ပြုထောက်ခံချက် (Health Certificate) ရယူပြီးမှသာ တင်ပို့ရမည်ဟု ထုတ်ပြန်ထားပါသည်။

မြန်မာနိုင်ငံမှ မွေးမြူရေးပုစွန်များအား တင်ပို့လျက်ရှိရာ အမေရိကန်နိုင်ငံသို့ပုစွန် သို့မဟုတ် ပုစွန်မှထုတ်လုပ်သော စားသုံးကုန်ပစ္စည်းများ တင်သွင်း/တင်ပို့ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ Fish Inspection and Quality Control (FIQC) မှ အသုံးပြုရန်အတွက် (Shrimp Exporter's/Importer's Declaration Form-DS-2031)ကို အမေရိကန်နိုင်ငံမှ ထုတ်ပေးထားခြင်းဖြစ်ကြောင်း၊ အဆိုပါ DS-2031 ပုံစံတွင် Box ကိုးခုပါဝင်ပြီး အထူးသဖြင့် Marking Box 7 (A) (1) ကို အသုံးပြု၍ မွေးမြူရေးပုစွန်ဖြစ်သည်ကို ဖော်ပြရမည်ဖြစ်ကြောင်း၊ DS-2031 ပုံစံများ အားလုံးကို မြန်မာ နိုင်ငံ၏ တာဝန်ရှိအစိုးရအရာရှိ (Responsible Government Official) က Box 8 တွင် လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း သိရှိရပါသည်။

DS-2031 ပုံစံတွင် Box တစ်ခုချင်းစီ၌ ဖြည့်စွက်ရမည့်အချက်များမှာ-

(က) Box -1တွင် ပုစွန်တင်ပို့သည့် နိုင်ငံအမည်၊
(ခ) Box -2 တွင် ပုစွန်မွေးမြူသည့် နေရာ၊
(ဂ) Box -3 တွင် တင်ပို့သည့်ကုမ္ပဏီ အမည်နှင့်နေရပ်လိပ်စာ၊
(ဃ) Box -4 တွင် အမေရိကန်နိုင်ငံမှ တင်သွင်းသူ၏အမည်နှင့် နေရပ်လိပ်စာ၊
(င) Box-5 တွင် တင်ပို့သည့်ရက်စွဲနှင့် ကွန်တိန်နာနံပါတ်၊
(စ) Box-6 တွင် တင်ပို့မည့် ပုစွန်နှင့်ပတ်သက်၍ဖော်ပြချက်HS Code နံပါတ်နှင့် အလေးချိန်၊
(ဆ) Box-7 တင်ပို့သူ၏ကြေညာလွှာတွင် A(1)၌ ကြက်ခြေခတ်မှတ်အသား ပြထားခြင်းဖြင့် မွေးမြူရေးပုစွန်ဖြစ်ကြောင်း ဖော်ပြချက်၊
(ဇ) Box-8 တွင် မြန်မာနိုင်ငံ၏ တာဝန် ရှိအစိုးရအဖွဲ့အစည်း၏ ထောက်ခံချက် လက်မှတ်၊
(ဈ) Box-9 တွင် တင်သွင်းသည့်အချက်အလက်များနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံဘက်မှအချက်အလက်များ၊

အဆိုပါ ပုံစံ DS-2031 သည် အမေရိကန်နိုင်ငံသို့သင်္ဘောဖြင့်ပုစွန်တင်ပို့မှုအားလုံး(All Shipments) တွင် အတူပါရမည်ဖြစ်ပြီး လက်မှတ်ရေးထိုးထားသည့် ပုံစံ DS-2031 အား တင်ပြရန် ပုစွန်တင်ပို့သူ/တင်သွင်းသူတွင် တာဝန်ရှိသည့်အတွက် အဆိုပါ လက်မှတ်ရေးထိုး ပြီးသော ပုံစံ မတင်ပြနိုင်ပါက ပုစွန်တင်ပို့မှုကို ငြင်းပယ်ခံရမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပုစွန်မွေးမြူထုတ်လုပ်၍ အမေရိကန်နိုင်ငံသို့ တင်ပို့လိုသူများအနေဖြင့် DS-2031 ပုံစံပါအချက်များကို ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြရန်လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**လင်းမျိုးသာ(DOT)**

# ဂျပန်နိုင်ငံ ဗဟိုဘဏ်၏ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက်အသစ်နှင့် ငွေကြေးမူဝါဒများအား ပြင်ဆင်ပြောင်းလဲသတ်မှတ်

ဂျပန်နိုင်ငံ ဗဟိုဘဏ်က ဇူလိုင် ၂၀ ရက်တွင် ကျင်းပခဲ့သော အစည်းအဝေး၌ ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်၌ ငွေကြေးဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းရောက်ရှိရန် ရည်မှန်းချက်အသစ်ကို ထုတ်ပြန်ခဲ့ပြီး ဗဟိုဘဏ်မှ ငွေကြေးဖြေလျှော့မှုများကို ကြာမြင့်စွာ အစွမ်းကုန်ဆောင်ရွက်နေသော်လည်း ဈေးနှုန်းများမြင့်တင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်သည့်အတွက် မူလရည်မှန်းထားသည့် ၂၀၁၈ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းသို့ရောက်ရှိရန် နောက်ထပ်တစ်နှစ်တိုး၍ ရည်မှန်းခဲ့ခြင်းဖြစ်ကြောင်းသိရပါသည်။ အဆိုပါ အစည်းအဝေးကို နှစ်ရက်ကြာကျင်းပပြီးနောက် ယခုကဲ့သို့ငွေကြေးဖောင်းပွမှုနှုန်း ရည်မှန်းချက် ထွက်ပေါ်လာခြင်းဖြစ်ပြီး အရင်းအနှီးဝယ်ယူခြင်း၊ ဘဏ္ဍာရေးလုပ်ငန်းများအပေါ် အနုတ်အတိုးနှုန်း သတ်မှတ်ထားခြင်းအပါ အဝင် ဗဟိုဘဏ်၏ငွေကြေးမူဝါဒများ ပြောင်းလဲခြင်းမရှိကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ ၂၀၁၇ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၁ ဒသမ ၄ရာခိုင်နှုန်းနှင့် ဈေးနှုန်းများသည် ၁ ဒသမ ၇ရာခိုင်နှုန်းတိုးတက်ကြောင်း ခန့်မှန်းထားခဲ့သော်လည်း ဗဟိုဘဏ်၏ ဖော်ပြပါ အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သည့် လေးလပတ်အစီရင်ခံစာတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၁ ဒသမ ၁ရာခိုင်နှုန်းနှင့် ဈေးနှုန်းများသည် ၁ ဒသမ ၅ရာခိုင်နှုန်းတိုးတက်ရန် ပြောင်းလဲခန့်မှန်းထားရှိကြောင်း သိရှိရပါသည်။

ထိုသို့ပြောင်းလဲသတ်မှတ်ရခြင်းမှာဝင်ငွေတိုးမြှင့်လာ၍ လုပ်ခများတိုးမြှင့်ခြင်း၊ ဝယ်လိုအားမြင့်တက်လာသောကြောင့် လုပ်ငန်းများ၏ ယုံကြည်မှု ပိုမို တိုးတက်လာခြင်းနှင့် ဈေးနှုန်းများမြင့်တက်ခြင်းတို့ကို ဖြစ်ပေါ်စေသည့် ယုံကြည်မှုအဝန်းအဝိုင်းတည် ဆောက်ရာတွင် အခက်အခဲများနှင့် တွေ့ကြုံနေရခြင်းကြောင့် ပြန်လည်ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏စီးပွားရေးသည် တိုးတက်လာကြောင်း၊ ၂၀၁၇ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း၁ဒသမ၈ရာခိုင်နှုန်းထိ ရောက်ရှိနိုင်ကြောင်းနှင့် ၂၀၁၈ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁ ဒသမ ၄ရာခိုင်နှုန်းထိ တိုးတက်ရန်အတွက် ခန့်မှန်းချက်ကို ဗဟိုဘဏ်က ထုတ်ပြန်ခဲ့ပါသည်။

ကာလတိုအတိုးနှုန်းအနေဖြင့် အနုတ်သုည ဒသမ ၁ရာခိုင်နှုန်းအတိုးနှုန်း မူဝါဒကို ဘဏ္ဍာရေးလုပ်ငန်းများအပေါ် ဗဟိုဘဏ်က ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်းနှင့်သက်တမ်း၁၀နှစ်ရှိ အစိုးရငွေတိုက်စာချုပ်ကို အတိုးနှုန်း သုည ရာခိုင်နှုန်းနီးပါးရောက်ရှိစေရန်အတွက် အစိုးရငွေတိုက်စာချုပ်တန်ဖိုး ယန်း ၈၀ ထရီလီယံအထိကို ဗဟိုဘဏ်က ဝယ်ယူမည်ဖြစ်ကြောင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဗဟိုဘဏ်က Exchange Traded Funds (EIFs) ကို ယန်း ခြောက်ထရီလီယံ အထိ လည်းကောင်း၊ Japan Real Estate Investment Trusts (J-REITs) ကို ယန်းဘီလီယံ ၉၀ အထိ လည်းကောင်း ဝယ်ယူမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပါသည်။

ဗဟိုဘဏ်၏ငွေကြေးဖောင်းပွမှုနှုန်း ခန့်မှန်းချက်အသစ်နှင့် ငွေကြေးမူဝါဒကြောင့် ၂၀၁၈ ခုနှစ်တွင် ဗဟိုဘဏ်၏ လုပ်ငန်းဆောင်ရွက်နိုင်မှုများ နှေးကွေးနိုင်ခြင်း၊အတိုးနှုန်းမြှင့်တင်ရန် တွန်းအားပေးမှု လျော့နည်းလာခြင်းနှင့် ငွေကြေးလဲလှယ်မှုနှုန်းအပေါ် တွန်းအားပေးမှုများ ကျဆင်းနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သည်ကို စီးပွားရေးပညာရှင်များက စိုးရိမ်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် ဗဟိုဘဏ်၏ Exchange Traded Funds (EIFs) ကို ယန်းခြောက်ထရီလီယံအထိ ဝယ်ယူမည့် အစီအစဉ်သည် ရေရှည်တွင် ဂျပန်နိုင်ငံ၏ အရင်းအနှီးဈေးကွက်ကို ထိခိုက်နိုင်ခြင်း၊ Stock Exchange Index တိုးတက်လာသော်လည်း ငွေကြေးဈေးကွက်ကို ထိခိုက်နိုင်ခြင်း၊ အရင်းအနှီးဈေးကွက်တွင် ရှယ်ယာဈေးနှုန်း တည်ငြိမ်ခြင်းကြောင့် အရောင်းအဝယ်ကျဆင်းနိုင်ခြင်းတို့ဖြစ်ပေါ်လာမည်ကို Stock Exchange ဆောင်ရွက်နေသူများက စိုးရိမ်လျက်ရှိပါကြောင်း သိရှိရသည်။

**အိအိခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ဂူဂျာရတ်ပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ရန်အတွက် AIIB ဘဏ်က ချေးငွေအမေရိကန်ဒေါ်လာ ၃၂၉ သန်းအား ခွင့်ပြု

ဘေဂျင်းအခြေစိုက် AIIB ဘဏ်သည် ဂူဂျာရတ်ပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၀၀၀ ကိုဖြတ်၍ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်မည့် စီမံကိန်းအတွက် ချေးငွေအမေရိကန်ဒေါ်လာ ၃၂၉ သန်းခန့်ကို ဇူလိုင် ၅ ရက်တွင် ခွင့်ပြုပေးခဲ့ကြောင်း၊ အဆိုပါရန်ပုံငွေဖြင့် ပြည်နယ်အတွင်းရှိ ခရိုင်ပေါင်း ၃၃ ခရိုင်ရှိ ကျောင်းများ၊ လူမျိုးစုဒေသများအထိရောက် လမ်းများ ချိတ်ဆက်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိအခြေအနေတွင် ယင်းဒေသရှိကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းမရှိသည့်အတွက် ကျေးရွာလူထုအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန်၊ ၎င်းတို့၏ထွက်ကုန်များအားဈေးကွက်များသို့ သယ်ဆောင်ရန်နှင့် ကလေးငယ်များ ကျောင်းတက်ရန်အတွက် သွားလာရေး၊ သယ်ယူပို့ဆောင်ရေးအခက်အခဲများ၊ အကန့်အသတ်များရှိခဲ့ကြောင်း၊ ယခုစီမံကိန်းကို အကောင်အထည်ဖော်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းနှင့်အတူ ကျေးလက်နေပြည်သူလူထု၊ လူမျိုးစုကျေးရွာများ၊ စီးပွားရေးနှင့်စက်မှုလုပ်ငန်းများတို့အား ပြည်နယ်နှင့် နိုင်ငံစီးပွားရေးတို့နှင့် ချိတ်ဆက်ပူးပေါင်းရာ၌ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာခြင်း၊ လယ်ယာလုပ်ငန်းမဟုတ်သည့် အခြားလုပ်ငန်းများ၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုမြင့်မားလာခြင်းနှင့် ကျေးလက်နေပြည်သူများ၏ ဝင်ငွေများ တိုးတက်လာခြင်းတို့ကိုဖြစ်ပေါ်စေနိုင်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

ထို့ကြောင့် ယခုဖော်ဆောင်မည့် စီမံကိန်းသည် ကျေးလက်ပြည်သူများ၏ သွားလာရေးတိုးတက်ကောင်းမွန်ခြင်းအားဖြင့် ပြည်နယ်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက်သာမက နိုင်ငံစီးပွားရေးကိုပါ တိုးတက်လာစေမည်ဖြစ်ကြောင်း၊ သီးခြားဖြစ်နေသော ကျေးလက်လူထု၊ ဆင်းရဲသော ကျေးလက်လူထုအား ပြည်နယ်၏ အခြားသောဒေသများနှင့်ပေါင်းစည်းဆက်သွယ်ပေးခြင်းအားဖြင့် ၎င်းတို့အတွက် အရေးပါသည့်ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးရာ ဝန်ဆောင်မှုများကို ပိုမိုရရှိလာနိုင်ပြီး ၎င်းတို့၏ စီးပွားရေး၊ လူမှုရေးရလဒ်ကောင်းများကို နိုင်ငံ အနေဖြင့်လည်း ခံစားရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုဖော်ဆောင်မည့် ကျေးရွာလမ်းစီမံကိန်းနှင့်အတူ ယင်းစီမံကိန်းဆောင်ရွက်မှုအား အချိန်နှင့်တစ်ပြေး ညီစောင့်ကြည့်မည့် ဒစ်ဂျစ်တယ် မြေပုံစနစ်ကိုလည်း အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါအဝင်လျော့

ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၆၁၅၂၁၂၅ တန်ဖိုးရှိ ဒီဇယ် ၁၂၇၃၇ ဒသမ ၈၃ တန်ကိုလည်းကောင်း၊ အမေရိကန် ဒေါ်လာ ၇၁၈၂၄၀၂ တန်ဖိုးရှိဓာတ်ဆီ ၁၃၃၃၃ ဒသမ ၅၇၂ တန်ကို လည်းကောင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အောက်တိန်း(92)၊ အောက်တိန်း(95)နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန်၄၈၁၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ၃၅၄၄၀ တန်ကျော် တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၃၃၈၅၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၀၅၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၀၂၂၆၅၅ တန်ဖိုးရှိ ဒီဇယ် ၂၁၂၀ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၆၉၉၆၀ တန်ဖိုးရှိ ဓာတ်ဆီ ၁၀၅၄ တန်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၆၂၂၈၅ တန်ဖိုးရှိ ဒီဇယ် ၅၄၉ တန်ကိုလည်းကောင်း တင်သွင်းခဲ့သလို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ၂ ဒသမ ၁၇၈ တန်ဖိုးရှိ Re-Export ဒီဇယ် ၄၀၆၀ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသုည ဒသမ ၂၉၄၄ တန်ဖိုးရှိ Re-Export ဒီဇယ် တန်ချိန် ၅၀၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၆၇၀၊ အောက်တိန်း (92) ကျပ် ၆၇၀၊ အောက်တိန်း (95) ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၆၉၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၁၄ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၂၈၀၀၀၊ ရောင်းဈေး ကျပ် ၁၃၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၁၈ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဩဂုတ် ၁၄ ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ်၁၄၉၀၀၀၊ ရောင်းဈေး ကျပ် ၁၅၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေး အတက်အကျ ကျပ် ၁၀၀၀ ဝန်းကျင်ဖြစ်ခဲ့ပေမယ့် ဓာတ်ဆီက ဈေးငြိမ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၀၀၊ ဒီဇယ် တစ်လီတာ ကျပ် ၆၉၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၁၀၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၇၁၀၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၁၄ ရက် မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၃၆၀၀၀၊ ရောင်းဈေး ကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဩဂုတ် ၁၄ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေးကျပ် ၁၄၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဩဂုတ် ၁၈ ရက်မှာ ဝယ်ဈေးကျပ် ၁၀၀၀ ဈေးမြင့်ခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ အဆင့်မြင့်ဒီဇယ်နဲ့အောက်တိန်း (95)မှာ ဈေးငြိမ်နေပေမယ့် အောက်တိန်း(92) မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင်မြင့်ဒီဇယ် ၇၂၅ ကျပ် ၊ အောက်တိန်း (92) ကျပ် ၇၂၀၊ အောက်တိန်း (95) ကျပ် ၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၃၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

### ပြည်တွင်းငွေလဲနှုန်းများ အတက်အကျ အနည်းငယ်သာရှိ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေကြောင်း ပြည်တွင်းငွေလဲစင်တာများမှ သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်ကလည်း ဈေးအတက်အကျအနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဝယ်လိုအားများသည့်နေ့တွင် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး နောက်ရက်တွင် ပြန်လည်ကျဆင်းသွားခဲ့ကြောင်း ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၃ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်ဈေးဖွင့်ချိန်တွင် ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သည်။

"ဒီတစ်ပတ်ထဲမှာ ဈေးက သိပ်မတက်သွားဘူး။ တစ်ကျပ် နှစ်ကျပ်လောက်ပါပဲ။ ဒါကလည်း တစ်ရက်ထဲမှာပဲ ဖြစ်သွားခဲ့တာ။ အဲဒီနေ့ကလည်း နည်းနည်းအဝယ်လိုက်လာလို့ဖြစ်သွားရတာပါ။ ရွှေဈေးတွေက တက်နေတော့ ဝယ်ရောင်းသမားတွေ ရွှေဘက်ကို လှည့်နေကြတယ်"ဟု ပြည်တွင်းငွေလဲစင်တာတစ်ခုတွင် ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် ဩဂုတ် ၁၄ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၅၃ ကျပ်၊ ဝယ်ဈေး ၁၃၅၅ ကျပ်ရှိခဲ့ပြီး ဩဂုတ် ၁၆ ရက်ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၃၅၈ ကျပ်၊ ဝယ်ဈေး ၁၃၅၆ ကျပ်သို့ မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၈ ရက်တွင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ **မယ်သီတာ**

### ပြည်တွင်းရွှေဈေး ကျပ် ၉၂၀၀၀၀ သို့ စံချိန်တင်ရောက်ရှိလာ

ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့ရွှေဈေး မြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးသည် စံချိန်တင်မြင့်တက်ခဲ့ရာ အမြင့်ဆုံးဈေးအဖြစ် ကျပ် ၉၂၀၀၀၀ သို့ ရောက်ရှိခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေးသည်လည်း အမေရိကန်ဒေါ်လာ ၁၃၀၀ နီးပါးသို့ ရောက်ရှိလာခဲ့သဖြင့် ယခုကဲ့သို့ ပြည်တွင်းရွှေဈေးများ လိုက်ပါမြင့်တက်ရခြင်းဖြစ်သည်ဟုဆိုသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်ကတည်းက မြင့်တက်ခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုရက်သတ္တပတ်တွင် ဆက်လက်မြင့်တက်လာခဲ့ကြောင်း၊ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးများ လိုက်ပါမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေဈေးများမြင့်တက်ခဲ့သော်လည်း အရောင်းအဝယ်မှာ မရှိသလောက်အေးသွားခဲ့ကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

ကမ္ဘာ့ရွှေဈေးမြင့်တက်မှုသည် ကမ္ဘာ့ပထဝီနိုင်ငံရေး မငြိမ်သက်မှုများနှင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာမှုနှင့်ပတ်သက်နေကြောင်း၊ အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ တင်းမာမှုများ သွေးအေးနေသော်လည်း ဆက်လက်တင်းမာမည့် အရိပ်အယောင်များပြနေသဖြင့် ယခုကဲ့သို့ ဈေးများမြင့်တက်ရခြင်းဖြစ်သည်ဟု ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ဩဂုတ် ၁၄ ရက်က ကျပ် ၉၁၃၀၀၀ ရှိခဲ့ရာမှ ဩဂုတ် ၁၆ ရက်တွင် ကျပ် ၉၀၇၅၀၀ သို့ ပြန်လည်ကျဆင်းခဲ့သည်။ သို့သော် ဩဂုတ် ၁၈ရက်တွင် ပြန်လည်မြင့်တက်ခဲ့ရာ ဈေးကွက်စတင်ဖွင့်ချိန်တွင် ကျပ် ၉၁၆၀၀၀ ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ကျပ် ၉၂၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ဩဂုတ် ၁၄ ရက်က ၁၂၈၇ ဒေါ်လာရှိခဲ့ပြီး ဩဂုတ် ၁၈ ရက် နံနက်ပိုင်း၌ ၁၂၈၀ ဒေါ်လာသို့မြင့်တက်ခဲ့ပြီး ညနေပိုင်းတွင် ၁၂၉၅ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

### Yangon Stock Exchange Expo 2017 ကို စက်တင်ဘာလတွင် ကျင်းပမည်

Yangon Stock Exchange Expo 2017 ကို စက်တင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Expo 2017 တွင် မြန်မာ့ Securities ဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်၏ စိန်ခေါ်ချက်များနှင့် အလားအလာများကို ဆွေးနွေးကြမည်ဖြစ်သည်။ ထို့ပြင် ဈေးကွက်ဆိုင်ရာ အချက်အလက်များနှင့် စတော့အိတ်ချိန်းသို့ ဝင်ရောက်နိုင်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ပညာပေးပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်း Expo 2017 ကို ရန်ကုန်စတော့အိတ်ချိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ချေးငွေသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ Japan Exchange Group, Inc နှင့် Diwa Institute of Research Ltd. တို့ ပူးပေါင်းစီစဉ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

### Currency Exchange Rate

August 18, 2017
Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.27 |
| BDT | Bangladesh Taka | 81.17 |
| CAD | Canada Dollars | 1.27 |
| CNY | China Yuan Renminbi | 6.68 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.82 |
| I NR | India Rupees | 64.11 |
| I DR | Indonesia Rupiahs | 13361.51 |
| JPY | Japan Yen | 109.21 |
| MYR | Malaysia | 4.30 |
| PKR | Pakistan Rupees | 105.40 |
| PHP | Philippines Pesos | 51.40 |
| RUB | Russia Rubles | 59.27 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1140.76 |
| LKR | Sri Lanka Rupe | 153.32 |
| THB | Thailand Baht | 33.23 |
| GBP | United Kingdom Pounds | 0.78 |
| VND | VietnamDon | 22727.27 |

*Source:xe.com*

### World Gold Price

August-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 14 | 1290 | 1288 | 1287 |
| 15 | 1278 | 1276 | 1276 |
| 16 | 1269 | 1271 | 1272 |
| 17 | 1291 | 1289 | 1288 |
| 18 | 1292 | 1289 | 1288 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 14-8-2017 | 913.50 | 913.00 |
| 15-8-2017 | 907.00 | 907.20 |
| 16-8-2017 | 909.50 | 909.60 |
| 17-8-2017 | 916.00 | 916.00 |
| 18-8-2017 | 916.00 | 916.10 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 14 | 6 .68 | 33.23 | 80.90 | 64.04 |
| 15 | 6. 68 | 33.28 | 80.83 | 64.19 |
| 16 | 6 .69 | 33.30 | 80.72 | 64.28 |
| 17 | 6 .67 | 33.25 | 80.90 | 64.15 |
| 18 | 6.68 | 33.23 | 81.17 | 64.11 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 14-August | 17.13 | 2362.53 | 2060.13 | 6476.96 | 978.00 |
| 15-August | 16.85 | 2972.70 | 2061.25 | 6478.53 | 958.00 |
| 16-August | 16.67 | 3030.05 | 2102.02 | 6453.66 | 963.00 |
| 17-August | 17.12 | 3182.37 | 2145.47 | 6623.01 | 973.00 |
| 18-August | 17.00 | 3160.64 | 2121.28 | 6563.87 | 978.00 |

Source:kitco.com

### Energy NYMEX 18-8-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 47.05 | -0.04 | -0.08 |
| Brent Crude Futr (USD/bbl) | 50.97 | -0.06 | -0.12 |
| Gasoline Rbob Fut (Cent/gal) | 159.48 | 0.79 | 0.50 |
| Natural Gas Futr (USD/MMBtu) | 2.92 | -0.01 | -0.24 |
| Heating Oil Futr (Cent/gal) | 158.38 | 0.18 | 0.11 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၈၀၀၀ ကျော်ဝင်

ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၃၆၈၉၀တန်ဖိုးရှိ ဘိလပ်မြေ ၈၂၄၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၃၂၅ တန်နဲ့ မလေးရှားနိုင်ငံမှ၇၉၂၀တန်တင်သွင်းခဲ့ပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ဘိလပ်မြေတန်ချိန် ၁၂၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၈၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

# ဘိလပ်မြေဈေးကွက်တော်တော်များများအရောင်းအေး

ဩဂုတ်လ ၆ ရက်မှ ၁၂ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၈၂၄၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၁၀၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၄၄၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၂၁၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၂၂၆၀ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် အေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ် မော်လမြိုင်ဆင်က ဈေးနည်းနည်းမြင့်ပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ စိန်ဘိလပ်မြေက ပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၈၀၀၊ စိန်(ထိုင်း) ကျပ်၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ်ဆင်(ထိုင်း)ကဈေးနည်းနည်းကျပြီးအပါချီနဲ့ကြံ့ဘိလပ်မြေက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း)ကျပ် ၆၃၀၀၊ အပါချီ (ထိုင်း)ကျပ် ၅၀၅၀၊ ကြံ့ကျပ် ၅၀၀၀၊ မြင်းခေါင်း ကျပ် ၅၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** မိုးများတဲ့ကာလမို့ အရောင်းအဝယ်အေးပြီး ဈေးအနည်းငယ်ကျတယ်လို့သိရပါတယ်။ ဒီတစ်ပတ် မြန်မာဆင်၊ အယ်လ်ဖာနဲ့ အေသုံးလုံးက ကျပ်၃၀၀၊ကြံ့နှစ်ကောင်ကကျပ် ၄၀၀ ဈေးကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၄၆၀၀၊ အယ်လ်ဖာ ကျပ် ၄၇၀၀၊ ဆင်မင်း(ကျောက်ဆည်)ကျပ် ၃၇၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်းကျပ် ၄၀၀၀၊ မြန်မာဆင် ကျပ် ၄၀၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာစိန်(ထိုင်း) ကျပ် ၇၁၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

# မြေဩဇာဆက်တိုက်အဝင်လျော့

ဩဂုတ်လ ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၄၈၀၆၂ တန်ဖိုးရှိ မြေဩဇာ ၄၉၅၀ ဒသမ ၂၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ တန်ချိန် ၅၀၀၊ အိန္ဒိယနိုင်ငံမှ ၂၄ ဒသမ ၀၁ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၈၄၀၊ ကိုရီးယားနိုင်ငံမှ၇၂၅ ဒသမ၄၃၈တန်၊ပါကစ္စတန်နိုင်ငံမှ ၁၁၀၁ဒသမ ၀၅တန်၊ စင်ကာပူနိုင်ငံမှ ၂၄၄ဒသမ ၈၀ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၄၄၀နဲ့ အမေရိကန်မှ ၇၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဖော့စဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း၊ အာမိုနဲ့တီစူပါ ၄၆%တို့ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေဩဇာတန်ချိန် ၁၅၁၄၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၁၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်မှာလည်း မြေဩဇာအဝင်လျော့ခဲ့တာကြောင့် မြေဩဇာ ဆက်တိုက်အဝင်လျော့ခဲ့တယ်လို့ဆိုရပါမယ်။

# မကွေးနဲ့ရန်ကုန်မြေဩဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဩဂုတ်လ ၆ ရက်မှ ၁၂ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာတန်ချိန် ၄၉၅၀ ကျော် အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန်၁၅၁၄၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၁၀၀ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန်၂၂၈၅၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၃၄၆၃၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၁၇၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ အဝင်လျော့ခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့ တောင်ကြီးမှာ အရောင်းအေးပြီး မကွေးနဲ့မန္တလေးမှာအရောင်းပုံမှန်ရှိတယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာများက အရောင်းအေးသလို ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၅၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ် နည်းနည်းဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တီစူပါ၊ အာမို ၁၅ပတ်လည်၊ မြားကမ္ဘာ(တရုတ်)နဲ့သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၅၀၀၊ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၁၂၀၀ဈေးမြင့်ခဲ့ပြီး ဆင်၁၀း၁၀း၅ က ကျပ် ၅၀၀၊ အာမို ၁၆း၁၆း၈ က ကျပ် ၂၀၀ ဈေးကျခဲ့ပြီးကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ၁၂း၁၃ကျပ် ၁၆၅၀၀၊ဆင်၁၀း၁၀း၅ကျပ်၁၅၂၀၀၊ အာမို ၁၅း၁၅း၁၅း ကျပ် ၃၈၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၁၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်)ကျပ် ၂၃၅၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၇၀၀၊ တောင်သူမ ကျပ်၁၅၈၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီအချိန်က စိုက်ပျိုးချိန်လည်း မရောက်သေးတာကြောင့် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာတော့ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)ကျပ် ၈၀၀၊တီစူပါ ၂၀%နဲ့ တီစူပါ ၁၅ ပတ်လည်ကကျပ် ၃၀၀၊ ပိုတက်က ကျပ် ၅၀၀ ဈေးလျော့ပြီး ကျန်မြေဩဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀၊တီစူပါ၁၀း၁၀း၅(တရုတ်)ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၀၀၀၊ မြားကမ္ဘာကျပ်၁၆၀၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** စိုက်ပျိုးရေးရာသီကြောင့်အရောင်းအဝယ်ကောင်းတယ်လို့ စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဒီတစ်ပတ် ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၁၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်)ကကျပ် ၁၄၀၀ ဈေးကျခဲ့ပြီး တီစူပါက ကျပ် ၂၀၀ ဈေးမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်)ကျပ်၂၂၃၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၂၈၀၀၊ တီစူပါ၄၆% ကျပ်၁၉၈၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၁၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

## နှံ့ဆီ/နှံ့မှုန့်

# ဒီတစ်ပတ် နှံ့ဆီအဝင်ပိုပြီး နှံ့မှုန့်အဝင်လျော့

ဩဂုတ်လ ၅ ရက်မှ ၁၂ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၁၁၈၈၀တန်ဖိုးရှိ နှံ့ဆီ ၆၅၆ဒသမ ၆၃၉တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနှံ့ဆီ ၂၁၈ဒသမ ၈၇၉နဲ့ ဒွန်းနှံ့ဆီ ၄၃၇ ဒသမ ၇၆ တန်တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့ဆီတန်ချိန် ၂၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၀ ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရတယ်။ နှံ့မှုန့်က ဒီတစ်ပတ်မှာနယူးဇီလန်နိုင်ငံမှ ၅၀ ဒသမ ၂၀ တန်၊မလေးရှားနိုင်ငံမှ ၂၈ဒသမ၉၆၂တန်နဲ့စင်ကာပူနိုင်ငံမှ ၁ ဒသမ ၂၈၈ တန်၊ စုစုပေါင်း ၈၀ ဒသမ ၄၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နှံ့မှုန့်တန်ချိန် ၁၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ၁၉ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၈ မှ ၁၁/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၇ မှ ၄/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၆၃.၅၀ | ၉၁.၀၀ | (-) ၂၇.၅၀ |
| ၂။ | လွယ်ဂျယ် | ၂၆၈.၀၀ | ၆၂၈.၀၀ | (-) ၃၆၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီ | ၂၂၀၄.၀၀ | ၂၇၂၂.၀၀ | (-) ၅၁၈.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၄၅၀၀.၀၀ | (-) ၃၅၀၀.၀၀ |
| ၆။ | မြဝတီ | - | - | - |
| ၇။ | ကော့သောင်း | ၇၅၅၀.၀၀ | ၃၆၅၀.၀၀ | (+) ၃၉၀၀.၀၀ |
| ၈။ | မြိတ် | ၃၃၇၅.၀၀ | ၆၀၀.၀၀ | (+) ၂၇၇၅.၀၀ |
| | စုစုပေါင်း | ၁၄၄၆၀.၅၀ | ၁၂၁၉၁.၀၀ | (+) ၂၂၆၉.၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၈ မှ ၁၁/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၉/၇ မှ ၄/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၅၃၃.၀၀ | ၁၈၈၉၀.၆၀ | (-) ၂၃၅၇.၆၀ |
| ၂။ | လွယ်ဂျယ် | ၆၁၂.၀၀ | ၆၄၆.၂၀ | (-) ၃၄.၂၀ |
| ၃။ | ချင်းရွှေဟော် | ၂၇၃၆.၀၀ | ၃၆၁၂.၇၅ | (-) ၈၇၆.၇၅ |
| ၄။ | ကန်ပိုက်တီ | ၁၅၀.၀၀ | ၁၀၂၀.၀၀ | (-) ၈၇၀.၀၀ |
| ၅။ | မြဝတီ | ၂၈၂၈.၄၁ | ၁၀၁၆၃.၅၀ | (-) ၇၃၃၅.၀၉ |
| ၆။ | ကော့သောင်း | - | ၁၀၀.၀၀ | (-) ၁၀၀.၀၀ |
| ၇။ | မြိတ် | - | - | - |
| ၈။ | ရိဒ် | - | ၂၀၀.၀၀ | (-) ၂၀၀.၀၀ |
| | စုစုပေါင်း | ၂၂၈၅၉.၄၂ | ၃၄၆၃၃.၀၆ | (-) ၁၁၇၇၃.၆၄ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းလျှော့နည်းတင်ပို့

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတို့မှ အမေရိကန် ဒေါ်လာ ၂ ဒသမ ၇၁၄ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၂၃၈၃ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ နှမ်းနက်တစ်မျိုးတည်းသာ တန် ၄၀ ကျော် တင်ပို့ခဲ့ပြီး ချင်းရွှေဟော်မှ နှမ်းနက် ၁၄၁၆ တန်ကျော်၊ နှမ်းဖြူ ၄၂၉ တန်ကျော်၊ နှမ်းဖြူ(အခွံချွတ်) ၂၂၁ တန်နဲ့ နှမ်းညို ၂၇၄ တန်ခွဲ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါ စခန်းနှစ်ခုမှ ၃၂၃၂ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၈၄၉ တန်လျှော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည် ဒိုင်မှာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန် ၁၃၇၀၅၁ ကျပ်၊ နှမ်းနက်တစ်တန် ၂၁၆၇၃၃၁ ကျပ်ရှိရာမှ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူဈေး ၁၃၈၄၃၀၆ ကျပ်နဲ့ နှမ်းနက်ဈေး ၂၁၈၉၁၃၅ ကျပ်သို့ ဈေးမြင့်တက်လာခဲ့ပါတယ်။

နှစ်စဉ်ပြည်ပသို့နှမ်းတန်ချိန် တစ်သိန်းကျော်တင်ပို့ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် တစ်သိန်းခွဲကျော် တင်ပို့နိုင်ခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း နှမ်းရောင်စုံတန်ချိန် တစ်သိန်းခွဲခန့် တင်ပို့ခဲ့ကြောင်း စာရင်းများအရ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ဈေးကွက်တွင် မိုးနှမ်းနက်အသစ်များကို ဝယ်လက်များက ဝယ်ယူသဖြင့် ဈေးပြန်မြင့်လာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီဈေး ပြန်ကျလာပြီး နှမ်းနက်ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ မိုးနှမ်းအသစ်များကို မြန်အောင်၊ ကြံခင်း၊ နတ်တလင်းနှင့် မိုးညိုဘက်မှ နှမ်းအိတ် ၇၀၀-၈၀၀ ခန့် ရက်ခြားဝင်ရောက်တာ တွေ့ရပါတယ်။

ယခုအချိန်မှာ မိုးနှမ်းနက်များသာ ဝင်ရောက်ပြီး မိုးနှမ်းနီမှာ ဝင်ရောက်မှုမရှိသေးသဖြင့် ဈေးသာရှိပြီး အရောင်းအဝယ်မဖြစ်တာ တွေ့ရပါတယ်။ မိုးနှမ်းနက် အသစ်များကို အောင်လံဘက်မှ ဝယ်ယူသဖြင့် နှမ်းနက်မှာ ဈေးမြင့်လာပြီး စမုံနက်နှမ်းမှာ အတက်အကျမရှိဘဲ ဈေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ အသစ်ဈေးများဖြစ်သဖြင့် မိုးနှမ်းနီ သုံးတင်း တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ဈေးကျလာခဲ့ပါတယ်။

ဆီစက်သမားများက လှော်နှမ်းများကိုထုတ်၍ ဆီကြိတ်နေသဖြင့် ဈေးကွက်တွင် နှမ်းဆီများ ရောင်းဝယ်လျက်ရှိတာ တွေ့ရပါတယ်။ နှမ်းနက် သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြင့် ယခင်တစ်ပတ်ထက် ကျပ် ၇၀၀၀ ဈေးမြင့်လာပြီး စမုံနက်နှမ်းမှာ ယခင်တစ်ပတ်ကအတိုင်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် တစ်ရက်လျှင် အိတ် ၇၀၀ ခန့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

**ဝေဝေမင်း**

# ပို့ကုန်ကျဆင်းမှုကြောင့် စားအုန်းဆီဈေး တစ်ရှိန်ထိုးကျဆင်း

ပို့ကုန်ကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးသည် ဩဂုတ် ၁၅ ရက်က တစ်ဟုန်ထိုး ကျဆင်းခဲ့သကဲ့သို့ စားအုန်းဆီနှင့်ဆက်စပ်နေသည့် အခြားသော ဟင်းရွက်ဆီဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။



ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် အောက်တိုဘာလအတွက် စံထားဈေးနှုန်းသည် ၁ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဈေးပိတ်ချိန်တွင် ၂၆၃၃ ရင်းဂစ်(အမေရိကန်ဒေါ်လာ ၆၁၃ ဒသမ ၁၈)ရှိခဲ့သည်။ အလားတူ ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင်ပဲပုပ်ဆီဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။

ဩဂုတ် ၁ ရက်မှ ၁၅ ရက်အတွင်း စားအုန်းဆီထုတ်လုပ်မှုသည် ၁၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်အတွင်း စားအုန်းဆီပြည်ပတင်ပို့မှုသည် ၅၉၉၄၁၄ တန်မှ ၅၁၂၀၃၉ တန်သို့ ကျဆင်းခဲ့ကြောင်း Intertek ဝန်ဆောင်မှုလုပ်ငန်းက ဩဂုတ် ၁၅ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်ခွန်များကို တိုးမြှင့်ကောက်ခံရန် သတ်မှတ်ခဲ့မှုကြောင့် စားအုန်းဆီဝယ်လိုအားများ အေးသွားနိုင်ကြောင်း ကုန်သည်တစ်ဦးက မှတ်ချက်ပြုထားသည်။

ကမ္ဘာပေါ်တွင် ဟင်းရွက်ဆီ အများဆုံးဝယ်ယူသည့် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံထားရသည့် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆီထွက်သီးနှံစိုက်ပျိုးသည့် လယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့်အနေဖြင့် ပြည်ပမှ စားအုန်းဆီဆီကြမ်းနှင့် သန့်စင်ပြီးဆီ တင်သွင်းရာတွင် အခွန်များတိုးမြှင့်ကောက်ခံရန် ဩဂုတ် ၁၁ ရက်က သတ်မှတ်ခဲ့သည်။

စားအုန်းဆီ အများအပြား ထုတ်လုပ်လျက်ရှိသည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် အိန္ဒိယနိုင်ငံသို့ စားအုန်းဆီကြမ်းနှင့်သန့်စင်ပြီး စားအုန်းဆီများကို အများအပြား တင်သွင်းလျက်ရှိသည်။

ယင်းကဲ့သို့ အိန္ဒိယနိုင်ငံ၏ အခွန်တိုးမြှင့်သတ်မှတ်ချက်ကြောင့် စားအုန်းဆီဈေးနှုန်း ကျဆင်းမှုသည် ၎င်းနှင့်ဆက်စပ်လျက်ရှိသည့် ပဲပုပ်ဆီဈေးနှုန်းကိုပါ ထိခိုက်လျက်ရှိသည်။

ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းလျက်ရှိစဉ် ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့၏ အောက်တိုဘာလအတွက် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် သုည ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ဇန်နဝါရီလအတွက် စားအုန်းဆီစာချုပ်ချုပ်ဆိုဈေးနှုန်းသည် တစ်ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

နိုဝင်ဘာလအတွက် စားအုန်းဆီ စာချုပ်ချုပ်ဆိုဈေးနှုန်းသည် တစ်တန်လျှင် ၂၆၈၇ ရင်းဂစ်နှုန်းဖြင့် အပြောင်းအလဲမရှိရပ်တည်နေကြောင်း၊ အဆိုပါဈေးနှုန်းသည် ၂၆၁၄ ရင်းဂစ်သို့ ပြန်လည်ကျဆင်းသွားနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောကြားခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၈-၈-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၃၀ | ၁၈၃၀ | □ |
| မကွေး | ၄၅၀၀ | ၄၂၀၀ | ▽ | ၄၃၀၀ | ၄၀၀၀ | ▽ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၆၀၀ | ၃၇၀၀ | △ | ၁၈၄၀ | ၁၈၄၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၈-၈-၂၀၁၇ **US$/Ton**

| အမျိုးအစား | ဩဂုတ်ပထမပတ် | ဩဂုတ်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၃၂.၀၀ | ၆၄၄.၅၀ | △ |
| **RBD P.Olein** | ၆၃၇.၀၀ | ၆၄၇.၅၀ | △ |
| **RBD P.Stearin** | ၆၀၇.၀၀ | ၆၃၀.၀၀ | △ |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၈-၈-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၅၆.၇၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၈၉ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၇၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၃ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၅.၀၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၀.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၀၄.၄၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၈-၈-၂၀၁၇နေ့ (CIF ဈေး Cloud Point 8˚C Max ၇၀၀ဒေါ်လာနှင့် USD ဈေး ၁၃၆၁ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၈-၈-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။







# ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိသွားတဲ့ မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့ ခြေတစ်လှမ်းစပြီ

|| ရှင်မင်းအုံ (တန့်ဆည်) ||

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မြန်မာ့ကော်ဖီမိတ်ဆက်ပွဲကို ဇူလိုင်လ ၆ ရက်က ကျင်းပခဲ့ပါတယ်။မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ မြန်မာ့ကော်ဖီကို ဆွစ်ဇာလန်နိုင်ငံမှာ ရောင်းချနိုင်ဖို့အတွက် ဆွစ်ဇာလန်နိုင်ငံသို့ ပထမဦးဆုံးအကြိမ် သယ်ဆောင်လာတဲ့ မြန်မာ့ကော်ဖီတွေဟာ ဇွန်လကုန်ပိုင်းမှာ ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိခဲ့ပါတယ်။ အဲဒီလို ရောက်ရှိခဲ့တဲ့အထိမ်းအမှတ်အဖြစ် မြန်မာ့ကော်ဖီမိတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပရတာဖြစ်ပါတယ်။

အဲဒီအခမ်းအနားကို ဂျီနီဗာမြို့ရှိ Chantepoulet Square မှာ မြန်မာအဖွဲ့ရုံး၊ NAT Coffee နဲ့ Border Coffee တို့ ပူးပေါင်းကျင်းပခဲ့တာဖြစ်ပါတယ်။

မြန်မာ့ကော်ဖီတွေကို ဆွစ်ဇာလန် နိုင်ငံသို့ ယခုနှစ် မေလဆန်းက တင်ပို့ခဲ့တာဖြစ်ပြီး NAT Coffee က တာဝန်ယူတင်ပို့ခဲ့တာဖြစ်ပါတယ်။ အဲဒီလို တင်ပို့နိုင်ဖို့အတွက် NAT Coffee ရဲ့ကော်ဖီတွေ တင်ဆောင်လာတဲ့ ကော်ဖီကွန်တိန်နာကို ဆွစ်ဇာလန်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ဖို့အတွက် မြန်မာနိုင်ငံမှတာဝန်ရှိသူအသီးသီးက ကူညီဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။

အဲဒီမြန်မာ့ကော်ဖီမိတ်ဆက်ပွဲအခမ်းအနားမှာ ဆွစ်ဇာလန်နိုင်ငံရှိ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာတည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၆၇၆၅၇၈ စတုရန်းကီလိုမီတာရှိရာ ဆွစ်ဇာလန်နိုင်ငံထက် ၁၆ ဆကြီးမားကြောင်း၊ လူဦးရေအနေဖြင့်လည်း မြန်မာနိုင်ငံရဲ့လူဦးရေဟာ သန်း ၅၀ ကျော်ရှိပြီး ဆွစ်ဇာလန်နိုင်ငံရဲ့လူဦးရေဟာ ၈ ဒသမ ၇ သန်းကျော်သာရှိတဲ့အတွက် မြန်မာနိုင်ငံရဲ့လူဦးရေဟာ ခြောက်ဆကျော်များပြားပါကြောင်း၊ ဒါကြောင့် မြန်မာနိုင်ငံဟာ လူသားအရင်းအမြစ်နဲ့ဈေးကွက်အခွင့်အလမ်း ပိုမိုများပြားတာကို တွေ့မြင်နိုင်မှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှဆွစ်ဇာလန်နိုင်ငံသို့ အဝတ်အထည်၊ ပရိဘောဂ၊ ရတနာများနှင့် သတ္တုများကို ပို့ကုန်အဖြစ် တင်ပို့လျက်ရှိပြီး ဆွစ်ဇာလန်နိုင်ငံမှ စက်နှင့်စက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများကို တင်သွင်းလျက်ရှိပါကြောင်း၊ ၂၀၁၆ခုနှစ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည့် ဆွစ်လူမျိုးကမ္ဘာလှည့်ခရီးသွားဧည့်သည် ၁၄၀၀၀ကျော်ရှိခဲ့ပါကြောင်း၊ ယခုအခါ မြန်မာ့ကော်ဖီကို ဆွစ်ဇာလန် နိုင်ငံ၌ မိတ်ဆက်ပေးလိုက်သဖြင့် ဆွစ်လူမျိုးကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမို ဝင်ရောက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံတကာထွက်ပေါက်များမှ ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၃ သန်း ဝင်ရောက်ခဲ့ပြီး နယ်စပ်လမ်းကြောင်းမှ ၃ ဒသမ ၃ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှာ ဟိုတယ် အလုံးပေါင်း ၁၂၃၉ လုံးရှိပြီး အခန်းပေါင်း ငါးသောင်းနီးပါးရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့၊ နိုင်ငံရဲ့မြို့တော် နေပြည်တော်၊ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်တဲ့ ပုဂံမြို့၊ မြန်မာဘုရင်များရဲ့ နောက်ဆုံးမင်းဆက်နန်းစံခဲ့တဲ့ မန္တလေး နေပြည်တော်နဲ့ ရှမ်းပြည်နယ်မှာရှိတဲ့ အင်းလေးဒေသတို့ဟာ မြန်မာနိုင်ငံရဲ့ အထင်ကရ လည်ပတ်သင့်တဲ့နေရာတွေဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဲဒီနောက် Ms. Nathalie F. Manac'h ကမြန်မာ့ကော်ဖီအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

မြန်မာ့ကော်ဖီမိတ်ဆက်ပွဲ ပြုလုပ်ပြီး နာရီပိုင်းအတွင်းမှာပင် မြန်မာ့ကော်ဖီကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသားများက ဝယ်ယူလိုတဲ့အတွက် မေးမြန်းစုံစမ်းခဲ့ကြပါတယ်။ ဒါကြောင့် NAT Coffee မှ တာဝန်ရှိသူများက NAT Coffee ၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်တဲ့ http://natcoffee.com/ မှာ ဝယ်ယူရရှိနိုင်ပါတယ်လို့ပြန်လည်ဖြေကြားခဲ့ပြီးနောက် စတင်ဝယ်ယူနေပြီဖြစ်တယ်လို့ဆိုပါတယ်။

NAT Coffee မှ ဆွစ်ဇာလန်နိုင်ငံသို့ တင်သွင်းခဲ့သည့် မြန်မာ့ကော်ဖီအမျိုးအစားများမှာ ချင်းပြည်နယ်မှ ထွက်ရှိတဲ့ Chin Litai ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ထွက်ရှိတဲ့ Yellow Diamond၊ မိုးကုတ်မြို့မှ ထွက်ရှိတဲ့ Ruby နဲ့ မန္တလေးမြို့မှ ထွက်ရှိတဲ့ Jade ဆိုတဲ့အမျိုးအစားများပဲ ဖြစ်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံသို့ မြန်မာနိုင်ငံမှ ကော်ဖီကို တင်ပို့ရောင်းချနိုင်တဲ့အတွက် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့မှာရှိတဲ့ ကော်ဖီစိုက်ပျိုးသူများအတွက် စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာ-ဆွစ်ဇာလန် နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးနဲ့ မြန်မာ့ထုတ်ကုန်များကို ကမ္ဘာက အသိအမှတ်ပြုလာစေဖို့အတွက်လည်း အထောက်အကူဖြစ်နိုင်မှာဖြစ်ပါတယ်။

မြန်မာ့ကော်ဖီမိတ်ဆက်ပွဲအခမ်းအနားသို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်ရဲ့ဧည့်သည်များအဖြစ် အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်နဲ့အာဆီယံ အဖွဲ့ရုံးများမှ အမြဲတမ်းကိုယ်စားလှယ်များ၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ်များ၊လက်နက်ဖျက်သိမ်းရေး၊လူ့အခွင့်အရေးနဲ့ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ သံအမတ်ကြီးများ တက်ရောက်ခဲ့ကြပြီး NAT Coffee မှ ဖိတ်ကြားထားသည့် ဆွစ်ဇာလန်နိုင်ငံမှ ဒေသခံများလည်း တက်ရောက်ခဲ့ကြပါတယ်။

မြန်မာ့ကော်ဖီတွေကို ဆွစ်ဇာလန် နိုင်ငံဈေးကွက်သို့ ရောက်ရှိပုံကတော့ ဆွစ်ဇာလန်နိုင်ငံရှိ မြန်မာအမြဲတမ်း ကိုယ်စားလှယ်ထံသို့ NAT Coffee တည်ထောင်သူနဲ့ အုပ်ချုပ်မှုဒါရိုက်တာ Ms. Nathalie F. Manac'h တို့ ယခုနှစ်ဧပြီလ ၂၆ ရက်က လာရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှာ စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ ကော်ဖီတွေကို ဆွစ်ဇာလန်နိုင်ငံမှာ မိတ်ဆက်ပြီး ဖြန့်ဖြူး ရောင်းချနိုင်ဖို့အတွက် တွေ့ဆုံဆွေးနွေးခဲ့ကြရာမှ အစပြုခဲ့တာဖြစ်ပါတယ်။

**“ ဆွစ်လူမျိုး ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ ပိုမို ဝင်ရောက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း**

Ms. Nathalie F. Manac'h ဟာ မြန်မာ့ကော်ဖီလေ့လာရေးခရီးစဉ်အဖြစ် ၂၀၁၅ခုနှစ် နိုဝင်ဘာလ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနဲ့ အောက်တိုဘာလတို့မှာ ကော်ဖီအများဆုံးစိုက်ပျိုး ထုတ်လုပ်ရာဒေသများသို့ သွားရောက် လေ့လာခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ မြန်မာ့ကော်ဖီတွေကို ဆွစ်ဇာလန်နိုင်ငံသို့ တင်ပို့နိုင်ဖို့အတွက် NAT Coffee ကို တည်ထောင်ခဲ့ပါတယ်။

NAT Coffee ဟာ ချင်းပြည်နယ်မှာရှိတဲ့ NGOအဖွဲ့၊ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူ တောင်သူ ၅၀ ကျော်နဲ့ ပူးပေါင်းပြီး ချင်းကော်ဖီအလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၃ရက်မှာ ပထမဆုံးအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မြန်မာ့ကော်ဖီကို ဆွစ်ဇာလန်နိုင်ငံသို့ တင်ပို့နိုင်ဖို့ ဆက်လက်ဆောင်ရွက်ခဲ့တဲ့အတွက် အခုလို ကော်ဖီမိတ်ဆက်ပွဲအခမ်းအနားကို ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ကမ္ဘာ့ဈေးကွက်မှာ အရည်အသွေးမီတဲ့ မြန်မာ့ကော်ဖီဈေးကွက်နေရာရရှိစေရေးတို့အတွက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက မဟာဗျူဟာစီမံကိန်းရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို ညှိနှိုင်းဆွေးနွေးမှုတွေကိုလည်း ယခုနှစ် ဇူလိုင်လအတွင်းက ပြင်ဦးလွင်၊ ရန်ကုန် နဲ့ နေပြည်တော်မြို့တို့မှာ ကျင်းပခဲ့တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာ ကော်ဖီပင်ကို ၁၉၃၀ ပြည့်လွန်နှစ်များကစတင်ပြီး စိုက်ပျိုးလျက်ရှိရာ ရှမ်းပြည်နယ်၊ ချင်း ပြည်နယ်နဲ့မန္တလေးတိုင်းဒေသကြီးတို့ကတော့ အများဆုံးစိုက်ပျိုးတဲ့ဒေသများပဲဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့် တင်ရေးအဖွဲ့က ကြီးမှူးပြီး EIF အစီအစဉ်နဲ့ကော်ဖီနဲ့လက်ဖက် ပြည်ပပို့ကုန် တိုးမြှင့်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယခုနှစ်ဇွန်လ ၃၀ ရက်က ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနမှာ ကျင်းပခဲ့ပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနဲ့တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌနှင့် ညီနောင်အသင်းများ၊ ကော်ဖီ၊ လက်ဘက် အစုအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါတယ်။ အဲဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဌာနဆိုင်ရာများမှ ကော်ဖီ၊ လက်ဖက်နဲ့သက်ဆိုင်တဲ့ စာတမ်းလေးစောင်၊ ကော်ဖီ၊ လက်ဖက်အသင်းမှ စာတမ်းသုံးစောင် ဖတ်ကြားခဲ့ပါတယ်။

ယခုလအတွင်းမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြီးမှူးပြီး ကော်ဖီဖိုရမ်တစ်ရပ်ကို နေပြည်တော်မှာ ဩဂုတ်လ ၁၇ရက်က ကျင်းပခဲ့တယ်လို့ သိရပါတယ်။

မြန်မာ့ကော်ဖီဟာကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လျက်ရှိတဲ့ သီးနှံဖြစ်လာတဲ့အတွက် ပို့ကုန်တိုးမြှင့်ရေးနဲ့ ကုန်သွယ်မှုမြှင့်တင်ရေးတို့အတွက် အရေးပါတဲ့သီးနှံအမယ်တစ်မျိုးအဖြစ် စံနမူနာပြနေပြီဖြစ်ပါတယ်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပဲစင်းငုံတင်သွင်းမှုအား ကန့်သတ်ကုန်စည် အမျိုးအစားခေါင်းစဉ်အောက်သို့ အိန္ဒိယအစိုးရက ထည့်သွင်း

အိန္ဒိယအစိုးရသည် ပဲစင်းငုံ တင်သွင်းခြင်းအား ကန့်သတ်ကုန်စည် အမျိုးအစားခေါင်းစဉ်အောက်သို့ ဩဂုတ် ၅ ရက်က ထည့်သွင်းသတ်မှတ်လိုက်ပြီး ပြည်တွင်းသို့ သဘော်တင်ဝင်ရောက်မှုပမာဏကိုလည်း ခွဲတမ်းသတ်မှတ်ခဲ့ရာ ဘဏ္ဍာနှစ်တစ်နှစ်ခွဲတမ်းအဖြစ် တန်ချိန်နှစ်သိန်းခန့်သတ်မှတ်ကြောင်း Directorate General of Foreign Trade မှထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

သို့ရာတွင် အဆိုပါကန့်သတ်ချက်သည် နှစ်နိုင်ငံနှင့် ဒေသတွင်း သဘောတူညီချက်များအရ အစိုးရ၏ သွင်းကုန်ကတိကဝတ်များအပေါ် သက်ရောက်ခြင်းမရှိဘဲ ပဲစင်းငုံတင်သွင်းသည့် မူဝါဒအား လွတ်လပ်စွာတင်သွင်းနိုင်သည့် ကုန်စည်အမျိုးအစားအောက်မှ ကန့်သတ်ကုန်စည်အမျိုးအစားအောက်သို့ ပြောင်းလဲခြင်း ဖြစ်သည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး နှစ်စဉ်ပဲမျိုးစုံ တန်ချိန် ၂၂ သန်း ဝန်းကျင်ခန့် ထုတ်လုပ်လျက်ရှိရာ စုစု ပေါင်းပမာဏ၏ ၁၅ ရာခိုင်နှုန်းခန့်သည် ပဲစင်းငုံထုတ်လုပ်နိုင်သည့် ပမာဏဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# နို့ထွက်ပစ္စည်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် JICA ထံမှ ချေးငွေရူပီး ၁၆၂၀၇ ကုဋေရရှိရန် အိန္ဒိယအစိုးရက ကြိုးပမ်းလျက်ရှိ

အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း၌ နို့နှင့် နို့ထွက်ပစ္စည်း ပြည်တွင်းလိုအပ်ချက် မြင့်တက်လာသည်နှင့်အညီ တိုးတက်ဖြည့်ဆည်းပေးနိုင်ရန် နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်များ ဆောင်ရွက်ရန်အတွက် ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရူပီး ၁၆၀၂၇ ကုဋေရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါသည်။

အဆိုပါချေးငွေ ရရှိရေးအတွက် အိန္ဒိယအစိုးရသည် JICA ထံသို့ "Dairying through Cooperatives-National Dairy Infrastructure Plan" ကိုရေးဆွဲကာ ချေးငွေရရှိရေး အဆိုပြုလွှာတင်ပြထားပြီးဖြစ်ကြောင်း၊ ယင်းစီမံကိန်းအဆိုပြုလွှာသည် လာမည့်ငါးနှစ်တွင် တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆ တိုးတက်လာစေရေး အစိုးရ၏ ရည်မှန်းချက်နှင့်လည်း ကိုက်ညီကြောင်း၊ စီမံကိန်းအတွက် ကုန်ကျမည့် ငွေစုစုပေါင်းမှာ ရူပီး ၂၀၀၅၇ ကုဋေခန့်ဖြစ်သော်လည်း JICA ထံမှ ချေးငွေရူပီး ၁၆၀၂၇ ဒသမ ၀၇ ကုဋေသာ ရယူရန် အဆိုပြုထားကြောင်း၊ ရရှိလာသည့် ချေးငွေများကို National Dairy Development Board ၏ ကြီးကြပ်မှုဖြင့် အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံသည် ၁၉၉၈ ခုနှစ် မှစတင်ကာ ကမ္ဘာပေါ်တွင် နို့ထွက်ပစ္စည်းအများဆုံး ထုတ်လုပ်နိုင်သည့်နိုင်ငံများအနက် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့ပြီး ကျွဲနွားတိရစ္ဆာန် အရေအတွက်မှာလည်း ကမ္ဘာပေါ်တွင် အများဆုံးဖြစ်ကြောင်း၊ နို့ထုတ်လုပ်နိုင်မှုပမာဏအနေဖြင့် ၁၉၅၀-၅၁ ခုနှစ်တွင် တန်ချိန် ၁၇ သန်းသာရှိရာမှ လက်ရှိတွင် တန်ချိန် ၁၅၅ သန်းခန့်အထိ တိုး လာခဲ့ကြောင်း၊ ထုတ်လုပ်သည့်နို့ပမာဏ၏ ၅၄ ရာခိုင်နှုန်းခန့်မှာ ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချရန်အတွက် ပိုလျှံကြောင်း၊ ၎င်းတို့အနက် ၂၀ ဒသမ ၅ ရာခိုင်နှုန်းကို သမဝါယမနှင့် ပုဂ္ဂလိက ဖက်စပ်နို့ထွက်ပစ္စည်းလုပ်ငန်းအဖွဲ့အစည်းများက ဝယ်ယူပြုပြင်ထုပ်ပိုးဖြန့်ဖြူးရောင်းချကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ တွင်နို့တန်ချိန် သန်း ၂၀၀ မှ ၂၁၀ အတွင်း လိုအပ်နိုင်မည်ဟု ခန့်မှန်းထားရာ တိုးတက်လာသည့် လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရန်အတွက် အထူးသဖြင့် နို့ဝယ်ယူမှုနှင့် တန်ဖိုးမြင့် နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်းတို့အတွက် ကျေးရွာအဆင့် အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်ရန် လိုအပ်မည်ဖြစ်ရာ ယခုအဆိုပြုစီမံကိန်းသည် ကျေးရွာပေါင်း ၁ ဒသမ ၂၈ သိန်းအား ထပ်တိုးလွှမ်းခြုံဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ နို့ထွက်ပစ္စည်းထုတ်လုပ်သူပေါင်း ၁၂၁ ဒသမ ၈၃ သိန်းခန့် ထပ်မံပေါ်ပေါက်လာစေရန် ရည်ရွယ်ထားပြီး နို့များသိုလှောင်ရန် ကျေးရွာအဆင့် အအေးခန်းပေါင်း ၁ ဒသမ ၀၅ သိန်း ခန့်တည်ဆောက်ကာ နေ့စဉ်နို့ကီလိုဂရမ် ၅၂၄ ဒသမ ၂၀ သိန်းခန့်နှင့် နို့ထွက်ပစ္စည်း ၇၆ ဒသမ ၅ သိန်းခန့် ထုတ်လုပ်နိုင်သည့် အခြေခံအဆောက်အဦများကို တည်ဆောက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရှိရပါ သည်။

ထိုမျှသာမက လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ -၃၀ ခန့်က တည်ဆောက်ခဲ့သည့် နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံဟောင်းများအား အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းတိုးချဲ့မည့် အစီအစဉ်များကို လည်းဆောင်ရွက်မည်ဖြစ်ရာ အဆိုပါအစီအစဉ်များမှ တောင်သူလယ်သမားပေါင်း သိန်း ၁၆၀ ခန့်ကို အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရသည် နို့ထွက်ပစ္စည်းကဏ္ဍ တိုးတက်လာရေးအတွက် အင်တိုက်အားတိုက် ဖော်ဆောင်လျက်ရှိရာ မွေးမြူရေး၊ နို့ထွက်ပစ္စည်းနှင့် ရေလုပ်ငန်းဦးစီးဌာနအနေဖြင့်လည်း နို့ထွက်ပစ္စည်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်စီမံကိန်းတစ်ရပ်ကို မူကြမ်းရေးဆွဲပြီးစီးနေပြီဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) ၏ နောက်ဆုံးအတည်ပြုသည့် စီမံကိန်းများတွင် တိုယိုတာ၏ ရင်းနှီးမြှုပ်နှံမှု ဘတ် ၁၉ ဘီလီယံပါဝင်

ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (Board of Investment - BOI) သည် အဆိုပြုလျှောက်ထားလာသည့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဇူလိုင် ၂၇ ရက်၌ ကျင်းပသည့် အစည်းအဝေးတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဘတ် ၁၂၈ ဘီလီယံတန်ဖိုးရှိ စီမံကိန်းငါးခုကို အတည်ပြုပေးခဲ့ရာ၌ HEVs (Hybrid Electronic Vehicles) ကားလုပ်ငန်းအတွက် တိုယိုတာ၏ ရင်းနှီးမြှုပ်နှံမှုဘတ် ၁၉ ဘီလီယံ ပါဝင်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

တိုယိုတာသည် နှစ်စဉ် HEVs ကားအရေအတွက် အစီး ၇၀၀၀ ကို တပ်ဆင်ထုတ်လုပ်လျက်ရှိပြီး လိုအပ်သော ကားဘက်ထရီအရေအတွက် အလုံး ၇၀၀၀၀ ကိုလည်း ထုတ်လုပ်လျက်ရှိပါသည်။ ထို့နောက်အခြားသော HEVs ကားအစိတ်အပိုင်းပစ္စည်း အရေအတွက် ၉ ဒသမ ၁ သန်းကိုလည်း နှစ်စဉ်ထုတ်လုပ်လျက်ရှိပါသည်။ ထိုင်းနိုင်ငံတွင် တိုယိုတာ၏ ရင်းနှီးမြှုပ်နှံမှုသည် နှစ်စဉ်ဘတ် ၁၃ ဒသမ ၃ ဘီလီယံတန်ဖိုးရှိသည့် ပြည်တွင်းသုံးမော်တော်ကားအစိတ်အပိုင်းပစ္စည်းဈေးကွက် ကို ကျောထောက်နောက်ခံပြုထားပြီး ယခုတည်ဆောက်မည့် စက်ရုံအသစ်သည် ချာချောင်ဆာပြည်နယ်ရှိ Gateway City Industrial Estate တွင် တည်ဆောက်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံ၌ တိုယိုတာ၏ HEVs ကားများတပ်ဆင်သည့်စက်ရုံကို ၂၀၁၈ ခုနှစ်တွင် စတင်ရန် မျှော်မှန်းထားကြောင်း၊ထိုင်းနိုင်ငံတွင် HEVs လျှပ်စစ်ကားထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် အခွန်ကင်းလွတ်ခွင့် ငါးနှစ်မှ ရှစ်နှစ်အထိအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အရေးများကို BOI က ခွင့်ပြုခဲ့သည့် ၂၀၁၇ ခုနှစ် မတ်လနောက်ပိုင်းတွင် တိုယိုတာကားကုမ္ပဏီသည် အဆိုပါအခွင့်အရေးများကို ခံစားခွင့်ရရှိသည့် ကုမ္ပဏီတစ်ခုဖြစ်ကြောင်း၊ ရိုးရိုး HEVs ၊ PHEVs (Plug-in Hybrid Electronic Vehicles) နှင့် BHVs (Battery Electronic Vehicles) စသည့် HEVs ကားထုတ်လုပ်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခံစားခွင့်များပါဝင်ကြောင်းနှင့် ခရီးသည်တင်ကားများ၊ ပစ်ကပ်ကားများနှင့် လိုင်းကားများ ထုတ်လုပ်မှုများအတွက်လည်း မတူညီသော အခွင့်အရေးများရှိပါကြောင်း၊ HEVs ကား ထုတ်လုပ်မှုအတွက် လိုအပ်သောစက်ပစ္စည်းများ တင်သွင်းရန် သွင်းကုန်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း၊ PHEVs ကား ထုတ်လုပ်မှုအတွက် လိုအပ်သောစက်ပစ္စည်းများ တင်သွင်းရန် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် အမြတ်ခွန်ကင်းလွတ်ခွင့် သုံးနှစ်ပေးထားသည့်အပြင် အခြားအရေးကြီးသော လျှပ်စစ်ကားအစိတ်အပိုင်းပစ္စည်း ထုတ်လုပ်မှုတစ်ခုချင်းအတွက် နောက်ထပ်တစ်နှစ် အမြတ်ခွန်ကင်းလွတ်ခွင့် ပေးထားသော်လည်း စုစုပေါင်း ခြောက်နှစ်ထက် ပိုမပေးပါကြောင်း၊ BEVs ကား ထုတ်လုပ်မှုအတွက် အမြတ်ခွန် ကင်းလွတ်ခွင့်ကိုလည်း ငါးနှစ်မှရှစ်နှစ်အထိ ပေးထားပြီး အခြားအရေးကြီးသော လျှပ်စစ်ကားအစိတ်အပိုင်းပစ္စည်း ထုတ်လုပ်မှုတစ်ခုချင်းအတွက် နောက်ထပ်တစ်နှစ် အမြတ်ခွန်ကင်းလွတ်ခွင့် ပေးထားသော်လည်း စုစုပေါင်း ၁၀ နှစ်ထက်ပိုမပေးပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အရေးများ ရရှိခံစားနိုင်ရန်အတွက် HEVs ထုတ်လုပ်သူများသည် ယခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နောက်ဆုံးထား၍ BOI သို့ တင်ပြကြရန်နှင့် PHEVs ထုတ်လုပ်သူများသည် ၂၀၁၈ ခုနှစ်ကုန်ထိတင်ပြနိုင် ပါကြောင်း BOI ၏ အတွင်းရေးမှူးချုပ် Mrs. HiranyaSujinai က ပြောကြားပါသည်။

ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာတက်ရောက်သည့် ဇူလိုင် ၂၇ ရက်တွင် ကျင်းပသည့် BOI အစည်းအဝေးတွင် Triumph မော်တော်ဆိုင်ကယ်ကုမ္ပဏီ၏ ၃ ဒသမ ၃၆ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကို အတည်ပြုပေးခဲ့ကြောင်း၊ Triumph ကုမ္ပဏီသည် တစ်နှစ်လျှင် စက်စွမ်းအား ၅၀၀ စီစီထက် ကြီးမားသည့် အင်ဂျင်ပါဝင်သော မော်တော်ဆိုင်ကယ်စုစုပေါင်း အစီးရေ ၁၂၀၀၀၀ ကို ထုတ်လုပ်မည်ဖြစ်ကြောင်း၊ Triumph မော်တော်ဆိုင်ကယ်စက်ရုံကို ချွန်ဘူရီပြည်နယ်ရှိ Amata စက်မှုဇုန်တွင် တည်ထောင်မည်ဖြစ်ပြီး တစ်နှစ်လျှင် ဘတ် ၃ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသည့် ပြည်တွင်းထုတ် အစိတ်အပိုင်းပစ္စည်းများကို အသုံးပြုမည်ဖြစ်ပါကြောင်း၊ Triumph ကုမ္ပဏီသည် ပြည်တွင်းပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သိပ္ပံနှင့် နည်းပညာရပ်များအတွက် စာတွေ့နှင့် လက်တွေ့ပညာရေးစနစ်ကို ကျင့်သုံးမည့် အစီအစဉ်များလည်း ထားရှိကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၁–၈–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးအတက် အကျမရှိဘဲ ရက်သတ္တသုံးပတ် ဆက်တိုက်ဆက်လက်ဈေးငြိမ်နေကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ၅၀ ကီလိုတစ်အိတ်ကို ၇၄ ယွမ်မှ ၈၃ ယွမ် (တစ်တန်ယွမ် ၁၄၈၀ မှ ယွမ် ၁၆၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ ယခင်တစ်ပတ်က တန်ချိန် ၉၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တန်ချိန် ၈၇၀၀ ကျော်သာ ရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းခဲ့ပါတယ်။ မူဆယ်ဈေးကွက်မှာ ဈေးငြိမ်ပေမယ့် အရောင်းအဝယ်အေးနေခဲ့ကြောင်း သိရပါ တယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ်မှာလည်း လားရှိုးဈေးကွက်မှာ ပြောင်းဈေး အတက်အကျမရှိခဲ့ဘဲ ယခင်တစ်ပတ်ဈေးအတိုင်း ရက်သတ္တသုံး ပတ်ဆက်တိုက် ဆက်လက်ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ တစ်ပိဿာ ကျပ် ၅၀၀ (တစ်တန် ကျပ် ၃၀၆၁၉၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ် ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၃၀၄၄၈၀၀ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၈၀၃၃၆၀ သာရှိတာကြောင့် ယခင်တစ်ပတ်ထက် လျော့နည်းပြီး အရောင်းအဝယ်အေးနေ ကြောင်း သိရပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိကြောင်းလည်းသိရ ပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးဆက် လက် တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ကျပ်၁၃၁၀ ထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာ လည်း တစ်ပိဿာ ၁၄၃၅ ကျပ် (တစ်တန် ကျပ် ၈၇၈၇၇၀)နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲကို ရန်ကုန်ဝယ်လက်က ဝယ်လိုအားများခဲ့ပြီး ရောင်းသူများမှလည်း ရောင်းချမှုများတာ ကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ၄၅၇ ကျပ် နဲ့ ဈေးကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၅၃၀ (တစ်တန် ကျပ် ၃၂၄၅၆၀)နဲ့ ဈေးပြန်မြင့်ခဲ့ပါတယ်။ ရန်ကုန်အစာ စပ်လုပ်ငန်းများက အဝယ်များတာကြောင့် ဈေး မြင့်ခဲ့ပြီး အစေ့ ထုတ်ပြောင်း အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးဆက်လက် တက်ရိပ်ပြသော်လည်း ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးဆက်လက် တက်ရိပ်ပြခဲ့ပေမယ့် ပဲတီစိမ်းလုံးကြီးက ဈေးဆက်လက် ကျဆင်း ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၂၆၅ ကျပ်အထိဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ် ပိဿာ ၁၃၇၅ ကျပ် (တစ်တန်ကျပ် ၈၄၂၀၃၀) နဲ့ ဆက်လက် ဈေးမြင့်ခဲ့ပါတယ်။ မြို့ခံပဲခွဲစက်များသာမက ရန်ကုန်ဝယ်လက် များကပါ ဝယ်လိုအားရှိတာကြောင့် မတ်ပဲအရောင်းအဝယ်ဖြစ်မှု များကြောင်း သိရပါတယ်။ အလားတူ ကုလားပဲဖြူလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၂၃၇ ကျပ်နဲ့ဈေးမြင့်ခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ၂၃၁၆ ကျပ်(တစ်တန်ကျပ် ၁၄၁၈၂၉၀) အထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ် က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၈၄၂ ကျပ်နဲ့ဈေးကျခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၇၉ ကျပ်(တစ်တန်ကျပ် ၉၆၆၉၆၀) အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းဖြူတစ်ပိဿာကျပ် ၂၄၀၀ (တစ်တန်ကျပ် ၁၄၆၉၇၃၀)၊ နှမ်းနက်တစ်ပိဿာ ၂၄၆၇ ကျပ် (တစ်တန်ကျပ် ၁၅၁၀၇၆၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မန္တလေး တင်ပို့မယ့်သူများက ဝယ်ယူခဲ့ကြကြောင်း သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးဆက်လက် တက်ရိပ်ပြသော်လည်း ပဲတီစိမ်း(အညာ)ရွှေဝါ ဈေးဆက်လက် ကျဆင်း

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးဆက်လက် တက်ရိပ်ပြနေပေမယ့် ပဲတီစိမ်း (အညာ) ရွှေဝါက ရက်သတ္တသုံး ပတ် ဆက်တိုက်ဈေးကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၃၀၀ နဲ့ဈေးမြင့်ခဲ့သလို ယခုတစ်ပတ် မှာလည်း တစ်ပိဿာ ၁၄၁၇ ကျပ် (တစ်တန် ကျပ် ၈၆၇၇၅၀) အထိဈေးဆက်လက်မြင့်တက်ခဲ့ပါတယ်။ မတ်ပဲဈေး မြင့်တက် လာခြင်းနဲ့ ရန်ကုန်ဝယ်လက်၊ မြို့ခံပဲခွဲစက်များက ဝယ်လိုအား များလာခြင်းကြောင့် မတ်ပဲ အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ)ရွှေဝါ တစ် ပိဿာ ၁၉၅၆ ကျပ်နဲ့ဈေး ကျဆင်းခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၆၈၉ ကျပ် (တစ်တန်ကျပ် ၁၀၃၄၃၂၀) အထိ ဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း(အညာ) ရွှေဝါကိုတရုတ်ဝယ်လက်က အဝယ်နည်းပြီး ရောင်းသူများက လည်း ရောင်းလိုအားနည်းတာကြောင့် အရောင်းအဝယ်အေးခဲ့ ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင် တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၈၄၄ ကျပ်နဲ့ ဈေးကျခဲ့ပေ မယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၈၉ ကျပ်(တစ်တန်ကျပ် ၁၇၆၉၁၉၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ အလားတူ နှမ်းဖြူ ထိပ်စကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၄၀၀ နဲ့ ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၆၆၇ ကျပ်နဲ့ပြန် လည် ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ စီပီပြောင်းကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ၅၁၉ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၅၂၈ ကျပ် (တစ်တန်ကျပ် ၃၂၃၃၄၀) နဲ့ ဈေးမြင့်ခဲ့ပြီး တရုတ်နိုင်ငံသို့တင်ပို့မည့်သူများနဲ့ အစာစပ် လုပ် ငန်းရှင်များက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲဈေးတက်ရိပ်ပြသော်လည်း ပဲစင်းငုံနီဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲဈေးပြန်လည် တက်ရိပ်ပြခဲ့ပြီး ပဲစင်းငုံနီဈေးက ဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ မတ်ပဲဈေးတစ်ပိဿာ ၁၂၁၅ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၈၅ ကျပ်(တစ်တန်ကျပ် ၈၄၈၁၆၀)နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၈၇၅ ကျပ်နဲ့ဈေးကျခဲ့ သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၇၇၅ ကျပ်(တစ်တန် ကျပ် ၄၇၄၆၀၀) အထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရ ပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က သိပ္ပံ နှမ်းနက်(အသစ်) တစ်ပိဿာကျပ် ၂၈၀၀ နဲ့ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၄၅ ကျပ်(တစ်တန် ကျပ် ၁၇၄၂၂၄၀) နဲ့ဈေးပြန်မြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ်က နှမ်းဖြူ (ထိပ်စ) အသစ် တစ်ပိဿာ ၂၆၂၅ ကျပ်နဲ့ ဈေးမြင့်ခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၈၀၀ (တစ်တန်ကျပ် ၁၇၁၄၆၉၀) အထိ ဈေးဆက်လက်တက်ရိပ်ပြခဲ့ကြောင်း သိရ ပါတယ်။ သိပ္ပံနှမ်းနက်ကို မန္တလေးတင်ပို့မယ့်သူများက ဝယ်လို အားများခဲ့ပြီး နှမ်းဖြူ(ထိပ်စ)ကို မြို့ခံနှမ်းလှော်လုပ်ငန်းနဲ့ မန္တလေးတင်ပို့မယ့်သူများက ဝယ်လိုအားကောင်းလျက်ရှိကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးတက်ရိပ်ပြသော်လည်း ပဲတီစိမ်းဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ နှမ်းမျိုးစုံဈေးတက် ရိပ်ပြခဲ့ပေမယ့် ပဲတီစိမ်းဈေး ဆက်လက်ကျဆင်းခဲ့ကြောင်း သိရ ပါတယ်။ ယခင်တစ်ပတ်အထိ သိပ္ပံနှမ်းနက် တစ်ပိဿာကျပ် ၂၆၇၀ နဲ့ဈေးငြိမ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၈၂၅ ကျပ် (တစ်တန်ကျပ် ၁၇၃၀၀၀၀) နဲ့ ဈေးမြင့်ခဲ့ပါတယ်။ ယခင်တစ်ပတ် အထိ နှမ်းနက်ရိုးရိုးတစ်ပိဿာကျပ် ၂၀၈၀ နဲ့ဈေးငြိမ်နေခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၁၁၀ (တစ်တန်ကျပ် ၁၂၉၂၁၄၀)၊ နှမ်းနီကလည်း ယခင်တစ်ပတ်အထိ တစ်ပိဿာ ကျပ် ၂၀၀၀ နဲ့ ဈေးငြိမ်နေခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၁၁၀ (တစ် တန်ကျပ် ၁၂၉၂၁၄၀) နဲ့အသီးသီးဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာ ကျပ် ၂၁၀၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၁၇၅ ကျပ် (တစ်တန်ကျပ် ၁၃၃၁၉၄၀) နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပြီး ကုလားပဲ ဟော်လန်ကို မြို့ခံပဲခွဲစက်များက ဝယ်ယူကြောင်း သိရ ပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၇၆၅ ကျပ်နဲ့ ဈေးဆက် လက်ကျဆင်းခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၄၅၀ (တစ်တန်ကျပ် ၈၈၇၉၆၀) နဲ့ ဆက်လက်ဈေးကျဆင်းခဲ့ပါ တယ်။ ပဲတီစိမ်းဈေးကျတာကြောင့် မန္တလေးဝယ်လက်က ဝယ်လို အားများပြီး အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲဈေး ဆက်လက်တက်ရိပ်ပြ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေး ဆက် လက်တက်ရိပ်ပြခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန်ကျပ် ၇၆၉၀၀၀ နဲ့ ဈေးမြင့်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်တန်ကျပ် ၈၀၉၀၀၀ ထိဆက်လက် ဈေးမြင့်ခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်း ယခင် တစ်ပတ်က တစ်တန် ကျပ် ၉၆၉၀၀၀ ထိ ဈေးမြင့်ခဲ့ပြီး ယခု တစ် ပတ်မှာလည်း တစ်တန်ကျပ် ၁၀၄၂၀၀၀ အထိ ဆက်လက်ဈေး မြင့်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC) တစ်တန်ကို ကျပ် ၄၀၀၀၀၊ မတ်ပဲ SQ(RC) တစ်တန်ကို ကျပ် ၇၃၀၀၀နဲ့ အသီးသီး ဈေးမြင့် ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျဆင်း

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီ ဈေးဆက် လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်း ငုံနီ တစ်ပိဿာကျပ် ၈၅၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၈၂၅ (တစ်တန်ကျပ် ၅၀၅၂၂၀) နဲ့ ဈေးဆက် လက်ကျဆင်းခဲ့ပါတယ်။ အလားတူပဲတီစိမ်း(လုံးသေး)ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ၁၇၆၅ ကျပ်နဲ့ဈေးကျခဲ့ သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ၁၆၅၈ကျပ်(တစ်တန် ကျပ် ၁၀၁၃၈၇၀) နဲ့ ဆက်လက်ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း(လုံးသေး) ကို ရန်ကုန်ဝယ်လက်များကသာ ဝယ်ယူလျက် ရှိကြောင်း သိရပါ တယ်။

××××××××××××××××

# စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင်
# အရင်းအနှီးဈေးကွက်၏ အရေးပါမှု



✸ ထွန်းသက်ထွန်း ✸

အာဆီယံဒေသတွင်းရှိ မဲခေါင်ဒေသ (Greater Mekong Sub-Region,GMS) ကြီးတွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံရှိ ယူနန်ဒေသနှင့် ဂေါင်ဇီဇူယန်း ဒေသတို့ ပါဝင်ဖွဲ့စည်းထားပါသည်။ ဤဒေသကြီးသည် လက်ရှိ ကမ္ဘာပေါ်တွင် အလျင်မြန်ဆုံး တိုးတက်နေသည့် ဒေသတစ်ခုအဖြစ်လည်းကောင်း၊ သယံဇာတအပေါများဆုံး ဒေသအဖြစ်လည်းကောင်း တစ်ကမ္ဘာလုံးက အသိအမှတ်ပြုအာရုံစိုက်ခံရသည့် ဒေသတစ်ခု ဖြစ်လာပါသည်။ ယင်းသို့လျင်မြန်စွာတိုး တက်လာသည့် မဲခေါင်ဒေသကြီးတွင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ လျင်မြန်စွာ တိုးတက်စေရေးနှင့် ဒေသကြီးအတွင်း ပညာရေးကဏ္ဍတိုးတက်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်လျက် ရှိပါသည်။

ဤသို့လျင်မြန်စွာတိုးတက်နေသည့် မဲခေါင်ဒေသကြီးနှင့်အတူ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည် အရင်းအနှီးဈေးကွက် (Capital Markets) များကို အောင်မြင်စွာ တည်ထောင်နိုင်ခဲ့ကြပြီး အဆိုပါ အရင်းအနှီးဈေးကွက်များမှတစ်ဆင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် ငွေအရင်းအနှီးများကို ထိရောက်စွာ စုဆောင်းနိုင်တော့မည်ဖြစ်ပါသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများနှင့် ပြည့်နေသော်လည်း အဓိကစိန်ခေါ်မှုတစ်ရပ်မှာ ဤဒေသကြီးတွင် လုံလောက်သည့် အခြေခံအဆောက်အအုံများ ဖြည့်တင်းရန် လိုအပ်နေခြင်းပင်ဖြစ်သည်။ အဓိကအားဖြင့် စွမ်းအင် မလုံလောက်မှု၊ လမ်းတံတားအစရှိသည့် ပို့ဆောင်ရေးအခြေခံများ မလုံလောက်မှု၊ ဆက်သွယ်ရေးဆိုင်ရာအခြေခံများ မလုံလောက်မှု၊ ယင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ကာလရှည်ငွေကြေးအရင်းအနှီးများ မလုံလောက်မှုစသည် တို့ပါဝင်ပါသည်။ အထူးသဖြင့် စွမ်းအင်ကဏ္ဍသည် ငွေကြေးအရင်းအနှီးများပြားစွာ သုံးစွဲရသည့် အတွက် ယင်းလိုအပ်သည့်ငွေကြေးအရင်းအနှီးကို မည်သို့ရှာဖွေမည်ဆိုသည်မှာ အဓိကစဉ်းစားရမည့်အချက်ဖြစ်လာပါသည်။

မဲခေါင်ဒေသတွင်းနိုင်ငံများ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသည့် အလျောက် ယင်းစွမ်းအင်ကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေရရှိရေးသည် အရေးပါသည့် နေရာမှ ရပ်တည်လျက်ရှိပါသည်။ စွမ်းအင်ကဏ္ဍသည်ငွေကြေးအရင်းအနှီး များပြားစွာ လိုအပ်သော်လည်း အဆိုပါဂျီအမ်အက်စ်နိုင်ငံတို့သည် နိုင်ငံ၏ ဘဏ္ဍာငွေမှ စွမ်းအင်ကဏ္ဍအတွက် လုံလောက်စွာ ကျခံနိုင်ရန် မလွယ်ကူလှပါ။ ထို့အတူ ဂျီအမ်အက်စ်နိုင်ငံတို့တွင် စွမ်းအင်အရင်းအမြစ်များ ကြွယ်ဝသော်လည်း ဘဏ္ဍာငွေနှင့် နည်းပညာများ နည်းပါးမှုကြောင့် ကိုယ့်ထူကိုယ်ထစနစ်ဖြင့် ထုတ်ယူနိုင်ရန် မလွယ်ကူလှသည်ကို တွေ့ရပါသည်။

သို့အတွက် ဂျီအမ်အက်စ်နိုင်ငံတို့၏ စွမ်းအင်ကဏ္ဍအတွက် လိုအပ်သည့်ငွေကြေးများကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တို့မှ အကူအညီများရယူကာ ဆောင်ရွက်ကြရပါသည်။ စွမ်းအင်ပရောဂျက် အများစုမှာတည်ဆောက်၊ မောင်းနှင်၊ လွှဲပြောင်းသည့် BOTစနစ်ကိုကျင့်သုံးပြီး အများအားဖြင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပါဝင်ရင်းနှီးမြှုပ်နှံကြခြင်း ဖြစ်ပါသည်။

သို့သော်လည်း ထူခြားသည့်အချက်အနေနှင့် မဲခေါင်ဒေသနိုင်ငံအချို့သည် မိမိတို့နိုင်ငံစွမ်းအင်ကဏ္ဍအတွက် လိုအပ်သည့် ငွေကြေးအရင်းအမြစ်ကို အရင်းအနှီးဈေးကွက် (Capital Markets) မှ တစ်ဆင့် ထိရောက်စွာ စုဆောင်းကာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည့်သာဓကများကို တွေ့မြင်ရပါသည်။

အထူးသဖြင့် လာအိုနိုင်ငံ၏ အရှိန်အဟုန်မြင့်မားစွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ချိမှုကို ဆောင်ရွက်နိုင်ခဲ့သည်မှာ ထင်ရှားသည့် သာဓကတစ်ခု ဖြစ်ခဲ့ပါသည်။ လာအိုနိုင်ငံလျှပ်စစ်ဓာတ်လုပ်ငန်း Electricité dက Laos (EDL)နှင့် လာအိုအစိုးရတို့သည် ဆင်းရဲသူပြည်သူတို့အတွက် သုံးစွဲနိုင်သည့် အနေအထားရှိစေရေးအတွက် လျှပ်စစ်ကို အရှုံးခံဖြန့်ချိပေးခြင်း (subsidies)၊ ရှုံးသောနေရာကို မြတ်သော လုပ်ငန်းများမှ ဝင်ငွေနှင့် ကျခံလုပ်ဆောင်ခြင်း (cross-subsidies) တို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးကို လာအိုအစိုးရအနေဖြင့် သက်သာသည့်ချေးငွေများ၊ ထောက်ပံ့ငွေများ ရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများ ရယူခဲ့ပေသည်။ ထိုအကူအညီများကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ တစ်ဆင့် EDL သို့ ပြန်လည် ချေးပေးခဲ့ပါသည်။

လာအိုအစိုးရသည် လျှပ်စစ်ဖြန့်ချိ၍ ရရှိသည့် ဝင်ငွေများထဲမှ အမြတ်ဝေစုကို EDL သို့ ခွဲဝေ ပေးခဲ့သည့်အပြင် Theun Hinboun နှင့် Houay Ho အစရှိသည့် ပရောဂျက်ကြီးများတွင် အစိုးရက EDL တွင် အစုရှယ်ယာဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်များတွင် နိုင်ငံ၏ ပြည်ပလျှပ်စစ်ပို့ကုန်တန်ဖိုး၏ ၇၀ ရာခိုင်နှုန်းကို EDL မှ ဖြည့်တင်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အတွင်းတွင် EDL သည် ထိုင်းနိုင်ငံစတော့ဈေးကွက်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၉၄၈ သန်း တန်ဖိုးနှင့် အမေရိကန်ဒေါ်လာ ၂၀၃ သန်း တန်ဖိုးရှိငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေကာ ငွေ အရင်းအနှီး မြှင့်တင်နိုင်ခဲ့ပါသည်။

စီးပွားရေး ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ရည်ရွယ်ချက်အမျိုးမျိုးတို့ဖြင့် စီးပွားရေးလုပ်ငန်းကြီးများသည် ငွေချေးသက်သေခံလက်မှတ်များဖြစ်သည့် စတော့များ၊ ငွေချေးစာချုပ်များကို ထုတ်ဝေခဲ့သည့် သာဓကများစွာ ရှိပါသည်။ ထိုအထဲမှ ထိုင်းနိုင်ငံအခြေစိုက်အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်သည့် CK Power ၏ ဆောင်ရွက်မှုမှာ ထင်ရှားပါသည်။ ယင်းကုမ္ပဏီကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကို အရင်းအမြစ်မျိုးစုံမှ ရယူထုတ်လုပ်ဖြန့်ချိခဲ့ပါသည်။ ထို့နောက် ၎င်း CK Power ၏ ရှယ်ယာများကို ထိုင်းစတော့အိတ်ချိန်း၌ ၂၀၁၃ ခုဇူလိုင်လတွင် စာရင်းဝင် ကုမ္ပဏီအဖြစ် တင်သွင်းကာရှယ်ယာများ ရောင်းဝယ်ဖောက်ကားခဲ့ပါသည်။ ၂၀၁၆ ခု တန်ဖိုးအရ ထိုင်းဘတ် ၁၄ ဒသမ ၃ ဘီလီယံ တန်ဖိုးရှိရှယ်ယာများ ထုတ်ဝေရောင်းချပြီးဖြစ်ပါသည်။

နောက်ထပ်နမူနာတစ်ခုမှာ လာအိုနိုင်ငံ၏ EDL-Gen ဖြစ်ပါသည်။ ၎င်းသည် ၂၀၁၄ ခု ဒီဇင်ဘာလတွင် ကြွေးမြီအဆင့် BBB+ သတ်မှတ်ထားသည့် ထိုင်းဘတ်အခြေပြုငွေချေးစာချုပ် အမျိုးအစား (၃)မျိုး (သက်တမ်း ၅ နှစ်၊ ၇ နှစ်နှင့် ၁၀ နှစ်) ကို ခွဲခြားကာ ထိုင်းစတော့အိတ်ချိန်းမှတစ်ဆင့် ထုတ်ဝေရောင်းချခဲ့ပါသည်။ ယင်းသည် လာအိုနိုင်ငံအတွက် နိုင်ငံတကာဈေးကွက်သို့ ခြေဆန့်နိုင်သည့် မှတ်တိုင်တစ်ခုဖြစ်ခဲ့ရုံမျှမက လာအိုအရင်းအနှီးဈေးကွက်အတွက်လည်း ကြီးမားသည့် ပြောင်းလဲမှုတစ်ရပ် ဖြစ်ခဲ့ပေသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို အရင်းအနှီးဈေးကွက်မှတစ်ဆင့် ဖိတ်ခေါ်နိုင်ခဲ့သည့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ပါသည်။

နောက်ထပ်နမူနာယူစရာတစ်ခုရှိပါသည်။ ယင်းမှာထိုင်းနိုင်ငံစတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် GPSC စွမ်းအင်ကုမ္ပဏီဖြစ်ပါသည်။ ၎င်းကုမ္ပဏီသည် စနစ်ကျနသော နည်းပညာများဖြင့် တည်ဆောက်ဖွဲ့စည်းထားကာ ရေတိုရေရှည်စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်နိုင်သဖြင့် ပြည်တွင်း-ပြည်ပ ရှယ်ယာရှင်များ၏ ယုံကြည်စိတ်ချမှုကိုရရှိခဲ့သည့် စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်ခဲ့ပါသည်။ GPSC သည် ပြည်တွင်းဈေးကွက်မှသည် ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်သည့် ကုမ္ပဏီဖြစ်ခဲ့ရုံမျှမက စွမ်းအင်လောက၏စံထားစရာ ကုမ္ပဏီလည်း ဖြစ်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်၊ မေလတွင် ထိုင်းစတော့အိတ်ချိန်းမှ တစ်ဆင့် ရှယ်ယာပေါင်း ၃၇၄ ဒသမ ၅၁ သန်းကို ထုတ်ဝေရောင်းချခဲ့သည်။ မူလတန်ဖိုး တစ်ရှယ်ယာလျှင် ၁၀ ဘတ်ရှိသော ရှယ်ယာ တစ်စုကိုဈေးကွက်တွင် ၂၇ ဘတ်ဖြင့် အောင်မြင်စွာ ရောင်းချနိုင်ခဲ့သည်။

အချုပ်ဆိုရသော် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအောင်မြင်တိုးတက်ရေးအတွက် အစိုးရအသီးသီးသည် မူဝါဒအမျိုးမျိုးကို ချမှတ်ဆောင်ရွက်နေကြသည့်အချိန်တွင် နိုင်ငံပိုင်စီးပွားရေးကဏ္ဍနှင့် ပုဂ္ဂလိကပိုင် စီးပွားရေးကဏ္ဍများအတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးကို အစိုးရကိုချည်း အားကိုးမနေဘဲ အရင်းအနှီးဈေးကွက်မှတစ်ဆင့် ငွေကြေးများ စုစည်းရရှိနိုင်ကြောင်း ဂျီအမ်အက်စ်နိုင်ငံအချို့၏ သာဓကများက ထင်ရှားစွာဖော်ပြလျက်ရှိပါသည်။

❑

## မြောင်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပပြီး မြောင်မြို့နယ်အတွင်းရှိ နှစ်ပြန်ကြော်၊ ပဲကြော်ဖိုများအား သွားရောက်စစ်ဆေး

စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာ ဦးစီး ဌာနသည် မြောင်မြို့နယ်၊ အထွေထွေ အုပ် ချုပ်ရေးဦးစီးဌာန၊ ထီးလှိုင်ရှင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိ ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် တွင် ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ မြောင်မြို့ နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် မိတ်ဖက်အဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင် မြောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ကျော် သန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စစ်ကိုင်းခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဌာန၏သမိုင်းကြောင်းများနှင့် စားသုံးသူများနစ်နာလျှင် တိုင်ကြားနိုင်သော စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကိုလည်း စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်တွင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပါသည်။ စားသုံးသူရေးရာ ဦးစီးဌာန၊ စစ်ကိုင်း ခရိုင် ဦးစီးမှူးရုံးမှ ဒေါ်ကေသီအောင်က စားသုံးသူအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ဦးခင်မောင်ဝင်းက စားသုံးဆီနှင့် ဟင်းချိုမှုန့်စားသုံးခြင်း၏ အန္တရာယ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲအပြီးတွင် မြောင် မြို့နယ်၊ လှေတင်ဦးကျေးရွာရှိ 'အောင်ပြေကျော်' ပခုက္ကူနှစ်ပြန်ကြော်နှင့် စားတော်ပဲကြော်လုပ်ငန်းနှင့်'ကျော်' နှစ်ပြန်ကြော်နှင့် အကြော်စုံ လုပ်ငန်းသို့သွားရောက်ကာ ပဲကြော်ကြော်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ထုပ်ပိုးမှုပုံစံကိုလည်းကောင်း၊ တင်ပို့ရောင်းချမှုကိုလည်းကောင်း၊ လုပ်ငန်းလိုင်စင် ရှိ၊ မရှိကိုလည်းကောင်း၊ စားသုံးရန်သင့်၊ မသင့်ကိုလည်းကောင်း စစ်ဆေးခဲ့ပါသည်။ ဆွေးနွေးပွဲတက်ရောက်သူများနှင့် ပဲကြော်၊ နှစ်ပြန်ကြော်လုပ်ငန်းရှင်များကိုလည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **သဇင်ကို(စစ်ကိုင်း)**

## တရုတ်နယ်စပ်မှ သကြားလျှော့နည်း တင်ပို့သလို ထိုင်းနယ်စပ်မှလည်း လျော့နည်းတင်သွင်း

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသုံးခုမှ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၁၇၉ သန်းတန်ဖိုးရှိ Re-Export သကြား ၁၇၁၉၈ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၆၆၅၀ တန်ကျော်၊ လွယ်ဂျယ်မှ ၆၅ တန်နဲ့ ချင်းရွှေဟော်မှ ၄၈၃ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းသုံးခုပေါင်းမှ ၁၈၅၁၃ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၃၁၄ တန်လျော့နည်း တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ ယခုရက်သတ္တပတ်အတွင်း သကြားတစ်တန်ဈေးကျပ် ၇၃၁၆၄၀ ဖြစ်ပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၃၆၄၀ ရှိတယ်လို့ သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း ယခုရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၇၇၀ သန်း တန်ဖိုးရှိ Re-Export သကြား တန်၁၄၀၀ကို ထိုင်းနိုင်ငံမှ တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၂၂၅၅ တန်နဲ့ နှိုင်းယှဉ်ပါက ၈၅၅ တန်လျော့နည်းတင်သွင်းလာတာ တွေ့ရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၄၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၇၀၅ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၀၄၆ တန်နဲ့ နှိုင်းယှဉ်ပါက ၃၄၁ တန် လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာသုညဒသမ ၆၅၇ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ငါးမွှန်၊ ငါးဆားနယ်နဲ့ ပုစွန် တင်ပို့မှု ပိုမိုခဲ့ပေမယ့် အခြားရေထွက်ကုန် တင်ပို့မှု လျော့နည်းခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ငါးရှဉ့်ဈေးရော ကဏန်းဈေးပါ ယခင်တစ်ပတ်ကအတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**



## ကန်ပိုက်တီမှတစ်သျှူးငှက်ပျောပိုမိုတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၅၀၃၁၈၆ တန်ဖိုးရှိ တစ်သျှူးငှက်ပျော ၅၁၂၅တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၇၅ တန်နဲ့ နှိုင်းယှဉ်ပါက ၄၉၅၀ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိတာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၃၃၀၀၅ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကလည်း တန် ၁၀၀ တင်ပို့ခဲ့တာကြောင့် တာချီလိတ်မှ ပုံမှန်တင်ပို့လျက်ရှိကြောင်း သိရပါတယ်။

ကချင်ပြည်နယ်တွင်တစ်သျှူးငှက်ပျော စိုက်ခင်းများကို မြစ်ကြီးနား၊ ဝိုင်းမော်၊ မံစီ၊ မိုးမောက်၊ ဗန်းမော်နဲ့ ရွှေကူမြို့နယ်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း၊ ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ကျေးရွာများတွင် တစ်သျှူး ငှက်ပျောလုပ်ငန်းကို တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပညာရှင်များက လာရောက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါတယ်။ **မော်မော်အောင်**

## မူဆယ်ရော တာချီလိတ်မှပါ လက်ဖက်ခြောက်ပိုမိုတင်ပို့

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၅၅၁ တန်ဖိုးရှိလက်ဖက်ခြောက်၁၈ တန်တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅ တန်နဲ့နှိုင်းယှဉ်ပါက ၁၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၁၅၅၂၂ တန်ဖိုးရှိ လက်ဖက်ခြောက်တန် ၄၀ နီးပါးကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တာချီလိတ်မှ လက်ဖက်ခြောက် တင်ပို့နိုင်ခြင်း မရှိတာတွေ့ရပါတယ်။

မြန်မာနိုင်ငံမှ လက်ဖက်ခြောက် ဝယ်ယူရန်အတွက် ဂျာမနီနိုင်ငံမှ အရည်အသွေး စစ်ဆေးရေး ပညာရှင်တွေ လာရောက်ကာ နိုင်ငံအတွင်းမှာ ထွက်ရှိတဲ့ လက်ဖက်ခြောက်များကို အရည်အသွေး စမ်းသပ်စစ်ဆေးခဲ့ပြီး ရှမ်းပြည်နယ်ရှိ စံပြလက်ဖက်ခြောက်စက်ရုံတွင် အခြောက်ခံ၍ ထွက်ရှိလာတဲ့ လက်ဖက်ခြောက်တွေကို စံချိန်စံညွှန်း ပြည့်မီသဖြင့် ဝယ်ယူရန် သဘောတူညီချက်ရရှိခဲ့တယ်လို့မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းမှ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ဝါဂွမ်းနဲ့ ပိုးအိမ်လျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁၇၃၈၀၀ တန်ဖိုးရှိ ငွေချည်-ဖဲဝါ ၇၉ တန်တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၉ တန်နဲ့ နှိုင်းယှဉ်ပါက တန်၅၀ လျော့နည်းခဲ့သလို အမေရိကန်ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိပိုးအိမ် ၄ တန် တင်ပို့ရာမှာလည်း ယခင်တစ်ပတ်က ၈ တန် တင်ပို့ခဲ့တဲ့အတွက် ၄ တန်လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။

ရမည်းသင်းမြို့နယ်ရှိ ဝါပွဲရုံများ၊ အဝယ်ဒိုင်များက အနယ်နယ်အရပ်ရပ်မှ ထွက်ရှိတဲ့ ဝါများကို ဝယ်ယူစုဆောင်းပြီး ဝါဂွမ်းနဲ့ ဝါစေ့အဖြစ် ကြိတ်ခဲ့ ရောင်းချကာ ဝါတစ်ပိဿာကိုကြိတ်လျှင် ဝါဂွမ်း ၃၃ ကျပ်သားမှ ၃၇ ကျပ်သားခန့်နဲ့ ကျန်အတိုင်းအတာမှာ ဝါစေ့ရရှိကြောင်း၊ ကြိတ်ခဲ့ရရှိတဲ့ ဝါဂွမ်းကို ဖိစက်နဲ့ ဖိပြီး စနစ်တကျ ထုပ်ပိုး၍ မန္တလေး စက်ရုံများနဲ့ ပြည်ပဝယ်လက်များထံ ရောင်းချရကြောင်း၊ ဝါစေ့များကို မြင်းခြံ၊ တောင်သာနဲ့ မိတ္ထီလာမြို့များရှိ ဆီစက်များသို့ တင်ပို့ရောင်းချကြောင်း ဝါကြိတ်စက်လုပ်ငန်းရှင် တစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အင်ကြင်းကျောက်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုညဒသမ ၁၃၂ သန်းတန်ဖိုးရှိ အင်ကြင်းကျောက်တန် ၄၀ ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုမရှိဘဲ ဇူလိုင် နောက်ဆုံးပတ်က ၄၅ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။

အင်ကြင်းကျောက်သားဖြင့် ပုတီး၊ ဆွဲကြိုး၊ ဆွဲပြား၊ ဆွဲသီး၊ လက်စွပ်၊ လက်ကောက်နဲ့ တိရစ္ဆာန် အရုပ်များကို ထုလုပ်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရာ ယခုအခါ နိုင်ငံခြားသားများအတွက် ဟိုတယ်၊ မိုတယ်၊ အင်းတွေမှာ ကောင်တာဖွင့်ပြီး ရောင်းချပေးနေကြောင်း၊ အင်ကြင်းအလှဆင်ပစ္စည်းတွေကို ကျန်းမာရေး စောင့်ရှောက်မှုအရ ရိုးရာ ဆင်ယင်မှုအရ တရုတ်လူမျိုးတွေက ဝယ်ယူလေ့ရှိကြောင်း မြန်မာနိုင်ငံ အင်ကြင်းကျောက်လုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။ **မော်မော်အောင်**

## ပြည်ပဲတီစိမ်းအသစ် အဝင်လှိုင်လာပေမယ့် ဈေးလျော့သွားခဲ့

ဩဂုတ်လလယ်၌ ပြည်ပဲဈေးကွက်အတွင်း ပဲတီစိမ်းသီးနှံ သစ်များ အဝင် များလာပြီဖြစ်လို့ တစ်ရက်လျှင် အိတ် ၄၀၀ကျော်ထိ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပြည်အနီးတစ်ဝိုက်နှင့် မင်းတုန်း၊ကံမမြို့နယ်များမှ ဝင်ရောက်ခြင်းဖြစ်ပြီး တရုတ်ဝယ်လက်ဝယ်ယူမှုကြောင့် မန္တလေးလိုင်းသမားများ အဓိကထား ဝယ်ယူခဲ့ကြပါတယ်။ ဝင်ရောက်လာသမျှ ဝယ်ယူလို့ အိတ် ၃၀၀ ကျော်နေ့စဉ် ရောင်းချခဲ့ရပြီး ပဲဈေးမှာ တစ်တင်းလျှင်ကျပ် ၂၈၀၀၀ ဖြစ်၍ အရောင်းအဝယ်ဖြစ်ခဲ့တဲ့အတွက် ယခင်တစ်ပတ်ကဈေးထက် တစ်တင်းကျပ် ခုနစ်ထောင်ခန့် ကျဆင်းခဲ့ပါတယ်။ ပဲသစ် အဖွင့်ဈေးမှာကတည်းက တစ်တင်းကျပ် သုံးသောင်းကျော်ဈေးရရှိခဲ့ကာ လဆန်းရက်အထိ ဈေးကောင်း ဆက်ရသော်လည်း ယခုတစ်ပတ်မှာ ပဲအဝင် လှိုင်လာပေမယ့် ပဲဈေးလျော့နည်းသွားခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့နာနတ်သီးများကို တရုတ်နိုင်ငံမှ ဝယ်ယူမှုများပြား

ပြည်တွင်းထွက် သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့နေရပြီး လက်ရှိတွင် တရုတ်နိုင်ငံမှ မြန်မာ့နာနတ်သီးများကို အများအပြား ဝယ်ယူလျက် ရှိနေပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၇၄၉၆ တန်ဖိုးရှိ နာနတ်သီး ၂၁၆ တန်ကိုလည်းကောင်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၅၀၂၂ တန်ဖိုးရှိနာနတ်သီး ၆၂ တန်ကိုလည်းကောင်း ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်အတွင်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။



အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၄၈၁၅ တန်ဖိုးရှိ နာနတ်သီး တန် ၁၀၀ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းဘေးရှိ ကျေးရွာတွေမှာ နာနတ်ခြံများ တိုးချဲ့စိုက်ပျိုးလျက်ရှိပါတယ်။ နာနတ်စိုက်ပျိုးတဲ့အခါမှာ မစိုက်ခင်မြေကို အရင်ထွန်ယက်ရပြီး မြက်ပေါင်းတွေ သယ်ပြီးတဲ့အခါမှာ ဘောင်ဆယ်ရပါတယ်။ ဘောင်ဆယ်ပြီးတော့ ဘောင်အတွင်းမှာ အပင်စိုက်ပျိုး ရပါတယ်။ စိုက်ပြီးတစ်လကြာ ချိန်မှာတော့ စပါးခွံဓာတ်မြေဩဇာကို စိုက်ထားတဲ့အပင်တွေကြားထဲကို ထည့်ပေးရတယ်လို့ အင်းတော်မြို့နယ်မှ နာနတ်စိုက် တောင်သူတစ်ဦးက ပြောပါတယ်။ **မော်မော်အောင်**

# “ကုန်သွယ်မှု မြှင့်တင်ရန် ကုန်စည်ပြပွဲ အခြေခံ”
## (သိသင့်တဲ့ Event Planning)

နိုင်ငံတော်အစိုးရသစ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Myanmar Trade Promotion Organization-MYANTRADE) ဌာနသစ်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ၌ စတင်ဖွဲ့စည်းပြီး ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စများကို အဓိကတာဝန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုလျှင် သက်တမ်း တစ်နှစ်နှင့် လေးလသာ ရှိသေးသော်လည်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ရှိသည့် အင်အားနှင့် ကျစ်ကျစ်လျစ်လျစ်ဆောင်ရွက်လျက်ရှိရာ ထိုက်သင့်သော အောင်မြင်မှုများ ရရှိနေပြီ ဖြစ်သည်။

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဌာနခွဲတစ်ခုဖြစ်သော ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများကို စနစ်တကျနှင့် အောင်မြင်စွာ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

“ကုန်သွယ်မှု မြှင့်တင်ရန် ကုန်စည်ပြပွဲအခြေခံ” ဆိုတဲ့စကားနှင့်အညီ စာရေးသူအနေနှင့် ယခုတစ်ပတ်မှာ သိသင့်တဲ့ Event Planning ခေါင်းစဉ်နှင့် ဗဟုသုတဖြစ်ဖွယ်အဖြစ် ဝေမျှချင်ပါသည်။ Event Planning ဆိုတာ ဖြစ်ရပ်တစ်ခုကို စီစဉ်ခြင်းပဲဖြစ်ပါသည်။

### ဖြစ်ရပ်စီစဉ်ခြင်း၏ Idea ၊ အတွေးအခေါ်၊ သွင်ပြင်လက္ခဏာနှင့် လုပ်ဆောင်ရမည့်အချက်များ

Planning စီမံကိန်းချမှတ်ခြင်းဟူသည် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေခြင်း၏ အကြောင်းတရားများကို အကဲဖြတ်လျက် လက်ရှိသတင်းအချက်အလက်များနှင့် အရင်းအမြစ်များကို အသုံးပြုကာ စီမံကိန်း၏ ရည်ရွယ်ချက်အောင်မြင်စေရန် လက်တွေ့ကျ၍ ထိရောက်သောစီမံချက်နှင့် ကောင်းမွန်သော အတွေးအခေါ်ပုံစံတို့ပေါင်းစပ်ဆောင်ရွက်သည့် ဖြစ်စဉ်ကို ဆိုလိုသည်။

စီမံကိန်းချမှတ်ခြင်းသည် ရည်မှန်းချက်အား အခြေခံအဖြစ်ထား၍ သတင်းအချက်အလက်အား အခြေပြုလျက် ဖန်တီးနိုင်စွမ်းအားကို အဓိကထားကာ ပြည့်စုံစွာနှင့် စနစ်ကျစွာ ဆောင်ရွက် သော စီမံကိန်းဖြစ်ပါသည်။

ဖြစ်ရပ်တစ်ခုအား စီစဉ်ခြင်းဟူသည် ဖြစ်ရပ်အား စီစဉ်ကြီးကြပ်သူ၊ ဖြစ်ရပ်အား ခွင့်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် တံဆိပ်အမှတ်အသားပြုလုပ်ခြင်းတို့ဆောင်ရွက်သူမှ ဖြစ်ရပ်တစ်ခုအား အလားအလာကောင်းသော နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း၊ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဈေးကွက်မဟာဗျူဟာများ၊ အုပ်ချုပ်မှုနည်းလမ်းများ အကောင်အထည်ဖော်ခြင်း ဖြစ်စဉ်ကိုဆိုသည်။

ဖြစ်ရပ်တစ်ခုအား စီစဉ်ခြင်းသည် ရည်မှန်းချက်အောင်မြင်ရန် ဖြစ်ရပ်တစ်ခုအား ပုံစံချ၍ အကောင်းဆုံးရလဒ်ရရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ဖြစ်ရပ်တစ်ခုသည် အောင်မြင်စွာ စီမံချက်မချမှတ်ဘဲနှင့် မအောင်မြင်နိုင်ပေ။ ဖြစ်ရပ်တစ်ခု စီမံချက်ချမှတ်ရာတွင် လူမှုအရင်းအမြစ်များကို ထိရောက်စွာ စုစည်းအသုံးချမှ အောင်မြင်နိုင်မည်။ မြို့(သို့) ဒေသ တစ်ခုရှိလုပ်ငန်းအောင်မြင်ရန်မှာ လုပ်ငန်းတိုးတက်စေမည့် ကောင်းမွန်သော မဟာစီမံကိန်း လိုအပ်သည်။ လိုအပ်သော အရင်းအမြစ် ရှာဖွေရန်၊ စူးစမ်းလေ့လာရန်နှင့် ၎င်းတို့အား စနစ်တကျ အကောင်းဆုံးအသုံးပြုရန်တို့မှာ ဖြစ်ရပ်တစ်ခုအား စီမံချက်ချမှတ်ဆောင်ရွက်ရာတွင် အောင်မြင်ရန် နည်းလမ်းဖြစ်သည်။

ဥပမာ- ၂၀၁၅ခုနှစ်တွင် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ခြောက်လတာ ကျင်းပသည့် ကမ္ဘာ့ကုန်စည်ပြပွဲ၏ Theme Planning of Shanghai World Expo မှာ “Better City,Better Life” ဖြင့် ချမှတ်ပြီး ဆောင်ရွက်ခဲ့ရာ အထူးအောင်မြင်မှုများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်ရပ်စီစဉ်ရာတွင်စီစဉ်သူ၊ ရည်မှန်းချက်၊ ဖြစ်ရပ်နှင့်ဆက်နွယ်သောဗဟုသုတ၊ စီမံကိန်း အကဲဖြတ်မှုတို့လိုအပ်သည်။

### ဖြစ်ရပ်စီစဉ်ခြင်း၏ အနာဂတ်

ဖြစ်ရပ်စီစဉ်ခြင်းသည် သီးခြားရည်မှန်းချက်များဖြင့် ဆောင်ရွက်သည့် စီမံကိန်းတစ်ခု ဖြစ်ကာ ဖြစ်ရပ်သီအိုရီအား အသုံးချခြင်းဖြစ်သည်။ ဖြစ်ရပ်စီစဉ်ရာတွင် စနစ်တကျ စီမံချက်ချခြင်း၊ ရှုပ်ထွေးသော စီမံကိန်းများ စီမံကွပ်ကဲခြင်းဖြစ်သည်။ ဖြစ်ရပ်စီစဉ်သူသည် အချို့လက္ခဏာများကို စဉ်းစားရုံမျှသာမက နည်းလမ်းများ ရှာဖွေ ခြင်း ရှုထောင့်မျိုးစုံမှ ချိန်ညှိခြင်းတို့ ဆောင်ရွက် ရမည်။

ဥပမာ-အိုလံပစ် အားကစားပွဲကျင်းပမည့်နေရာ ရွေးချယ်တည်ဆောက်ရာတွင် လက်ခံကျင်းပမည့်မြို့ ဖွံ့ဖြိုးတိုးတက်ရန်နှင့် စီမံချက်ချရန်တို့မှာ အရေးကြီးသဖြင့် လန်ဒန်မြို့သည် ကာလတို

**|| ဝင်းသန်းကျော်(ကုန်သွယ်မြှင့်) ||**

ဖြစ်ရပ်အလားအလာမှတစ်ဆင့် ကာလရှည် အခြေခံအဆောက်အအုံတည်ဆောက်မှုများကို ဆောင်ရွက်ခဲ့သည်။ ဆုံးဖြတ်ချက်ချရာတွင် လူအများသည် ရည်မှန်းချက်အောင်မြင်ရန် အကောင်းဆုံးနည်းလမ်းများ ရွေးချယ်လေ့ရှိသည်။ သို့ရာတွင် ပတ်ဝန်းကျင်မှာ အမြဲပြောင်းလဲနေရာ အဖြစ်အပျက်များကို ခန့်မှန်း၍ မရနိုင်ပေ။ ထို့ကြောင့် ဖြစ်ရပ်စီစဉ်ရာတွင် မသေချာမရေရာမှု များ ရှိသည်။ စီစဉ်သူသည် စီမံကိန်းချမှတ်ရာတွင် မသေချာမှုများ၊ စွန့်စားမှုများကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရသည်။ ဖြစ်ရပ်အစီအစဉ် တစ်ခုသည် အစီအစဉ်အား အကောင်အထည်ဖော် ရာတွင် ရည်မှန်းချက်၊ အကောင်အထည်ဖော်မည့် စီမံချက်နှင့် စီးပွားရေးအကျိုးအမြတ်တို့အပေါ်မူတည်၍ ဖြစ်နိုင်ခြေလေ့လာမှု ပြုလုပ်မှသာ ဆောင်ရွက်နိုင်မည်။

### ဖြစ်ရပ်စီစဉ်ခြင်း၏ လုပ်ငန်းများ

ဖြစ်ရပ်အုပ်ချုပ်မှုလုပ်ငန်းများကို တစ်စုတစ်စည်းတည်း ထိန်းညှိဆောင်ရွက်ခြင်းမှာ ဖြစ်ရပ်အစီအစဉ်၊ မူဘောင်၊ လုပ်ငန်းစီမံချက်တို့သည် ဖြစ်ရပ်စီစဉ်သူအား မည်ကဲ့သို့ စီစဉ်မည်ကို လမ်း ညွှန်ပေးသည်။ ယင်းစီမံချက်အောက်တွင် သက်ဆိုင်ရာဌာနများသည် လမ်းညွှန်ချက်အရ ဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ရမည်။ ဖြစ်ရပ်စီစဉ်သူအတွက် အရင်းအမြစ်များသည် အကန့်အသတ်နှင့် ဖြစ်သဖြင့် စီးပွားရေးအမြတ်ရရှိရန်၊ လုပ်ငန်းချောမွေ့ရန်နှင့် လုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် အရင်းအမြစ် များကို ထိရောက်စွာ အသုံးချရန် လိုသည်။ အရင်းအမြစ်များတွင် လူသားအရင်းအမြစ်၊ ငွေကြေး၊ သတင်းအချက်အလက်၊ အချိန်တို့ပါဝင်သည်။ ခိုင်မာသော အစီအစဉ်အရ လက်ရှိအရင်းအမြစ်များအား သင့်လျော်စွာ ခွဲဝေအသုံးချသင့်သည်။ ဖြစ်ရပ်စီစဉ်သူသည် ဈေးကွက်အတွင်း ပတ်ဝန်းကျင်ပြောင်းလဲမှုအရ ခြိမ်းခြောက်မှု၊ စွန့်စားမှုများနှင့် ရင်ဆိုင်နေရတတ်သည်။ ဖြစ်ရပ် စီစဉ်ခြင်းဖြင့် ဖြစ်ရပ်စီစဉ်သူအား စွန့်စားမှုများ ရှောင်ရှားရန်နှင့် ဖြစ်ရပ်ယှဉ်ပြိုင်စွမ်းအား မြင့်မားစေရန် အကျိုးကျေးဇူးဖြစ်စေသည်။

ဖြစ်ရပ်တစ်ခုစီသည် နိုင်ငံရေး (သို့) စီးပွားရေး (သို့) လူမှုရေး အကျိုးစီးပွားရရှိရန် လိုသည်။ ဖြစ်ရပ်စီစဉ်ခြင်းသည် စနစ်ကျသော စီမံကိန်းဖြစ်သည်။ ၎င်းသည်ဖြစ်ရပ်စီစဉ်သူအား ဆက်စပ်အရင်းအမြစ်နှင့် စီမံကိန်းများကို စုစည်း၍ ဖြစ်ရပ်တစ်ခုလုံးအား ဦးတည်လျက် အခြားဆက်စပ် အစီအစဉ်များကို အကောင်အထည်ဖော်ရန် တွန်းအားပေးသည်။

ဖြစ်ရပ်အစီအစဉ်များသည် ဖြစ်ရပ်လည်ပတ်မှု ချောမွေ့စေရန် လမ်းညွှန်ခြင်းနှင့် လုပ်ငန်းအစီအစဉ်နှင့် ဆက်နွယ်သော အရာသဖွယ်ဖြစ်သည်။ ဖန်တီးနိုင်သော သဘောထားနှင့် အတွေးအခေါ်များ၊ နည်းလမ်းများ၊ အဖွဲ့အစည်းများနှင့် စီမံအုပ်ချုပ်မှုများ၊ ဒီဇိုင်းများ၊ ဆန်းသစ်သော ဗိသုကာလက်ရာများ၊ ဥပဒေစည်းမျဉ်း၊ ကိုယ်ကျင့်တရားတို့မှာ ဖြစ်ရပ်ကြောင့် ဖွံ့ဖြိုးလာသည်။

### ဖြစ်ရပ်စီမံချက်ချမှတ်ရာတွင် ပါဝင်သောအရာများ

ကနဦး အစီအစဉ်များအား ရေးဆွဲရန်နှင့် မူဘောင်ချမှတ်ရန်တို့အတွက် လက်ရှိသတင်းအချက်များ အသုံးပြုရန် ဖြစ်ရပ်ခွင့်ပြုချက်စီမံချက်ကို ချမှတ်ခြင်းဖြစ်သည်။

ဖြစ်ရပ်အား ရွေးချယ်ရာတွင် လက်ခံကျင်းပမည့်မြို့၏ စီးပွားရေးဖွဲ့စည်းပုံ၊ စက်မှု၊ ဘူမိဗေဒအခြေအနေ၊ သယ်ယူပို့ဆောင်မှု၊ အခွင့်အလမ်းများအား ထည့်သွင်းစဉ်းစားရမည်။ ပထမရွေးချယ် မှုအနေဖြင့် ဦးဆောင်စက်မှုလုပ်ငန်းနှင့် အဓိကဖွံ့ဖြိုးတိုးတက်မည့် စက်မှုလုပ်ငန်း၊ အစိုးရမှ ထောက်ပံ့ပေးသော စက်မှုလုပ်ငန်းတို့ကို ရွေးချယ်ရမည်။ သီးခြားလုပ်ငန်းအား ဖြစ်ရပ်ကျင်းပရန် သက်ဆိုင်ရာလုပ်ငန်း၏ အသေးစိတ်သတင်းအချက်အလက်နှင့် ပြည်တွင်းစီးပွားရေး ပတ်ဝန်းကျင်တို့ကို လေ့လာသိရှိ ထားရမည်။

ဖြစ်ရပ်၏ အဓိကဆိုလိုရင်း Theme ရွေးချယ်မှုနည်းလမ်းများမှာ Theme အသစ် မိတ်ဆက်ခြင်း၊ Theme အားထပ်မံခွဲခြားခြင်း၊ Theme အားချဲ့ထွင်ခြင်း၊ Theme အားအတူတကွ စုပေါင်းခြင်းတို့ဖြစ်သည်။

ဖြစ်ရပ်ခွင့်ပြုချက် အစီရင်ခံစာတွင် ပါဝင်သင့်သော အချက်များမှာ ဈေးကွက်စူးစမ်း လေ့လာမှု၊ ဖြစ်ရပ်မူဘောင်၊ အသုံးစရိတ်နှင့် ရန်ပုံငွေ၊ လုပ်ငန်းနယ်ပယ်နှင့်ဝန်ထမ်းကျွမ်းကျင်မှု အခြေအနေ၊ ပြပွဲပြသသူ၏ ဖိတ်ခေါ်အစီအစဉ်၊ကုန်သွယ်မှုဧည့်သည်/ဝယ်ယူသူ၏ ဖိတ်ခေါ် အစီအစဉ်၊ အရောင်းမြှင့်တင် လှုံ့ဆော်မှုအစီအစဉ်၊ ဖြစ်ရပ်ပြင်ဆင်ရန် အချိန်ဇယား၊ ဝန်ဆောင်မှု ထောက်ပံ့သူရွေးချယ်မှု၊ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်ချုပ်မှုအစီအစဉ်နှင့် ဖြစ်ရပ်ကျင်းပသည့် ကာလအတွင်း စီစဉ်ဆောင်ရွက်မှုတို့ဖြစ်ပါသည်။

ဖြစ်ရပ်တည်ဆောက်ခြင်းတွင် အကောင်အထည်ဖော်သည့် စီမံကိန်း၊ ဖြစ်ရပ်ထောက်ပံ့သည့် စီမံချက်၊ လက်တွေ့အုပ်ချုပ်မှုစီမံချက်၊ ပြပွဲပြသ သူနှင့် ကုန်သွယ်မှုဧည့်သည်/ဝယ်သူတို့၏ ဖိတ်ခေါ်အစီအစဉ်တို့ပါဝင်ပါသည်။

ခေတ်သစ်ဈေးကွက်ယှဉ်ပြိုင်မှုတွင် နာမည်ကြီးတံဆိပ် အမှတ်အသားတည်ထောင်ခြင်းသည် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပေသည်။ ဈေးကွက်တွင် တံဆိပ်အမှတ်အသား တည်ထောင်လုပ်ကိုင်ခြင်းသည် နှိုင်းယှဉ်အကျိုးကျေးဇူး အသာရနိုင်သည်။ ဖြစ်ရပ်စီစဉ်သူသည် ဈေးကွက်ပတ်ဝန်းကျင်၌ တံဆိပ်အမှတ်အသားအာမခံမှု ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရပေသည်။

ဈေးကွက်ရှာဖွေခြင်းတွင် ဈေးကွက်မဟာဗျူဟာ၌ ပြသခြင်း၊ ဈေးနှုန်း၊ ရောင်းချမှု၊ ဈေးကွက်လမ်းကြောင်း၊ အရောင်းမြှင့်တင်ခြင်း၊ ဝန်ဆောင်မှုတို့ဖြစ်သည်။ ဈေးကွက်လမ်းကြောင်း များ၌ ဈေးကွက်ရှာရန် အခွင့်အလမ်းရှာဖွေခြင်း၊ အဓိကဈေးကွက်ရွေးချယ်ခြင်း၊ နေရာချထားမှု၊ ဖွံ့ဖြိုးမှုမဟာဗျူဟာ၊ ယှဉ်ပြိုင်မှုမဟာဗျူဟာတို့ ပါဝင်သည်။

Project စီမံအုပ်ချုပ်မှုတွင် ဝန်ဆောင်မှုနှင့် လက်တွေ့အုပ်ချုပ်မှု၊ ထောက်ပံ့ပို့ဆောင်မှု၊ ဆက်သွယ်ရေး၊ အကျပ်အတည်း စီမံအုပ်ချုပ်မှုတို့ အရေးကြီးသည်။

### ဖြစ်ရပ်စီမံချက် ချမှတ်ခြင်းလုပ်ငန်းစဉ်များ

၎င်းတွင် ရည်ရွယ်ချက် Theme ကို အတည်ပြုပါ။ တီထွင်ဆန်းသစ်သော အတွေးအခေါ် များ တွေးခေါ်ပါ။ စီမံချက်ချမှတ်ပါ။ စီမံချက် အကောင်အထည်ဖော်ပါ။ အနှစ်ချုပ်ပြီးမော်ကွန်းတိုက်တွင် ထိန်းသိမ်းပါ။

လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် စီမံကိန်းညွှန်ကြားရေးမှူး၊ စီမံချက်ဝန်ထမ်း၊ မိတ္တူ ရေးသောသူ (ကွန်ပျူတာဝန်ထမ်း)၊ အနုပညာ ဒီဇိုင်းတီထွင်သူ၊ ဈေးကွက်စူးစမ်းရှာဖွေသူ၊ ပြန်ကြားရေး အရာရှိ၊ ပြည့်သူ့ဆက်ဆံရေးဝန်ထမ်းတို့ ပါဝင်သင့်ပါသည်။

ဖြစ်ရပ်စီမံချက် ချမှတ်ခြင်းလုပ်ငန်းစဉ် များတွင် ဈေးကွက်ရှာဖွေခြင်း၊ စက်မှုပတ်ဝန်းကျင်၊ ရည်မှန်းသောဈေးကွက်၊ မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်းများ၊ အလားတူဖြစ်ရပ်၊ ကိုယ်ပိုင် အရင်းအမြစ်များ၊ စီမံချက်မဟာဗျူဟာ၊ ပြပွဲများကို နမူနာယူပါ၊ လုပ်ငန်းအစီအစဉ်၊ ရန်ပုံငွေအစီအစဉ်၊ ပြည့်စုံသော စာရွက်စာတမ်းများ၊ အကောင်အထည်ဖော်မှုနှင့် ထိန်းချုပ်မှု၊ အကဲဖြတ်မှုနှင့် တိုးတက်မှုတို့ပါဝင်ပါသည်။

### ဖြစ်ရပ်(Event) ကြီးများနှင့် မြန်မာနိုင်ငံ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံတွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သော ဖြစ်ရပ် (Event) ကြီးများမှာ ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်မှ၇ ရက်အထိ နေပြည်တော်တွင်ကျင်းပခဲ့သော World Economic Forum on East Asia၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့သော 2nd Myanmar Development Cooperation Forum၊ ၂၀၁၃ ခုနှစ် နေပြည်တော်တွင်ကျင်းပခဲ့သော 27th SEA Games Myanmar 2013၊ ၂၀၁၄ ခုနှစ် နေပြည်တော်တွင် ကျင်းပခဲ့သော 7th ASEAN PARA GAMES ၊ ၂၀၁၅ ခုနှစ် မေလတွင် နေပြည်တော်၌ ကျင်းပခဲ့သော National Export Strategy for Myanmar စတင်သည့်အခမ်းအနား စသည်တို့ဖြစ်ကြပါတယ်။ ဒါကြောင့် နောင်ကျင်းပ ပြုလုပ်မည့် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲကြီးများ၊ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲကြီးများ စသည်တို့တွင် Event Planning ပါ လုပ်ငန်းစဉ်အဆင့်တိုင်း စနစ်တကျ မှတ်သားလိုက်နာဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

### အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။

www.oceancrownservices.com

# OCEAN CROWN SERVICES CO., LTD.

海洋皇冠服務有限公司

1. International Freight Forwarding Services
2. SEA-AIR, AIR-SEA, AIR TO AIR TRANSPORTATION SERVICES
3. Warehousing and Distribution Services
4. Local Handling For Export and Import Cargo
5. Door to Door Pick Up and Delivery
6. LCL Handling
7. Shipping Lines and Air Lines Agencies
8. Container Vessel Handling
9. Charter Vessels / Bulk Cargo Handling
10. Customs Clearance services
11. Import & Export Documentation

MEMBER OF

Bldg-40, Ground Floor, 9th Street, Lanmadaw Township, Yangon. Tel : 01- 222081, 01- 216105, 09-73236117 , 09-5003478, 0943164838, Fax : 01-216105
Email : oceancrown.mgmt@gmail.com, ocs.doc@gmail.com, ocs.account@gmail.com, oceancrown.sales@gmail.com, oceancrwn.sales1@gmail.com

AMB

## ASIAN MYANMA BEAUTY

TRAVEL & TOUR

UNION OF MYANMAR UMTA TRAVEL ASSOCIATION

- Ticketing (Domestic/International Flight, Train, Bus, Boat)
- In bound & Outbound tour Packages
- FIT/Package Tour
  - Festival Tour
  - Business Tour/M.I.C.E
  - Trekking Tour
  - Tailor made Tour
  - Golf Tour

- Hotel Reservation
- Ticket/Interpreter Service
- Car Rental Service
- Visa Service

Asian Myanma Beauty Travel & Tours Co., Ltd.

Address : Bldg-40, Ground Floor, 9th Street, Lanmadaw Tsp., Ygn.
Tel : (+95 1) 229784, (+951)2303075, (+95 9) 73105889, (+95 9) 795532541, (+95 9) 782008400
Fax : (+95 1) 229784
Email : sales@ambmyanmartravels.com, ticketing@ambmyanmartravels.com, cho.paing@ambmyanmartravels.com Website : www.ambmyanmartravels.com

SONG YẾN

Brand Of Health
Thương hiệu vì sức khỏe

ဆောင်ယမ်း
ငှက်သိုက်

GLOBAL WORLD INSURANCE CO., LTD

“ စိတ်အေးချမ်းသာစွာ ခရီးသွားဖို့
ဂလိုဘယ်ဝေါ(လ်)
မှာ ခရီးသွားအာမခံဝယ်ယူစို့ …”

HOTLINE 09-797003009 CALL CENTER 01-9670777

CREATION STRENGTH CO., LTD.

Getf1® CAR CARE

သင့်ရဲ့အဖိုးတန်လှတဲ့ကားအတွက်
အမေရိကန်နိုင်ငံ နည်းပညာဖြင့် မလေးရှားနိုင်ငံ
ထုတ် ဂျီအက်(ဖ်)ဝမ်း ထုတ်ကုန်ပစ္စည်းများ၏
အကောင်းမွန်ဆုံး၊ အဆင့်မြင့်ဆုံး နည်းပညာကို
သင်ကိုယ်တိုင် အကဲဖြတ်စမ်းသပ်ကြည့်လိုက်ပါ…


YOUR CAR DESERVES THE BEST CARE

MADE IN MALAYSIA

အမှတ် (၁၉ - ဘီ)၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၈၅၆၅၃၃၄၊ ၀၉ ၅၀၃၃၉၉၉၊ ၀၉ ၄၃၀၀၉၃၂၄


THREE CIRCLES
ဦးကြီးတို့ရဲ့မိတ်ဆွေရင်း ကွင်းသုံးကွင်း
ဓာတ်မြေဩဇာ
DAP 64%
NPK 15-15-15
GTSP P2O5 46PCT. NET 50kg
UREA 46%
TSP 46%
DISTRIBUTED BY:
GBS
YOUR GOOD BROTHER
ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်
GOOD BROTHERS' COMPANY LIMITED
MANUFACTURE BY:
YUNTIANHUA
Yuntianhua Co., Ltd.
QUALITY FERTILIZER FOR A GOOD HARVEST


C.P. Medicine စီပီ ဆေး ဝါး များ
选择 CP 药是您成功之路
အောင် မြင် မှု များ ရ ရှိ ဖို့ စီ ပီ ဆေး ကို သုံး ကြ စို့
Available on every dealer shop, medicine shop and CP branches.
စီပီ လက္ကားဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။
HEAD OFFICE
Pyinmabin Factory,
Mingalardon Township, Yangon
Ph : 095121606,095162536,095133968
OFFICE (Taunggyi)
West Myo Pat Street,
Yadanathiri Quarter,Taunggyi
Ph : 081 22759, 092029044
OFFICE (Mandalay)
Pa/28 No.902,78xTheik Pan street,
Near Mokeeo,Chanayetharzan Tsp,
Ph : 092052533, 092166146
BRANCHES
Taungoo, Pyinmana,Pyay, Pathein,
Mawlamyine, Pyinoolwin, kyaukmse,
Lashio, Meiktila, Monywa, Myitkyina,Bamaw


မွ လ ည်း မွ ရွ လ ည်း ရွ တဲ့
လက်ဖက်နှင့်အကြော်စုံ
အမှတ်-(၄၉/၂၁၁)၊ သိမ်ရှောင်းလမ်း၊ ဝါးတစ်ရာစက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉ ၇၃၁၉၅၆၉၇၊ ၀၉ ၇၃၂၅၁၅၇၇၊ ၀၉ ၉၇၆၉၅၂၀၂၀၊ ၀၉ ၉၇၆၉၅၁၀၀၆

## မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ ဈေးကွက်ဝင်စီးပွားဖြစ် ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် တွေ့ဆုံ

ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိမအူပင် ခရိုင်ညောင်တုန်းမြို့နယ်သည် ဈေးကွက်ဝင်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်ရာ ဒေသတစ်ခုဖြစ်ရာ ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ပိုလျှံသော ရေထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဒေသတွင်းပုဂ္ဂလိက စီးပွားရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးဇော်မင်းနှင့် ညောင်တုန်းမြို့နယ်တာဝန်ခံ ဦးအောင်လွင်တို့သည် ဩဂုတ်လဒုတိယပတ်တွင် ညောင်တုန်းမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဝါးတောကျေးရွာရှိ ပုစွန်မွေးမြူရေး ရေလုပ်ငန်းရှင် ဦးမင်းယုနိုင်၊ ဦးသောင်းမြင့်တို့နှင့် သွားရောက်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် ပုစွန် မွေးမြူရေးလုပ်ငန်းရှင် ဦးမင်းယုနိုင်က ပုစွန်ကန်ဧက ၃၀ ယိုးဒယား ပုစွန်မျိုးနှင့် ဦးသောင်းမြင့်မှ ပုစွန်ကန် ဧကခြောက်ဧက ဒေသပုစွန်မျိုးများ မွေးမြူလျက် ရှိကြောင်း၊ ပုစွန်မျိုးများကို ရန်ကုန်မှဝယ်ယူပြီး ပျိုးမွေးသည့်ကန်အတွင်း နှစ်လခန့်မွေးမြူ၍ပုစွန်ကန်အတွင်း လေးလထပ်မံမွေးမြူကာ ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မွေးမြူရေးတစ်ကန် အကျယ်အဝန်း ၁၀ ဧကအတွက် ပျိုးပုစွန် အကောင်ရေ ၂၇၀၀၀၀ ပျိုးရာတွင် ကန်အတွင်း မွေးမြူရန် အကောင်ရေ ၆၀၀၀၀ ခန့်သာရရှိပြီး ပျိုးမွေးချိန် နှစ်လအတွင်း ပုစွန်စာအားမာန်သစ် (7001) နှင့် (7002) တစ်နေ့သုံးကြိမ်ကျွေးရပြီး မွေးမြူချိန်လေးလတွင် (7003)၊ (7004) အစာတစ် နေ့သုံးကြိမ်ကျွေးရကြောင်း၊ ကန်အတွင်း ရေမော်ဒိုက်ပင်များ အပတ်စဉ်ဖယ်ရှားပေးရပြီး ကျွေးသည့် အစာများ ကန်ရေပြင်အောက်ရောက်ရှိစေရန်နှင့် ကန်ရေပြင်အောက်ကြမ်းပြင်ရောက်မှသာ ပုစွန်သည် အစာစားသည့် အမျိုးအစားဖြစ်ကြောင်း၊ အပူချိန်များသည့် ကာလများတွင် ကန်အတွင်းရှိ အပေါ်ယံရေအား ဖောက်ထုတ်ပေးရပြီး ရေပန်းပြုလုပ်၍ ကန်ရေပြင် အပူချိန်လျော့နည်းအောင် ပြုလုပ်ပေးသည့် အပြင် ပြင်ပမှရေသွင်းခြင်း၊ ကန်အတွင်းမှ ရေထုတ်ခြင်းတို့ကို ပြုလုပ်ပေးရပြီး ပုစွန် ၁၀ ဧကမွေးမြူလျှင် မျိုးပုစွန်ဝယ်ယူမှု၊ အစာဖိုးကုန်ကျစရိတ်၊ အထွေထွေကုန်ကျစရိတ်၊ လုပ်အားခများအားလုံးအတွက် စုစုပေါင်းကျပ် သိန်း ၉၀ ဝန်းကျင်ကုန်ကျ၍ အကျိုးအမြတ်ကျပ်သိန်း ၄၀ မှ ၅၀ ဝန်းကျင်ရရှိသော်လည်း ယခင် မြန်မာနိုင်ငံငါးလုပ်ငန်းဦးစီးဌာန ပုစွန်သားပေါက် စခန်းများမှ ဝယ်ယူရရှိသော ပုစွန်သားပေါက်များသည် ဈေးနှုန်းသက်သာမှုရှိ၍ အသေအပျောက်နည်းပါးသည့်အတွက် မွေးမြူသူများပို၍ တွက်ခြေ ကိုက်မှုရှိသော်လည်း ယခုနိုင်ငံခြားမှ တင်သွင်းသည့် မျိုးပုစွန်သားပေါက်များ ဝယ်ယူမွေးမြူရာတွင် ဈေးနှုန်းကြီးမြင့်ခြင်း၊ သားပေါက်သေဆုံးမှုများခြင်းတို့ကြောင့် ယခင်ထက်တွက်ခြေကိုက်မှု နည်းပါးကြောင်း ပြောကြားပါသည်။

ညောင်တုန်းမြို့နယ်သည် ရပ်ကွက် ၁၀ ခု နှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုဖြင့် ဖွဲ့စည်းထားပြီး ငါးပုစွန် မွေးမြူရေးလုပ်ငန်းကို ကျေးရွာအုပ်စု ၄၀ တွင် လုပ်ငန်းရှင် ၁၃၇၆ ဦးက မွေးမြူလျက်ရှိပြီး ခရိုင်ဦးစီးမှူးဦးဇော်မင်းကလည်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိမွေးမြူရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များ၊ ရင်းနှီးမြုပ်နှံမှု၊ တွက်ခြေကိုက်မှု၊ ပြည်တွင်းဈေးကွက်အခြေအနေများ မေးမြန်း၍ မိမိတို့ဌာနမှလည်း လုပ်ငန်းရှင်အား သက်ဆိုင်ရာဌာနများ ဒေသအာဏာပိုင်နှင့် ပေါင်းစည်းညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများအပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပြည်တွင်းစားသုံးရန်သာမက ပြည်ပပို့ကုန်အထိ တိုးမြှင့် တင်ပို့နိုင်ရေး အကြံပြု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **အောင်လွင်(ညောင်တုန်း)**

## လွယ်ဂျယ်မှပြောင်းပိုမို တင်ပို့ပေမယ့် မူဆယ်နဲ့ ချင်းရွှေဟော်မှလျော့နည်းတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းသုံးခုမှ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၈၁ သန်း တန်ဖိုးရှိ ပြောင်းတန်ချိန် ၈၂၁၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှတန် ၇၂၂၀၊လွယ်ဂျယ်မှ ၅၂၁ တန်နဲ့ ချင်းရွှေဟော်မှ ၄၇၁ တန်ခွဲ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ ၁၂၀၀၉ တန်၊ ချင်းရွှေဟော်မှ ၅၉၅ တန်ဖြစ်လို့ ယခုတစ်ပတ်မူဆယ်နဲ့ ချင်းရွှေဟော်မှ ပြောင်းလျော့နည်းတင်ပို့ခဲ့ပေမယ့် လွယ်ဂျယ်မှ ယခင်တစ်ပတ်က ၄၉၃ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ လွယ်ဂျယ်မှ ပြောင်းပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ဈေး ၂၉၄၈၂၁ ကျပ်ရှိရာ မှယခုတစ်ပတ်မှာ ၂၉၇၇၈၇ ကျပ်သို့ ဈေးထပ်မံမြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၄၉၅ စီးသာ ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် အစီး ၇၀ လျော့နည်းခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယခင်တစ်ပတ်ကအတိုင်း ယွမ် ၁၆၀၀ ဖြင့် ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။

မွေးမြူရေး အစာစပ်လုပ်ငန်းနှင့် ကုန်သည် ဝယ်လက်တို့မှ အဝယ်လိုက်ခြင်း၊ ပွဲရုံလက်ကျန် နည်းခြင်း၊ သီးနှံသစ် ပေါ်ချိန်နီးလာခြင်း၊ လက်ကျန်နည်းချိန် စပ်ကူးမတ်ကူးကာလ ဖြစ်တာကြောင့် ယခုလို ပြောင်းဈေးများ ဆက်လက်မြင့်တက်ရခြင်းဖြစ်ကြောင်း တပ်ကုန်းမြို့နယ်မှ ပြောင်းစိုက်တောင်သူ တစ်ဦးက ပြောပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၃၁၈ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ်ရှစ်မျိုး၊ တန်ချိန် ၃၀၀ ခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၈၀၀ နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန် ၅၀၀ လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ ကွမ်းစားဂမုန်း၊ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ မာလာဉခေါင်း၊ ဒရင်ကောက်မြစ်၊ ဆီးဆန်၊ တောချင်းနဲ့ နနွင်းတက်တို့ ဖြစ်ပါတယ်။ ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိတဲ့ မာလာဉခေါင်းနဲ့ ဒရင်ကောက်မြစ် တင်ပို့ခဲ့ပေမယ့် ကျန်ပရဆေး အမယ်တင်ပို့မှုတို့မှာ ယခင်တစ်ပတ်ကထက် လျော့နည်းခဲ့တာကြောင့် ပရဆေး တင်ပို့မှုလျော့နည်းခဲ့ရတာ ဖြစ်ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၇၂၀ တန်ဖိုးရှိ ဒရင်ကောက်မြစ်တန် ၄၀ ကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၀ သန်း တန်ဖိုးရှိတောင်လုံးကျော် တစ်တန်ခန့်ကိုမြန်မာနိုင်ငံသို့ တင်သွင်းခဲ့ရာ တမူးမှ တန်ဝက်၊ ရိဒ်မှ တန်ဝက်ဖြစ်ပါတယ်။ **မော်မော်အောင်**

## နိုင်ငံတကာရော်ဘာဈေးအတက်အကျသိပ်မရှိ

ဩဂုတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ တစ်သန်းတန်ဖိုးရှိ ရော်ဘာအဆင့်စုံ ၈၅၅ တန်ကျော်ကို ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ရာ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS 3 အမျိုးအစား ၆၄ တန်၊ RSS 5 အမျိုးအစား ၂၄၃ တန်နဲ့ MSR 20 ၇၅ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ RSS 3 အမျိုးအစား ၅၂ တန်၊ RSS 5 အမျိုးအစား ၂၂၁ တန်တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိတာချီလိတ် ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေးတန်ချိန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခင်တစ်ပတ်က ရော်ဘာမျိုးစုံ ၁၈၆၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၁၂ တန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှုလျော့ကျသော်လည်း မူဆယ်ကုန်စည်ဒိုင်မှာ ရော်ဘာဈေး အနည်းငယ်မြင့်တက်ကြောင်း သိရပါတယ်။ RSS 3 အမျိုးအစားတစ်တန်ကို ကျပ် ၁၉ ဒသမ ၈၇၉ သိန်းဖြစ်ပြီး ၁၉၈၀၁ ကျပ်ဈေးတက်ပါတယ်။ RSS 5 အမျိုးအစားတစ်တန်ကိုကျပ် ၂၀ ဒသမ ၀၈၄ သိန်းဖြစ်ပြီး ၁၃၆၃၂၂ ကျပ်ဈေးတက်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်းတန်ဖိုးရှိ ရော်ဘာ MSR 20 အမျိုးအစား ၂၄၉ တန်ကျော်ကို ဂျပန်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၈၈ တန်ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာလည်း နိုင်ငံတကာရော်ဘာဈေး အတက်အကျသိပ်မရှိကြောင်းသိရပါတယ်။ မိုးတွင်းကာလဖြစ်တဲ့အတွက် ရော်ဘာအရောင်းအဝယ်ပါးပြီး ဈေးလည်း သိသိသာသာ ပြောင်းလဲခြင်းမရှိဘဲ ဈေးငြိမ်နေပါတယ်။ နိုင်ငံတကာရော်ဘာဈေးငြိမ်တာနဲ့အမျှ မြန်မာ့ရော်ဘာ FOB ဈေးလည်း ငြိမ်နေပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ် လုပ်သူများအသင်းက FOB ဈေးကိုယခင်တစ်ပတ်ဈေးနှုန်းအတိုင်း မပြောင်းလဲဘဲ ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်။ **ယဉ်ယဉ်အေး**

## ဩဂုတ်လ တတိယပတ်အတွင်း လွိုင်ကော်မြို့ရှိ ဈေးများနှင့် လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသော ကုန်စုံဆိုင်ကြီးများသို့ ကွင်းဆင်းစစ်ဆေး



ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ လွိုင်ကော်ခရိုင် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်မြို့ရီနှင့် ဝန်ထမ်းသုံးဦးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာဌာနများနှင့် ဩဂုတ် ၁၅ ရက်တွင် လွိုင်ကော်မြို့ နောင်ယားဈေး၊ ဩဂုတ်လ ၁၆ ရက်တွင် လွိုင်ကော်မြို့(၂)ထပ်ဈေး၊ ဩဂုတ် ၁၇ ရက်တွင် လွိုင်ကော်မြို့သီရိမင်္ဂလာဈေးတို့တွင် ဈေးအတွင်းရောင်းချနေသော အသားငါးများ လတ်ဆတ်မှု ရှိ/ မရှိနှင့် ဩဂုတ် ၁၇ ရက်တွင် ခရိုင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ ရွှေတောင်ရပ်ကွက်အတွင်းရှိစားသောက်ကုန်များ လက်လီ/လက်ကား ရောင်းချနေသော ကုန်စုံဆိုင်ကြီးများသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တားမြစ်ထုတ်ပြန်ထားသော စားသုံးရန်မသင့်သည့် အစားအသောက်များ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် ကုန်ပစ္စည်းထုတ်ပိုးမှု အညွှန်းများ ပြည့်စုံမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ၌ သီရိမင်္ဂလာဈေးအတွင်းရှိကြက်သားများ ရောင်းချနေသောဆိုင်များတွင် လတ်ဆတ်မှုမရှိသော ကြက်သား သုံးပိဿာနှင့် ၂၃ ကျပ်သားကို စစ်ဆေးတွေ့ရှိရ၍ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်ဖြစ်သော မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိမ်းဆည်းခဲ့ပါတယ်။ ဒါ့အပြင် ကုန်စုံဆိုင်များတွင် သက်တမ်းလွန်ပစ္စည်းများ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရ၍ ဆိုင်ရှင်များကိုယ်တိုင် ဈေးကွက်မှပြန်လည် သိမ်းဆည်းစေပြီး နောင်တွင် ဆက်လက်ရောင်းချခြင်းမပြုရန် အသိပေးပြောကြားခဲ့ပြီး စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိသော စားသောက်ကုန်များကိုသာ ရောင်းချရန်နှင့် ကုန်ပစ္စည်းများ၏ ထုပ်ပိုးမှု အညွှန်းများတွင်လည်း အမှတ်တံဆိပ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်သူ၏ အမည်နှင့် လိပ်စာ၊ သက်ဆိုင်ရာဌာန၏ ထောက်ခံချက် စသည့်အချက်များပါဝင်သော အစားအသောက်များကိုသာ ရောင်းချရန် အသိပညာပေး ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး**
**(စားသုံးသူ၊ ကယား)**




# စားသုံးသူများအတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိရေး

| နိုင်ဦး၊ မြင့်မြင့်ချို |

လူ့အဖြစ်ကို လွန်စွာ ရခဲလှပေသည်။ လူ့ပြည်က အပ်တစ်စင်းနှင့် နတ်ပြည်က အပ်တစ်စင်း ထိပ်တိုက်ဆုံဖို့ရာ လွယ်ချင်လွယ်လိမ့်မည်။ ပင်လယ်ထဲမှ လိပ်ကန်းတစ်ကောင်သည် နှစ်တစ်ထောင်ကြာမှ ရေပေါ်သို့ တစ်ခါတက်၍ အသက်ရှူချိန်တွင် ရေပေါ်၌ ပေါလောမျောနေသော ထမ်းပိုးရှိ အပေါက်၌ စွတ်မိခြင်းသည် လွယ်ကောင်း လွယ်လိမ့်မည်။ လူ့အဖြစ်ကိုရရန်မူ လွန်စွာ ခဲယဉ်းပေသည်ဟုဆိုကြသည်။ လူ့အဖြစ်ကို လွန်စွာ ရခဲကြောင်း ဆိုလိုခြင်းဖြစ်သည်။ ယနေ့သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှလုံခြုံ စိတ်ချရမှုမရှိသော အစားအသောက်များ၊ အသုံးအဆောင်များ၊ လူသုံးကုန်ပစ္စည်းများကြောင့် ရခဲလှသော လူ့ဘဝကို များစွာ အန္တရာယ်ပေးလျက် ရှိနေပါသည်။ စားသုံးသူများသည် အဆိုပါ ပစ္စည်းများကြောင့် ရောဂါဆန်းများ၊ ပုံစံအမျိုးမျိုးဖြင့် ထိခိုက်သေဆုံးမှုများ ကြုံတွေ့နေရ ပါသည်။

လူသားများ သက်တမ်းစေ့ နေထိုင်နိုင်ရေး၊ ဘေးဥပဒ် အန္တရာယ် ကင်းရှင်းသော လုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲဆောင်ရွက်ရေး၊ လုပ်ငန်းရှင်များအတွင်း တရားမျှတသော ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာရေးအတွက် စားသုံးသူများအား အကာအကွယ်ပေးရေး လုပ်ငန်းများဖြင့် စားသုံးသူများ၏ ရပိုင်ခွင့်ရှိသော အခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်ပေးရန် အရေးတကြီး လိုအပ်လျက် ရှိပါသည်။

စားသုံးသူများသည် ကုန်စည်၊ ဝန်ဆောင်မှုပြုသူလုပ်ငန်းရှင်များ၊ ထုတ်လုပ်သောအစားအစာ၊ အလှကုန်၊ အိမ်ဆောက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အခြား ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို နေ့စဉ်အမြဲပြုကာ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများကို ဖြေရှင်းလျက် ရှိကြသည်။ ဘေး အန္တရာယ်ကင်းရှင်းပြီး အမှန်တကယ် အကျိုးရှိစေမည့် ကုန်စည်၊ ဝန်ဆောင်မှုများကို ခံစားလိုကြသည်။ စီးပွားရေးပညာရှင်တစ်ဦးမှ ပြောခဲ့ဖူးသည် "လူသားတို့သည် မျှော်လင့်ချက်များကို ငွေဖြင့် လဲလှယ်ယူကြသည်" ဟူ၍ဖြစ်သည်။ လုပ်ငန်းရှင်များသည် စားသုံးသူများ၏ မျှော်လင့်ချက်များကို ပေးအပ်သော အခက်အခဲများနှင့်အညီ လုံခြုံ စိတ်ချရမှုရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကို ပေးအပ်ရန် တာဝန်ရှိပါသည်။

စားသုံးသူများအတွက် ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုပေးသော လုပ်ငန်းများ စိတ်ချရမှု၊ လုံခြုံမှု အပြည့်အဝ ရရှိစေရေးအတွက် ဌာနဆိုင်ရာများမှ ပြဋ္ဌာန်းထားသော ဥပဒေများ၊ လိုက်နာရမည့် ညွှန်ကြားချက်များ၊ ထုတ်ပြန်ထားသည့် အမိန့်များအတိုင်း တိကျစွာ လိုက်နာ၍ မိမိနိုင်ငံနှင့် နိုင်ငံတကာ အဆင့်မီ စံချိန်စံညွှန်း သတ်မှတ်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။

ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ လုံခြုံစိတ်ချရမှု အဆင့်တိုင်းတွင် လုပ်ငန်းရှင်များ သာမက ထုတ်လုပ်သူ၊ တင်ပို့သူ၊ တင်သွင်းသူ၊ လက်ကားရောင်းချသူ၊ လက်လီရောင်းချသူအားလုံး အကျုံးဝင်သည်။ ကိုယ်စီကိုယ်ငှ အဆင့် တိုင်းတွင် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေး စိစစ်ကြပ်မတ် စစ်ဆေးဆောင်ရွက်ကြရပါမည်။ သို့မှသာ စားသုံးရာတွင်လည်းကောင်း၊ သိုလှောင်၊ ကိုင်တွယ်၊ ထိန်းသိမ်းရာတွင်လည်းကောင်း လုံခြုံ စိတ်ချရမှုမရှိ၍ ထိခိုက်နစ်နာဆုံးရှုံးမှုများပေါ် ပေါက်ပါက ကုစားဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိ၍ အောက်ပါအဖြစ်အပျက်များကို ကြုံတွေ့ရလျက်ရှိပါသည်။

* ရက်လွန်၊ တရားမဝင်သော ဓာတုဆေးသုံး အစားအစာများကို စားသောက်မိ၍ အော့အန်၊ မူးဝေ၊ သတိလစ်၊ သေဆုံးမှုများ ဖြစ်ပေါ်နေရခြင်း။
* ပဲဆီစစ်စစ်ဟူ၍ ဈေးကြီးပေးကာ ဝယ်ယူသုံးစွဲသော စားဆီများတွင် တရားမဝင်ဓာတု ဆေးအနံ့ ရောစပ်၍ ရောင်းချနေခြင်းများကြောင့် ရောဂါပေါင်းစုံ ခံစားနေရခြင်း။
* အရည်အသွေး ညံ့ဖျင်း၍ စံချိန် စံညွှန်းမညီသော ဆောက်လုပ်ရေးသုံးပစ္စည်းများ သုံးစွဲ ဆောက်လုပ်၍ အချိန်မတိုင်မီ ပြိုကျ၍ သေကြေပျက်စီးခြင်း။
* အရည်အသွေး မပြည့်မီသော မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအချို့ကြောင့် ယာဉ်များ တိမ်းမှောက်ပျက်စီးကာ လူများစွာ သေကြေပျက်စီးခြင်း။
* တရားမဝင် တင်သွင်းလာသော အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီမှုမရှိသော ဆေးဝါးများကြောင့် လူများစွာ သေကြေပျက်စီးရခြင်း။
* အရည်အသွေး အာမခံချက်မရှိသော အလှကုန်ပစ္စည်းများကြောင့် မြန်မာ့အမျိုးသမီး များစွာ အလှပျက်သည့်အပြင် ဆိုးကျိုးများစွာ ကြုံတွေ့နေရခြင်း။
* ဆောက်လုပ်ရေးလုပ်ငန်း အချို့တွင်လည်း အခန်းများ၊ အထပ်မြင့်အခန်းများ ဆောက်လုပ်ရောင်းချရာတွင် ကြော်ငြာ၊ အာမခံထားသည့် ပစ္စည်းများသုံးမည့်အစား အခြား ဈေးပေါ၍ အရည်အသွေးမမီသော ပစ္စည်းများသုံးစွဲ၍ နစ်နာနေရခြင်း။
* အရည်အသွေးမပြည့်ဝသော လျှပ်စစ်ပစ္စည်းများကြောင့် မီးဘေးအန္တရာယ်များဖြစ်ပွားကာ လူများစွာ အိုးမဲ့အိမ်မဲ့ဖြစ်၍ သေကြေ ပျက်စီးခြင်း။
* တယ်လီဖုန်းများ ဝယ်ယူခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် ကြော်ငြာထားသည့် အတိုင်း၊ အာမခံထားသည့်အတိုင်း ဆောင်ရွက်ပေးမှုမရှိခြင်း။
* လူမှုမီဒီယာ နည်းလမ်းများကို အသုံးပြု၍ ကုန်ပစ္စည်းများ၊ အစုရှယ်ယာများအား လိမ်လည်ရောင်းချခြင်း။

အဆိုပါ ထိခိုက်နစ်နာမှုများကို စားသုံးသူများ ကြုံတွေ့နေရကြောင်း မီဒီယာများမှ မပြတ်ဖော်ပြလျက်ရှိသော်လည်း လက်လှမ်းမမီသော၊ ပညာအသိဉာဏ်နည်းပါးသော စားသုံးသူများ ကြုံတွေ့နေရဆဲ ဖြစ်နေသည်ကို ဝမ်းနည်းဖွယ်ကြားသိ နေရသည်။

ထို့ကြောင့်ပင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနမှ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄) ကိုပြဋ္ဌာန်းကာ သက်ဆိုင်ရာ ဆက်စပ် ဌာနများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် လည်းကောင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိစေရေးအတွက် လည်းကောင်း အောက်ပါလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

- ➢ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး လက်အောက်တွင် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီများကို ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း။
- ➢ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု မရှိသော လုပ်ငန်းများသို့ ဆက်စပ်ဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းစစ်ဆေး ကြပ်မတ်ခြင်း၊ အရေးယူ ဆောင်ရွက်ခြင်း။
- ➢ အာဆီယံနိုင်ငံများနှင့် သတင်း အချက်အလက်များ ဖလှယ်ကာ ပူးပေါင်း ဆောင်ရွက်ခြင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်၊ တံဆိပ်အမှတ် အသားတွင် ဖော်ပြထားသည့် အချက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် နောက်ဆုံး သုံးစွဲရမည့်ရက်စွဲ အချက်များ မပါသော ကုန်စည်များ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် သုံးစွဲပုံ နည်းလမ်းများ မပါရှိသော ကုန်စည်၊ အဖွဲ့အစည်းတစ်ခုခု၏ ထောက်ခံချက်မပါရှိသော ကုန်စည်၊ ဝန်ဆောင်မှုများ မပြုလုပ်ရန် တားမြစ်ထားကြောင်း ပညာပေးဟောပြောဆွေးနွေးခြင်း၊ ကွင်းဆင်း စစ်ဆေး ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းတစ်ခု တည်ထောင်ရန် လွန်စွာ ခက်ခဲသော်လည်း လုပ်ငန်းတစ်ခု ကျဆုံးရန်မှာ လွန်စွာလွယ်ကူ လှပေသည်။ မိမိ၏ ငွေအင်အား၊ လူအင်အား၊ အချိန်အင်အားများစွာဖြင့် တည်ဆောက်ခဲ့ရသော လုပ်ငန်းများကို ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိပါက ရေရှည် တိုးတက်သော၊ အောင်မြင်သော လုပ်ငန်းတစ်ရပ်အဖြစ် ရေရှည်ရပ်တည် နိုင်မည်မဟုတ်ပေ။ လုပ်ငန်း ရှင်သည်လည်း နာမည်တစ်ခုလုံး ဆုံးရှုံးခြင်း၊ ဂုဏ်သိက္ခာပျက်ယွင်းခြင်းများ ကြုံတွေ့ကာ စီးပွားရေးလောကတွင် နာလန်မထူနိုင်ဖြစ်မည်ကို စိုးရိမ်ပါသည်။ လုပ်ငန်းရှင်အပါအဝင် စားသုံးသူပါ မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက် ဆုံးရှုံးနစ်နာမှုများ ဖြစ်မည်ကို မလိုလားပေ။ ယင်းသို့ မဖြစ်စေရေး လုပ်ငန်းရှင်များမှကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ ထုတ်လုပ်ရောင်းချကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သို့ပါ၍ စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ထုတ်ကုန်၊ ဝန်ဆောင်မှုများ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များမှ စီးပွားရေး ကျင့်ဝတ်များနှင့်အညီ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းထားသော ထုတ်ပြန်ထားသော ဥပဒေ လုပ်ထုံး၊ လုပ်နည်းညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

## မကွေးမြို့ မြို့မဈေးအနောက်ဘက်ရှိ ကုန်မျိုးစုံလက္ကားဆိုင်များတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

မကွေးခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များသည် မကွေးမြို့၊ မြို့မဈေး အနောက်ဘက်ရှိ မုန့်မျိုးစုံ လက္ကားဆိုင်နှစ်ဆိုင်၌ ဖြန့်ဖြူးရောင်းချလျက်ရှိသော စားသောက်ကုန်များသည် စားသုံးသူပြည်သူများအတွက် လုံခြုံစိတ်ချရမှု ရှိ/မရှိ ဩဂုတ်လ ၁၆ ရက်က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒုတိယခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်အတူ မိတ်ဖက်အဖွဲ့အသီးသီးမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ကြူကြူဝင်း ကုန်မျိုးစုံ ရောင်းဝယ်ရေးဆိုင်နှင့် ဦးစိုးသိန်း ကုန်မျိုးစုံရောင်းဝယ်ရေးဆိုင်တို့တွင် ရောင်းချလျက်ရှိသည့် မုန့်အများစုမှာ ဒေသတွင်းထုတ်လုပ်သည့် မုန့်များနှင့်မန္တလေးမှ တင်ပို့လာသည့် မုန့်များဖြစ်ကြောင်း၊ မုန့်အများစုတွင် ကုန်အမှတ်တံဆိပ်သာပါရှိပြီး ပါဝင်ရမည့် အချိုးအစား၊ ထုတ်လုပ်သည့် နေရပ်လိပ်စာ၊ ကုန်ဆုံးသည့် ရက်စွဲများ မပါရှိသည်ကို တွေ့ရှိရသည့်အတွက် ပင်ရင်းထုတ်လုပ်သည့် လိပ်စာနှင့် ဖုန်းနံပါတ်များ တောင်းယူခဲ့ခြင်း၊ ရောင်းချသူ လုပ်ငန်းရှင်များအားလည်း စံချိန်စံညွှန်း၊ အရည်အသွေးမီ ထုတ်လုပ်သော ကုန်ပစ္စည်းတွင် ပါဝင်ရမည့်အချက်များ မပါရှိသည့် မုန့်များအား ဆက်လက်ရောင်းချခြင်း မပြုရန်နှင့် ဆက်လက်ရောင်းချနေသည်ကိုတွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးလက်မှတ်ရေးထိုးစေခဲ့ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင်(မကွေး)**

Vol: 17, No.32 Monday August 21 2017

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၁) | L | ၁၇၀ သိန်း | 1.5 ဓာတ်ဆီ၊ ကားကောင်း |
| ၂။ | ပေါ်တီ (၂၀၁၂) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | မစ်ဆူဘီရှိ•အာပီအာ (၂၀၁၁) | ယာယီ | ၃၆၀ သိန်း | 1 .3 ဓာတ်ဆီ |
| ၄။ | မာဇဒါ၊ ဒီမီယို (၂၀၁၁) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဟွန်ဒါ၊ စီအာဗီ (၂၀၀၇) | ယာယီ | ၄၃၅ သိန်း | 2.4 ဓာတ်ဆီ |
| ၆။ | ဟိုက်အေ့စ် (၂၀၀၈) | M | ၄၀၀ သိန်း | 3.0 ဒီဇယ်၊ နယ်လိုင်စင် |
| ၇။ | ကလူဂျာ (၂၀၀၂) | G | ၂၉၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အီးကေ•ဝက်ဂွန် (၂၀၁၁) | L | ၁၀၅ သိန်း | 0.6 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၉၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |

## စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးသင့်သော ဖီးကြမ်းငှက်ပျောသီး

ကျောက်ဆည်ခရိုင်ရှိ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်တွင် ငှက်ပျောစိုက်ဧက ၃၄၀၀ ဝန်းကျင်ခန့် စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း သိရပါတယ်။

အထွက်နှုန်းမှာ တစ်ဧကလျှင် အခိုင် ၈၀၀ ခန့်ထွက်ရှိပြီး ဖီးကြမ်းငှက်ပျောမျိုးကို အစိုက်များကာ ပျိုးပင်ဝယ်ယူခြင်း၊ မြေပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ လုပ်သားခ၊ သွင်းအားစု အပါအဝင် ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၈၅၀၀၀၀ ခန့် ကုန်ကျကြောင်း သိရပါတယ်။ ကျောက်ဆည်ဒေသတွင် ပွဲစား၊ ကုန်သည်က ခြံသို့ လာရောက်ကာ ခြံပြတ်စရံပေး ဝယ်ယူကြပါတယ်။

ပျမ်းမျှအဖီး ခြောက်ဖီးပါ အခိုင် ၄၀ လျှင် ကျပ် ၁၂၀၀၀၀ ဈေးရရှိသဖြင့် တစ်ခိုင်ရောင်းဈေး ၃၀၀၀ နှုန်းဖြင့် တစ်ဧကလျှင် ဝင်ငွေကျပ် ၂၁ သိန်းဝန်းကျင်ရရှိကြောင်း ခြံပိုင်ရှင်တစ်ဦးထံမှ သိရှိရပါတယ်။

အကျိုးအမြတ်မှာ တစ်ဧကလျှင် ကျပ် ၁၂ သိန်းကျော် ရရှိသဖြင့် တောင်သူတွက်ခြေကိုက်သော သီးနှံဖြစ်သော်လည်း စိုက်ပျိုးကာလကြာမြင့်သည်ကိုလည်း သိရှိရပါတယ်။ ကျောက်ဆည်ခရိုင်ရှိ ငှက်ပျောစိုက်ခင်းများသို့ ပွဲစားမှခြံအရောက်လာရောက်ဝယ်ယူပြီး ရန်ကုန်၊ ပဲခူးသို့ အများဆုံး တင်ပို့ကာ မန္တလေးနှင့် ဒေသအနီးဝန်းကျင်များသို့လည်း တင်ပို့မှုရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးဖြစ်ထွန်းတဲ့ သီးနှံဖြစ်ကာ၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ဒေသထွက် ဖီးကြမ်းငှက်ပျောမှာ ဈေးကွက်တွင် ဝယ်လိုအားကောင်းခြင်း၊ လူကြိုက်များခြင်းတို့ကြောင့် တောင်သူများ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**တင်ဇာမျိုး (မန္တလေး)**



## မအူပင်စက်မှုဇုန်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများသာမက စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကောင်းများ

မအူပင်မြို့နယ်တွင် ရပ်ကွက် ကျေးရွာအုပ်စု ၈၈ အုပ်စုရှိပြီးကျေးရွာအုပ်စု ၇၆ အုပ်စုရှိပါသည်။ ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသာ အဓိကထားလုပ်ကိုင်ပြီးမြစ်ချောင်း၊ အင်းအိုင်ဘေးရှိ ကျေးရွာများမှ ကိုင်းလုပ်ငန်းနှင့် ရေချိုငါးဖမ်းလုပ်ငန်းသာ အဓိကထားလုပ်ကိုင်ကြပါသည်။

မအူပင်မြို့နယ်တွင် မအူပင်စက်မှုဇုန်စီမံကိန်းကိုညောင်ဝိုင်းကျေးရွာနှင့်ပံတပွတ်ကျေးရွာများရှိ၂၄၉ ဒသမ ၄၈ ဧကကျယ်သောစီမံကိန်း ဧရိယာပေါ်တွင် Shanghai Yangdon Investment & Development Co,Ltd (SYI) ကုမ္ပဏီက ၅၅ ရာခိုင်နှုန်း၊ Maubin Development Public Co,Ltd (MDPC) ကုမ္ပဏီက ၃၀ ရာခိုင်နှုန်း၊ Southern Metal Industry Co,Ltd(SMI) ကုမ္ပဏီက ၁၅ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံကာ ၂၀၁၆ နှစ်ဦးပိုင်းမှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

စီမံကိန်းကာလမှာ ၂၀၁၆ခုနှစ်မှ ၂၀၂၀ခုနှစ်အတွင်း အပြီးတည်ဆောက်ရန် သတ်မှတ်ထားရှိသည်။ စီမံကိန်းပြီးစီးပါက စက်ရုံ ၅၀ ခန့်ရှိမည်ဖြစ်ပြီး အများအားဖြင့် အထည်ချုပ်စက်ရုံများနှင့် အခြားစက်ရုံအနည်းငယ် ပါဝင်ကြောင်း၊ စက်ရုံလုပ်သားဦးရေမှာ ခန့်မှန်းအားဖြင့် ၆၅၀၀၀ ဦးမှ ၇၇၀၀၀ ဦးထိ အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိမည်ဟု စုံစမ်းသိရှိရပါသည်။

ထို့အပြင် မအူပင်စက်မှုဇုန်၏ အားသာချက်များမှာ ရန်ကုန်၊ မအူပင်ကျိုက်လတ်၊ ဖျာပုံလေးလမ်းသွား လမ်းမကြီးဘေးတွင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့နှင့် ၅၄ မိုင်/၈၇ ကီလိုမီတာ ကွာဝေးပြီး ဆက်သွယ်သွားလာရန်လွယ်ကူခြင်း၊ ရေလမ်းကြောင်းအနေဖြင့် တိုးမြစ်နှင့် တွံတေးတူးမြောင်းမှတစ်ဆင့် သီလဝါဆိပ်ကမ်း ပင်လယ်ထွက်ပေါက်သို့ ကုန်စည်စီးဆင်းမှုများဆောင်ရွက်နိုင်ခြင်း၊ နည်းပညာ တက္ကသိုလ်၊ မအူပင်တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ စက်မှုအထက်တန်းကျောင်းနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားသည့်ဒေသဖြစ်၍ ဒေသခံ လူ့စွမ်းအားအရင်းအမြစ်များ ပေါကြွယ်ဝခြင်းနှင့် တိုင်းဒေသကြီး၏မြို့တော် ပုသိမ်မြို့အပါအဝင် တိုင်းအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် ရာသီမရွေး ဆက်သွယ်သွားရောက်နိုင်သော လမ်းမကြီးကွန်ရက်အတွင်း တည်ရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရှိနေကြောင်း သိရှိရပါသည်။

**CONSUMER(MT)**

## ဟင်္သာတခရိုင်တွင် အနိမ့်ဆုံး အခကြေးငွေနှုန်းထားကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးပွဲကျင်းပ

ဟင်္သာတခရိုင်တွင် အနိမ့်ဆုံး အခကြေးငွေနှုန်းထားကို ပြန်လည်သုံးသပ်ပြင်ဆင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးပွဲကို အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၁၇ ရက်က ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရေးဆိုင်ရာ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ် ရေးမှူး၊ ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များ၏ အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဟင်္သာတမြို့ပေါ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အတွင်းရှိမြို့နယ်များမှ အလုပ်သမားအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ လယ်သမားများ စုစုပေါင်း ၁၀၁ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီးတွင် အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရေးဆိုင်ရာ ကော်မတီဝင် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်းက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြား၍ တက်ရောက်လာသူများမှလည်း ပါဝင်ဆွေးနွေးပေးရန် ဖိတ်ခေါ်ခဲ့ပါသည်။

မြို့နယ်အသီးသီးမှ တက်ရောက်လာသော အလုပ် သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများမှ ပါဝင်ဆွေးနွေးကြပြီး ဧရာဝတီတိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ရေးဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ယခုဆွေးနွေးချက်များကို မှတ်တမ်းတင်ထားရှိပြီး တိုင်းဒေသကြီးတွင်ပြုလုပ်မည့် အလုပ်သမား၊ အလုပ်ရှင်နှင့် အနည်းဆုံး အခကြေးငွေနှုန်းထား သတ်မှတ်ရေးဆိုင်ရာ ကော်မတီနှင့် ပညာရှင်များ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲတွင် တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မောင်မောင်မြတ်ခိုင်**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | ပုဇွန်တောင်မြို့နယ်၊ ကျီတော်အိမ်ရာ | (၂၅ x ၆၀)ပေ/ ၃ လွှာ | MB (၂) | ၇၀၅ သိန်း | ၁ လအငှားနှုန်း | ၀၉/၇၉၅၃၃၇၀၁၁ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂၅ x ၄၅)ပေ | အခန်းဖွဲ့ | ၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | ကွန်ဒို | ဗဟန်းမြို့နယ်၊ ပုလဲကွန်ဒို | ၁၂၅၀ စ/ပေ (၇) လွှာ | MB (၁) ၊BR (၂) | ၁၉၀၀ သိန်း | အသင့်နေ၊ ဓာတ်လှေကားပါ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ (၇) လွှာ | MB (၁) ၊BR (၂) | ၁၅၀၀ သိန်း | အသင့်နေ၊ ဓာတ်လှေကားပါ | ၀၉/၅၁၁၇၂၆၂ |
| ၅။ | တိုက်ခန်း | လှိုင်မြို့နယ်၊ သုခလမ်း | ၇၅၀ စ/ပေ၊ (ပ)ထပ် | BR(၂) | ၇၀၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၆။ | တိုက်ခန်း | ဒေါပုံမြို့နယ်၊ ဈေးကလေးအနီး | ၆၅၀ စ/ပေ၊ (၄) လွှာ | BR(၁) | ၃၉၀ သိန်း | တံတားနှင့်နီး | ၀၉/၉၇၆၂၁၁၂၃ |
| ၇။ | မြေ | သာကေတမြို့နယ်၊ ရတနာအိမ်ရာမြေ | ၆၄၀၀ စ/ပေ | | ၂၅၀၀ သိန်း | မြေသီးသန့် | ၀၉/၉၇၆၂၁၁၂၃ |
| ၈။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း(၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | RC (၁) ထပ် | ၂၅၀၀ သိန်း | မြေပိုပါဝင်၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ဉာဏ်တောရပ်၊ လမ်းသွယ် | ၅၆၀၀ စ/ပေ | မြေသီးသန့် | ၁၅၀၀ သိန်း | မြို့ပြတ်လမ်းမနီး | ၀၉/၅၁၁၇၂၆၂ |

# ပုသိမ်မြို့တွင် အနည်းဆုံးအခကြေးငွေနှုန်းထား ပြန်လည် သုံးသပ်ပြင်ဆင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးပွဲပြုလုပ်



ပုသိမ်မြို့တွင် အနည်းဆုံး အခကြေးငွေနှုန်းထား ပြန်လည်သုံးသပ်ပြင်ဆင်ရေးအတွက် အထောက်အကူပြု ဆွေးနွေးပွဲကို ဩဂုတ်လ ၁၃ ရက်က အမှတ်(၁) အ. လ. က (ခွဲ) ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ ကော်မတီအဖွဲ့ဝင် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်အေးအေးမိုး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွား စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ တိုင်းစည်ပင်၊ တိုင်း စိုက်ပျိုးရေး၊ တိုင်းစက်မှုကြီးကြပ်၊ စီးပွားရေးလုပ်ငန်းရှင်၊ အသင်းအဖွဲ့ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။

ဆွေးနွေးပွဲတွင် အနည်းဆုံး အခကြေးငွေ နည်းဥပဒေများ၊ ပြည်ထောင်စု အဆင့်နှင့် တိုင်းဒေသကြီး အဆင့် ကော်မတီ ဖွဲ့စည်းထားရှိမှု သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် အခကြေးငွေ သတ်မှတ်ချက်များ၊ လုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ၊ အလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်များ ခေတ်နှင့် လျော်ညီစွာ အနည်းဆုံး လုပ်ခသတ်မှတ်နိုင်ရေးများအား ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြောင်းသိရှိရပါသည်။**မင်းမင်းဦး(ပုသိမ်)**

# ပုလဲမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာ ဦးစီးဌာန၊ ယင်းမာပင်ခရိုင်ရုံးမှ ကြီးမှူး၍ ပုလဲမြို့နယ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေးပွဲကို ဩဂုတ်လ ၁၄ ရက်က ပုလဲမြို့နယ်ရှိ ပုလဲရတနာခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးဟောပြောခဲ့ကြသည်။

ယင်းမာပင်ခရိုင် စားသုံးသူရေး ရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ခိုင်မို့မို့ (မြင်းမူ)**

# အင်ဂ်ပူမြို့တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ် သင်တန်းဖွင့်လှစ်

ကျေးလက်နေ ပြည်သူများ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ မိသားစု ဝင်ငွေတိုးတက်စေရန် အတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ် သင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အင်ဂ်ပူမြို့နယ် ဦးစီးမှူးရုံး၊ အစည်းအဝေးခန်းမတွင် ဩဂုတ်လ ၄ ရက်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ သင်တန်းကို ဩဂုတ်လ ၄ ရက်မှ စက်တင်ဘာ ၃ ရက်ထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ပါသည်။

သင်တန်းသို့အင်ဂ်ပူမြို့နယ်အတွင်းရှိကျေးရွာများဖြစ်သော ကံဦးကျေးရွာ၊ ဆံ့ကုန်းကျေးရွာ၊ အောက်ရွာကြီးကျေးရွာ၊ ရှမ်းတော ကျေးရွာ၊ မဲဇလီစု ကျေးရွာတို့မှ သင်တန်းသူ စုစု ပေါင်း ၄၀ ဦး တက်ရောက်ကြပြီး သင်တန်းပြီးဆုံးပါက မော်တာစက်ဖြင့် အခြေခံစက်ချုပ်ခြင်းကို တတ်မြောက် သွားပြီး မိသားစုဝင်ငွေ တိုးတက်စေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသွားမည် ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေး နည်းပညာ သင်တန်းများ၊ မွေးမြူရေး နည်းပညာ သင်တန်းများ စသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း အင်ဂ်ပူမြို့နယ်ဦးစီးမှူး၊ ဦးစီးအရာရှိ ဦးသန်းဇော်စိုးက ပြောကြားပါသည်။ **မောင်မောင်မြတ်ခိုင်**

# 2017 ခုနှစ် [illegible] ပြပွဲများ

အောက်ဖော်ပြပါ နိုင်ငံတကာကုန်စည်ပြပွဲသို့ သွားရောက်ရန် စိတ်ပါဝင်စားသည့် exhibitor နှင့် visitor များသည် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖုန်း ၀၆၇-၄၃၀၄၄၇ (နေပြည်တော်)၊ ၀၁-၂၅၄၀၂၄ (ရန်ကုန်) Email- itpic.moc@gmail.com နှင့် moctradefair@gmail.com သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

| ပြပွဲအမည် | နေ့ရက် | ကျင်းပမည့်မြို့ / နေရာ |
|---|---|---|
| 14th CAEXPO (Nanning) | ၁၂ ◦ ၉ ◦ ၂၀၁၇ ရက်မှ ၁၅ ◦ ၉ ◦ ၂၀၁၇ အထိ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့ |
| BIMSTEC Expo 2017 | ၁၅ ◦ ၉ ◦ ၂၀၁၇ ရက်မှ ၁၇ ◦ ၉ ◦ ၂၀၁၇ အထိ | ကာလကတ္တားမြို့ |
| CLMV Export Capacity Program in Laos (AJC) | ၁၇ ◦ ၁၀ ◦ ၂၀၁၇ မှ ၂၀ ◦ ၁၀ ◦ ၂၀၁၇ အထိ | ဗီယန်ကျင်းမြို့ |
| ASEAN Trade Fair | ၂၅ ◦ ၁၀ ◦ ၂၀၁၇ မှ ၂၈ ◦ ၁၀ ◦ ၂၀၁၇ အထိ | ဆိုးလ်မြို့ |
| KAOHSIUNG Food Show | ၂၉ ◦ ၁၀ ◦ ၂၀၁၇ မှ ၂၉ ◦ ၁၀ ◦ ၂၀၁၇ အထိ | ကောင်းရှုံမြို့ |
| 122nd Canton Fair | ၃၁ ◦ ၁၀ ◦ ၂၀၁၇ မှ ၄ ◦ ၁၁ ◦ ၂၀၁၇ အထိ | ကွမ်ရိုးမြို့ |
| Vietnam Food Expo | ၁၅ ◦ ၁၁ ◦ ၂၀၁၇ မှ ၁၈ ◦ ၁၁ ◦ ၂၀၁၇ အထိ | ဟိုချီမင်းမြို့ |
| Global Game Exhibition 2017 (G-Star) | ၁၆ ◦ ၁၁ ◦ ၂၀၁၇ မှ ၁၉ ◦ ၁၁ ◦ ၂၀၁၇ အထိ | ဘူဆန်မြို့ |
| Kunming /Dianchi Mekong Regional Commodity Expo | ၂၄ ◦ ၁၁ ◦ ၂၀၁၇ မှ ၂၆ ◦ ၁၁ ◦ ၂၀၁၇ အထိ | ကူမင်းမြို့ |
| ASEAN Design selection in Fy 2017 | ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ | တိုကျိုမြို့ |

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com
(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၂၁-၈-၂၀၁၇ မှ ၂၇-၈-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** မာန်ရှိသလိုခံယူချက် စိတ်ဓာတ်ပြင်းထန်သူဖြစ်သည်။ ဦးစီးဦးဆောင်အပင်ပန်းခံဆောင်ရွက်လိုသောစိတ်ဓာတ်များကြောင့် သူတစ်ပါးက လေးစားအားကိုးခြင်းလည်းရှိတတ်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီးများ ပုံအောပြီးမလုပ်သင့်သေးပါ။ ချိန်ဆ၍ ဆောင်ရွက်သင့်ပါသည်။ ငွေကြေးများဝင်သောအခါ ပြဿနာတစ်ခုခုရှိတတ်သည်။ အတွေ့အကြုံသစ်များလည်း ရရှိလာတတ်ပါသည်။

**ယတြာ။ ။ကြေးနီရောင်ပစ္စည်းဆောင်ပါ။**



**တနင်္လာသားသမီးများအတွက်** ကိုယ်ပိုင်ဆုံးဖြတ်မှုပြတ်သားစွာရှိနေတတ်သည်။ စိတ်မြန်ကိုယ်မြန်ရှိနေတတ်သည်။ ငွေဝင်တတ်သော်လည်း ငွေမမြဲဖြစ်နေတတ်သည်။ စည်းစနစ်ကြီးမားပြီး၊ အလှအပကို ကြိုက်နှစ်သက်တတ်သည်။ စီးပွားရေးနယ်ပယ်တွင် အောင်မြင်ကျော်စောမှုရှိနေမည်။ စီးပွားရေးလုပ်လျှင် ကိုယ်ပိုင်လုပ်ငန်းများနှင့် အကျိုးပေးကံကောင်းနေတတ်ပါသည်။ **ယတြာ။ ။အေးမြသောအရောင်ပုလဲ ဂေါ်မုတ်ဆောင်ပါ။**




**အင်္ဂါသားသမီးများအတွက်** စကားပြောရာတွင် ပွင့်ပွင့်လင်းလင်းရှိပြီး ရိုးသားစွာပြောဆိုတတ်မည်။ လွတ်လပ်မှုကိုလိုလားတတ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် စိုးရွံ့စိတ်မထားဘဲ လျင်မြန်စွာ ဆောင်ရွက်တတ်သောသဘောရှိလိမ့်မည်။ ဘဝတက်လမ်းများကို ရှာဖွေကြံဆရာတွင် မဖြစ်မနေ ဇွဲနပဲကြီးစွာဖြင့် ရဲစွမ်းသတ္တိ ရှိနေလိမ့်မည်။ မိမိ၏ကြိုးစားမှုကြောင့် အကျိုးတူစီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရှိလိမ့်မည်။ ငွေကြေးကိစ္စနှင့် စကားပြောဆိုရမှုများ ရှိနေလိမ့်မည်။ ဓာတ်သတ္တုလုပ်ငန်းများ၊ ရွှေလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလိမ့်မည်။

**ယတြာ။ ။အနီရောင်ပစ္စည်း ဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အရာရာတိုင်းတွင် ပညာဉာဏ်အတွေးအခေါ် ရှိရှိဖြင့်သာ ပြောဆိုတတ်သည်။ မှန်ကန်သောဆုံးဖြတ်ချက်ဖြင့် လောကကိုကောင်းစေသောဆန္ဒရှိနေတတ်သည်။ စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနေသူများအတွက် ကံကောင်းမည့်အချိန်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံရသော ငွေကြေးကိုကြည့်၍ သင့်တော်မည့်စီးပွားရေးလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။

**ယတြာ။ ။အစိမ်းရောင်၊ ကျောက်စိမ်းဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ပညာဉာဏ်ကြီးမားတတ်သည်။ လျှပ်တစ်ပြက်ဉာဏ်ထက် ရေရှည်အမျှော်အမြင်ဘက်၌ ပို၍ကောင်းနေတတ်ပါသည်။ ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများနှင့် စီးပွားရေးကိုပို၍ လုပ်ဖြစ်တတ်ပါသည်။ သာမန်ဆက်ဆံရသော အသိုင်းအဝိုင်းနှင့်လည်း အဆင်မပြေမှုစိတ် အနှောင့်အယှက်ဖြစ်စရာ ကြုံရမှုများရှိတတ်သည်။ သို့သော် သည်းခံဆောင်ရွက်မှု၊ ဇွဲရှိမှုကြောင့် ရေရှည်တွင် နားလည်သဘောပေါက်ပြီး မိမိအပေါ် လက်ခံကျေနပ်မှုများ ရှိလာတတ်ပါသည်။

**ယတြာ။ ။မိုးပြာရောင်ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** စိတ်မြန်ကိုယ်မြန်ရှိပြီး အေးအေးချမ်းချမ်း နေထိုင်တတ်မည်။ အပျော်အပါးမက်မောမှုရှိမည်။ ခရီးသွားဝါသနာပါမည်။ စီးပွားရေးလုပ်ငန်းတို့တွင် လက်တွေ့နှင့် စိတ်ကူး တစ်ထပ်တည်းမကျ ဖြစ်နေတတ်သည်။ ငွေကြေးလုပ်ငန်းနှင့် ပတ်သက်ပြီးအရှုံးပေါ်တတ်သည်။ ကျန်းမာရေးတွင် စိတ်ပိုင်းဆိုင်ရာ အားနည်းချက်ရှိသည်။ အကြောတက်ခြင်းဝေဒနာ ခံစားရတတ်သည်။ စရိုက်ကြမ်းတမ်းသောသဘောမရှိဘဲ ယဉ်ကျေးလိမ္မာ ပြောဆိုဆက်ဆံနေတတ်သည်။

**ယတြာ။ ။ပတ္တမြားဆောင်ပါ။**



**စနေသားသမီးများအတွက်** ဘဝဖြတ်သန်းမှုအတွေ့အကြုံများပြားတတ်သည်။ အသိအမြင်ခိုင်မာစွာရှိပြီး ငွေကြေးမျက်နှာတစ်ခုတည်းအတွက် အလုပ်လုပ်ခြင်းမျိုးမဟုတ်ဘဲ ပေးဆပ်၍အနစ်နာခံလုပ်ကိုင်ရတတ်သည်က များနေမည်။ ကာလဒေသကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများမှ အကျိုးရှိပြီး အမြတ်အစွန်းရရှိလိမ့်မည်။ စီးပွားရေးလုပ်ငန်းများတွင် မီးဖိုချောင်သုံးပစ္စည်းများနှင့် ပွဲရုံလုပ်ငန်းပို၍အကျိုးရှိနေမည်။

**ယတြာ။ ။နီလာဆောင်ပါ။**

# ရွှေဘိုမြို့နယ် ဆန်စပါးကုန်စည်ဒိုင် ဖြစ်မြောက်ရေးနှင့် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့၌ ဆန်စပါး ကုန်စည်ဒိုင်ဖြစ်မြောက်ရေးနှင့် အလုပ်အမှုဆောင်ရွေးချယ် တင်မြှောက်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၆ ရက်က ဧဒင်ခန်းမတွင် ကျင်းပခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ရွှေဘို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရှိန်းအောင်၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ဆန်ကုန်သည်များ တက်ရောက် ခဲ့ကြပါသည်။ အခမ်းအနားတွင် ဦးမင်းအောင် ဥက္ကဋ္ဌအဖြစ်ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၃ ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ၎င်းအမှုဆောင်အဖွဲ့မှ ဆန်စပါးကုန်စည်ဒိုင် ဖြစ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးက အမှုဆောင်များ၊ အသင်းဝင်များ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မည်ဆိုပါက အောင်မြင်သော ဆန်စပါးကုန်စည်ဒိုင်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်းနှင့် သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**ညိုညို(ရွှေဘို)**

# ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ကိုရီးယားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေး




ဧရာဝတီတိုင်း ဒေသကြီးအတွင်း စီးပွားရေး လုပ်ငန်းရှင်များပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း(ARCCI) ရုံး အစည်းအဝေးခန်းမတွင် အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် ကိုရီးယားနိုင်ငံ Daegu Gyeongbuk Machinery Cooperative (DGMC) မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၁၄ ရက်တွင် ကျင်းပရာ စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်၊ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်တို့ တက်ရောက်ခဲ့ပါသည်။

ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က တိုင်းအတွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ (DGMC) ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဧရာဝတီတိုင်းအတွင်း ရှေ့ဆက်လက်ဆောင်ရွက်မည့် စီးပွားရေးအစီ အမံများနှင့် ဆက်စပ်၍ရှင်းလင်း ပြောကြားခဲ့ပါသည်။

DGMC ကုမ္ပဏီမှ တာဝန်ရှိသူကလည်း ကုမ္ပဏီစတင်ဖွဲ့စည်းသည့် ခုနှစ်၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ နောက်ဆုံးထုတ်လုပ်လျက်ရှိသော လယ်ယာသုံး စက်ကိရိယာများ၊ မော်တော်ကား အပိုပစ္စည်းများ၊ စိုက်ပျိုးရေး လုပ်ငန်းတွင် ဆောင်ရွက်နေမှုများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် ပရိုဂျက်တာဖြင့် ရှင်းလင်းခဲ့ပြီး ARCCI အသင်းနှင့် ချိတ်ဆက်ဆောင်ရွက်မည့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဦးသိန်းနိုင်က ဧရာဝတီတိုင်း ဒေသကြီးအတွင်း ဆောင်ရွက်နေသော ဆန်စပါး၊ ပဲစိုက်ပျိုးဧက ထွက်ရှိမှု၊ ရေလုပ်ငန်း နှစ်ရှည်လုပ်ငန်း၊ အခြားစီးပွားရေးလုပ်ငန်းများနှင့် ပြည်တွင်း ကုန်သွယ်မှု မြှင့်တင်ရေးအတွက် အသင်းအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ဖျာပုံမြို့မှ မြိတ်မြို့သို့ ထွက်ခွာမည့်ရေယာဉ်များအား စစ်ဆေး

ဖျာပုံခရိုင်အတွင်းရှိကုန်စည်များအား မြိတ်မြို့သို့ သယ်ဆောင်သည့် ရေယာဉ်များကို ဌာနဆိုင်ရာများ၊ ဆန်ကုန်သည်အသင်း၊ ရေယာဉ်အသင်းတို့ ပါဝင်သော စစ်ဆေးရေးအဖွဲ့များအား မြို့နယ်အလိုက် ဖွဲ့စည်းထားရှိပြီး မြိတ်မြို့ ရေယာဉ်အဝင်အထွက်များကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြိတ်မြို့သို့ထွက်ခွာမည့် ရေယာဉ်သည် ဖျာပုံမြစ်ပေါက်မှ တစ်ဆင့် ပင်လယ်ပြင်ကို ဖြတ်သန်း သွားလာရသဖြင့် ကန့်သတ်ပစ္စည်းများ သယ်ဆောင်ခြင်း မရှိစေရေး၊ တရားဥပဒေနှင့် ညီညွတ်မှုမရှိသည့် ကိစ္စရပ်များ ဖြစ်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ ပါဝင်သောအဖွဲ့ကိုဖွဲ့စည်းထားပြီး ထိုပူးပေါင်းအဖွဲ့က စစ်ဆေးပြီးမှသာ ရေယာဉ်ကို ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အခု ဖျာပုံခရိုင်မှာ မြိတ်ကလာတင်တဲ့ကုန်စည်တွေက ဆန်တင်ရေယာဉ်တွေများပါတယ်။ စစ်ဆေးရေးအဖွဲ့က စစ်ဆေးတယ်ဆိုတာ တားမြစ်ထားတဲ့ကုန်စည်တွေ၊ မူးယစ်ဆေးဝါး၊ လူမှောင်ခိုစတဲ့ တရားဥပဒေနဲ့ ညီညွတ်မှု မရှိတဲ့ ကိစ္စရပ်တွေကို ကြိုတင်တားဆီးတဲ့အနေနဲ့ စစ်တာပါ။ ကင်းလွတ်ကုန်တွေကတော့ လွတ်လွတ်လပ်လပ် သယ်ယူခွင့်ပြုထားပါတယ်။ စစ်ဆေးရေးအဖွဲ့မှာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး မြို့နယ် ဌာနဆိုင်ရာများဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရေကြောင်းဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန၊ အထူး စုံစမ်းစစ်ဆေးရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနစတဲ့ ဦးစီးဌာနတွေအပြင် ဆန်စပါးကုန်သည်အသင်း၊ ရေယာဉ်အသင်းတွေလည်း ပါပါတယ်။ လုပ်ငန်းပိုင်းအနေနဲ့ကတော့ သူ့အပိုင်းနဲ့သူ စစ်ကြရပါတယ်" လို့ ၎င်းက ဆက်ပြောသည်။

"ရေယာဉ်တွေကို သက်ဆိုင်ရာများက အခုလိုစစ်ဆေးပေးတာ သဘောကျပါတယ်။ သံသယကင်းကင်းနဲ့ အလုပ်လုပ်ရတာ စိတ်ချမ်းသာတာပေ့ါ။ မရိုးမသား လုပ်တဲ့သူတွေကို အားမပေးပါဘူး။ တွေ့ခဲ့ရင်လည်း သတင်းပေး တိုင်ကြားသွားမှာပါ"လို့ မြိတ်ဆန်တင်ရေယာဉ် ဦးဇင်မင်းထိုက်က ပြောပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# ပန်းစိုက်ပျိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက် ရရှိရေးကြိုးပမ်းလုပ်ဆောင်သွားသင့်

စောမောင် (တောင်ကြီး)

(ယခင်တစ်ပတ်မှအဆက်)

**ပြည်နယ်ဦးစီးမှူး။ လုပ်သားငှားရမ်းမှုကို စိုက်ခင်း လိုအပ်ချက်အရ နေ့စား ငှားရမ်းခြင်းမပြုဘဲ ဘာကြောင့် နှစ်ပေါက်ငှားရမ်းထားပါသလဲ။**

**ဦးဖိုးကင်း ။** ပန်းဟာ အခြားသောသီးနှံများ၊ သစ်သီးဝလံများနှင့် မတူပါဘူး။ ဈေးသို့တင်ပို့ရာမှာ အချိန်နာရီ နောက်ကျတာနဲ့ အရည်အသွေး ကျဆင်းသွားနိုင်တဲ့အတွက် အချိန်အခါအလိုက် ခူးဆွတ်ခြင်း၊ ရေပေးရခြင်း၊ ဆေးဖျန်းရခြင်း၊ ပြုစုရခြင်း၊ အခြား သွင်းအားစုများ ထည့်သွင်းရတာဖြစ်လို့ လုပ်သားအရန်သင့် ရှိနေဖို့ လိုအပ်ပါတယ်။ အရေးကြီးမှ နေ့စားရှာပြီး အသုံးပြုရမယ်ဆိုရင် လွယ်လင့်တကူမရနိုင်တဲ့သလို အဆင်မပြေမှုတွေ ကြုံတွေ့ ရနိုင်တဲ့အတွက် နှစ်ပေါက်ငှားထားရတာ ဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ငှားရမ်းထားတဲ့ လုပ်သားတွေရဲ့နေ့စဉ်ဆောင်ရွက်မှုများနဲ့ ပန်းလောကရဲ့ အခြေအနေကိုပြောပြပေးပါ။**

**ဦးဖိုးကင်း။** နှစ်ပေါက်ငှားရမ်းထားတဲ့ လုပ်သားတွေအနေနဲ့ အချိန်ရာသီအလိုက် ပန်းစိုက်ဖို့ ဘောင်တင်ခြင်း၊ ပန်းစိုက်ခြင်း၊ရေမြောင်းဖော်ခြင်း၊ ပန်းမျိုးအတွက်သားစို့၊ သားတက် ထုတ်ယူခြင်း၊လမိုင်းငုတ်များအား ပြန်လည်ပြုစုခြင်း၊ ခေါင်ညွန့်များအား ပြန်လည်ဖြတ်ယူပြီး စိုက်ပျိုးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ ရေသွင်းခြင်း၊ ရေဖျန်းခြင်း၊ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ ထည့်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပန်းဖူးခြွေခြင်း၊ ပန်းခူးခြင်း၊ ခူးပြီးပန်းများ ထုပ်ပိုးခြင်း၊ ပန်းထည့်ပုံးများပြုပြင် ဖာထေးခြင်း၊ ကားဂိတ်အသီးသီးသို့ပို့ခြင်း၊ စိုက်ခင်းသို့ တိုက်ရိုက်ပန်းဝယ်လာသူများအား ရောင်းချပေးခြင်း၊ ပန်းရောင်းရငွေများကို ဘဏ်မှထုတ်ယူခြင်းစတဲ့ အလုပ်တွေလုပ်ပေးရပါတယ်။ မြင်သာတဲ့ ဥပမာပြောရရင်တော့ စစ်မြေပြင်မှာ သတိလက်လွတ်သွားရင် တစ်ဖက်ရန်သူရဲ့ ထိုးနှက်တိုက်ခိုက်မှုကိုခံရပြီး ကျရှုံးရသလို ပန်းလောကအနေနဲ့လည်း ရေသွင်းချိန်၊ ပန်းစိုက်ချိန်၊ ရေဖျန်းချိန်၊ မြေဩဇာထည့်ချိန်၊ ပိုးသတ်ဆေးသုံး သင့်တဲ့အချိန်၊ ပန်းလက်ချချိန်၊ ပန်းဖူးခြွေချိန်၊ ပန်းခူးချိန်၊ ဈေးကွက်တင်ချိန်ဆိုပြီး အချိန်တိုင်းမှာ အချိန်ကိုက် လှုပ်ရှားနိုင်မှ ပေါင်းမြက်များ အစဉ်နှိမ်နင်းနေမှ ကျရှုံးခြင်းနဲ့ ရင်ဆိုင်ရမှာ မဟုတ်ပါဘူး။ အဲဒီ လိုမှမလုပ်နိုင်ဘူးဆိုရင် ရောဂါဝင်လို့၊ ရောင်းတန်းမဝင်လို့ ဆိုတာမျိုးတွေအပြင် သဘာဝဘေးဒဏ်ဖြစ်တဲ့ မိုးသီးကြွေကျခြင်းကြောင့် ပျက်စီးပြီးဆုံးရှုံးရတာတွေ တွေ့ကြုံခဲ့ရလို့ပန်း လောကမှ ထွက်ခွာသွားရသူများရှိပြီး အလုပ်အကိုင် အခွင့်အလမ်းမဲ့သွားတဲ့ ဘဝတွေလည်း ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ပြည်ပဈေးကွက်ကို ဘယ်လိုနည်းလမ်းတွေနဲ့ ထိုးဖောက် တင်ပို့နိုင်မလဲ အကြံပြုပါဦး။**

**ဦးဖိုးကင်း။** နိုင်ငံခြားဈေးကွက် အနေအထားအရ သတ်မှတ်စံချိန်စံညွှန်း၊ ထုပ်ပိုးမှုစနစ်၊ သယ်ယူပို့ဆောင်မှု ပုံစံနဲ့ခူးဆွတ်ချိန်မှ ဈေးကွက်အထိ ရောက်ရှိချိန်စတဲ့ အချက်တွေကို အသေးစိတ်တွက်ချက်ပြီး ဈေးကွက်ရဲ့ လိုအပ်ချက်ပမာဏကို စဉ်ဆက်မပြတ် ပြည့်မီအောင် အသေးစိတ် စီမံချက်ရေးဆွဲရန် လိုအပ်ပါတယ်။ ဒ့ါအပြင် ပြည်ပအဆက်အသွယ်၊ ဈေးကွက်လိုအပ်ချက်အရ စိုက်ပျိုး ဧရိယာ၊ စိုက်ပျိုး၊ ထုပ်ပိုး၊ ပို့ဆောင်မှု ပုံစံများနဲ့အညီ စွမ်းဆောင်နိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးစရိတ် ရင်းနှီးငွေ စတဲ့အချက်တွေလည်း လိုအပ်မှာဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ စင်ကာပူနိုင်ငံကို ပန်းတင်ပို့မယ်ဆိုရင် ဘယ်လိုပန်းမျိုးကို တင်ပို့လျှင် အဆင်ပြေနိုင်ပါသလဲ။**

**ဦးဖိုးကင်း။** ကြွေနီအမျိုးအစား ဂန္ဓာမာပန်းကို တင်ပို့မယ်ဆိုလျှင် အဆင်ပြေနိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ပန်းကိုပြည်ပတင်ပို့မယ်ဆိုရင် ဘာလိုအပ်ချက်တွေရှိမလဲ။**

**ဦးဖိုးကင်း။**ပြည်ပတင်ပို့မယ်ဆိုရင် စိုက်ပျိုးရေး ဦးစီးဌာနမှ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ရရှိဖို့ အဓိကလိုအပ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ဓာတ်မြေဩဇာတွေကို ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ဖို့ အကြံပြုပေးပါ။**

**ဦးဖိုးကင်း ။** ပြည်တွင်းမှာ ဈေးနှုန်းသက်သာစွာနဲ့ ထုတ်လုပ်ပေးနိုင်တဲ့ စက်ရုံတွေ ထူထောင်ဖို့လိုအပ်ပါတယ်။ ဒါမှမဟုတ် ပြည်ပမှဓာတ်မြေဩဇာတင်သွင်းတဲ့ ကုမ္ပဏီတွေ များများရှိဖို့ လိုအပ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ပန်းများထားသိုနိုင်ဖို့ အအေးခန်း တည်ဆောက်ပါက ကုန်ကျစရိတ် ဘယ်လောက်ရှိမလဲ။**

**ဦးဖိုးကင်း ။** ပန်းများထားသိုနိုင်ဖို့ ပေ၁၀၀ ×ပေ၄၀ အကျယ်အဝန်းရှိ အအေးခန်း တည်ဆောက်ပါက သိန်း ၃၀ခန့် ကုန်ကျမှာဖြစ်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ အအေးခန်း တည်ဆောက်ထားတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်မလဲ။**

**ဦးဖိုးကင်း။** အအေးခန်း တည်ဆောက်ထားတဲ့အတွက် ပန်းမျိုးများ သိုလှောင်ထားနိုင်ခြင်း၊ ပန်းအများဆုံး ထုတ်လုပ်ချိန်မှာ ပန်းများကို သိုလှောင်ထားနိုင်လို့ အချိန်ဆွဲဆန့်နိုင်တဲ့ အနေအထားရှိတဲ့အတွက် ရောင်းချသူဈေးကွက် စီမံဖန်တီးနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိနိုင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ပန်းစိုက်ပျိုးခြင်းအတွက် အရင်းအနှီး ကုန်ကျစရိတ်တွေကို ဘယ်လိုစီမံပါသလဲ။**

**ဦးဖိုးကင်း။** ပန်းစိုက်ပျိုးခြင်းအတွက် သွင်းအားစု ထည့်သွင်းမှုအပိုင်းမှာ သက်ဆိုင်ရာစိုက်ပျိုးရေး အရောင်းဆိုင်များမှ အဟောင်းပေး အသစ်ဝယ်ယူတဲ့ စနစ်ကျင့်သုံးသလို၊ အချို့ကုန်ပစ္စည်း များကိုလည်း အကြွေးယူပြီး ပန်းပေါ်ချိန်မှ ပေးဆပ်ရပါတယ်။ ကတိတည်ဖို့ရာနဲ့ အလုပ်ကြိုးစားဖို့ရာပဲ အဓိကကျပါတယ်။ စိုက်ပျိုးရေးပစ္စည်းများ ရောင်းချတဲ့ ကုမ္ပဏီနဲ့ အရောင်းဆိုင်များ၊ ပန်းစိုက်ပျိုးသူများဟာ ကြာလာတော့လည်း ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဖြစ်လာတဲ့အတွက် လိုအပ်တဲ့သွင်းအားစုတွေကို လက်ငင်းငွေပေးချေဖို့ မလိုဘဲ ပန်းပေါ်ချိန်မှသာ ပြန်လည်ပေးချေရတဲ့စနစ်ကို ယုံကြည်စွာနဲ့ ကျင့်သုံးလျက်ရှိပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ပန်းလောကရဲ့ အခက်အခဲနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားဘာများ အကြံပြု ပြောစရာရှိ ပါသလဲ။**

**ဦးဖိုးကင်း။** ပန်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး နည်းပညာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ ထုတ်လုပ်မှု ကုန်ကျစရိတ်တွေ လျော့ကျအောင် စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ သစ်သီးဝလံပန်းမန် ပညာရှင်များကိုလည်း များများမွေးထုတ်ပေးဖို့ လိုအပ်ပါတယ်။သက်ဆိုင်ရာဒေသများမှာ ဇုန်အလိုက် အအေးခန်းသိုလှောင်ရုံတွေ ထားရှိပေးမယ်ဆိုရင်ပိုပြီး ကောင်းမွန်ပါတယ်။ ဓာတ်မြေဩဇာ ဝယ်ယူအသုံးပြုရာမှာ အိမ်နီးချင်းနိုင်ငံများထက် ဈေးနှုန်းကြီးမြင့်နေမှုကလည်း ဈေးကွက်မှာ မယှဉ်နိုင်တဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ ပန်းထွက်ချိန်မှာ ပြည်ပမှ Non-Licence စနစ်နဲ့ တရားဝင် တင်သွင်းလာတဲ့ ပန်းများကြောင့် ပြည်တွင်းပန်းများအရှုံးပေါ် နေပြီး ပြည်ပမှ သွင်းလာတဲ့ ပန်းများမှာ ဈေးနိမ့်တဲ့အတွက် ပြည်တွင်းပန်းလောကမှာ အရှုံးပေါ် နေရပါတယ်။ ဓာတ်မြေဩဇာ အရည်အသွေးကောင်းကောင်းကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့နဲ့ ဈေးနှုန်းသက်သာဖို့ လိုအပ်ပါတယ်။ ဒါမှသာ ထုတ်လုပ်မှုစရိတ် သက်သာမှာဖြစ်ပါတယ်။ ပန်းအစုအဖွဲ့ ဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာပြုလုပ်ဖို့နဲ့ အခြားသီးနှံများကို နိုင်ငံတော်မှ ချေးငွေထုတ်ချေးပေးသကဲ့သို့ ပန်းစိုက်တောင်သူများကိုလည်း ချေးငွေထုတ်ပေးမည်ဆိုပါက အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ပန်းလောကမှာလည်း ပြည်တွင်း ဈေးကွက်သာမက ပြည်ပဈေးကွက်သို့ ထိုးဖောက်နေရာယူပြီး နိုင်ငံတော်ဘဏ္ဍာငွေ ရရှိရေးအတွက် အခြားလယ်ယာထွက်ကုန်များ ပြည်ပဈေးကွက်သို့ ချိတ်ဆက်တင်ပို့ကြသလို ပန်းလောကအနေနဲ့လည်း ချိတ်ဆက်တင်ပို့သွားနိုင်ဖို့အတွက် ပန်းအစုအဖွဲ့အနေနဲ့ဆောင်ရွက်သွားချင်ပါတယ်။ ပြည်ပဈေးကွက်ကလိုချင်တဲ့ အရွယ်အစား၊ ပုံစံနဲ့အနေအထား အားလုံးကို ဆောင်ရွက်ပေးနိုင်ပါတယ်။ ပန်းလောကအနေနဲ့ နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်သွားချင်ပါတယ်။

**ပြည်နယ်ဦးစီးမှူး။ ယခုလိုပန်းစိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချမှုနှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဦးဖိုးကင်းကို ကျေးဇူးအထူးတင်ရှိပါတယ်။ ယခုဆွေးနွေးချက်များမှ တတ်နိုင်တဲ့အပိုင်းများကို ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မိမိတို့ဌာနအနေနဲ့လည်း ပန်းစိုက်တောင်သူများရဲ့ အခက်အခဲတွေနဲ့ လိုအပ်ချက်တွေကို အထက်ဌာန အဆင့်ဆင့်သို့ ဆက်လက် တင်ပြပေးသွားမှာ ဖြစ်ပါတယ်။**

**ဦးဖိုးကင်း ။** ဟုတ်ကဲ့ပါ၊ ကျွန်တော့်အနေနဲ့လည်း ကျွန်တော်တို့ ပန်းစိုက်ပျိုးမှုနှင့်ပတ်သက်ပြီး ပြောကြားခွင့်ရတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။

# စင်ကာပူနိုင်ငံသို့ ဗီယက်နမ်ဆန်များ ပိုမိုတင်ပို့ရန် အလားအလာကောင်းများရှိ

စင်ကာပူနိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မည့် နည်းလမ်းများ ရှာဖွေရန်အတွက် ယခုလ အစောပိုင်းတွင် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံသို့ သွားရောက်ကြပြီး စင်ကာပူနိုင်ငံသို့ ဗီယက်နမ်ဆန် ပိုမိုတင်ပို့ရန် အလားအလာများ အများအပြားရှိနေကြောင်း အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ ပြောကြားချက်အရ သိရှိရပါသည်။

ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့တွင် ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဗီယက်နမ်စားသောက်ကုန်အသင်းတို့မှ ကိုယ်စားလှယ်များနှင့်အတူ ပြည်ပသို့ဆန်တင်ပို့သည့်ကုမ္ပဏီကြီးရှစ်ခုတို့ပါဝင်ကြောင်း၊ အဆိုပါကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၏ ဆန်စပါးဆိုင်ရာ မူဝါဒ၊ ပို့ကုန်သွင်းကုန်အခြေအနေနှင့် တစ်ဆင့်ခံ သယ်ယူပို့ဆောင်မှုစသည့်ကိစ္စရပ်များအားလေ့လာရန်အတွက် စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းနှင့်လယ်ယာထွက် စားသောက်ကုန်နှင့် တိရစ္ဆာန်ဆိုင်ရာအဖွဲ့အစည်း အစရှိသည့် စင်ကာပူနိုင်ငံမှ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ပကုန်သည်များမှတစ်ဆင့် စင်ကာပူနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ခြင်းအစား စင်ကာပူနိုင်ငံရှိကုန်တိုက်ကြီးများသို့ဗီယက်နမ်ကုန်ပစ္စည်းများကို တိုက်ရိုက်တင်ပို့ရောင်းချ နိုင်ရေးအတွက် စင်ကာပူနိုင်ငံရှိ NTUC Fair Price, Giant နှင့် Sheng Siong အစရှိသည့် ဆိုင်ခွဲပေါင်းများစွာရှိသည့် စတိုး ဆိုင်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အဆိုပါစတိုးဆိုင်ကြီးများ၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရ ပါသည်။

ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သည့် Vietnam Northern Food Corporation မှ ကိုယ်စားလှယ်ဖြစ်သူ Le Xuan Minh က စင်ကာပူနိုင်ငံသည် ဗီယက်နမ်အဆင့်မြင့်ဆန်များ (အထူးသဖြင့် ဆန်မွှေး)ဝယ်ယူရန် အလားအလာ များပြားစွာရှိသည်ကို တွေ့ရှိခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ စင်ကာပူနိုင်ငံရှိ ကုန်တိုက်ကြီးများတွင် ဗီယက်နမ် ဆန်၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ အများအပြားရောင်းချလျက်ရှိပြီး စင်ကာပူနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများ၏ အရည်အသွေးအပေါ် အလွန်အမင်း အလေးထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံပြီးလျှင် ဗီယက်နမ်နိုင်ငံသည် စင်ကာပူနိုင်ငံသို့ တတိယမြောက် ဆန်အများဆုံးတင်ပို့လျက်ရှိသည့် နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် စင်ကာပူဒေါ်လာတန်ဖိုး သန်း ၈၀ ရှိ ဆန်တန်ချိန် ရှစ်သောင်းမှ ကိုးသောင်းအထိ တင်ပို့လျက်ရှိရာ အဆိုပါ ပမာဏသည် စင်ကာပူ ဆန်ဈေးကွက်၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါ သည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် စင်ကာပူနိုင်ငံသို့ ဆန်ပိုမိုတင်ပို့ရန်အတွက် အရည်အသွေးကောင်းမွန်ရန်၊ ဈေးနှုန်း သင့်တင့်မျှတမှုရှိရန်နှင့် ဈေးကွက်တွင် ရေရှည်တည်တံ့ရန်အတွက် ကိုယ်ပိုင်အမှတ်တံဆိပ် တည်ဆောက်ရန်လိုအပ် ကြောင်း စင်ကာပူအစိုးရ အရာရှိများနှင့် စီးပွားရေးခေါင်းဆောင်များက ပြောကြားခဲ့ပါသည်။

Source: vietnamplus.vn

စန္ဒာထွန်း (TTI)




# COLGATE PALMOLIVE ၏ ပညာသင်ဆုအစီအစဉ်မှ ဆုရရှိသူများအား ပညာသင်ဆုများ ပေးအပ်

COLGATE PALMOLIVE ၏ ပညာသင်ဆုအစီအစဉ်မှ ဆုရရှိသူများအား ပညာသင်ဆုများပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က ရန်ကုန်မြို့ရှိ Park Royal ဟိုတယ်တွင် ကျင်းပခဲ့သည်။ COLGATE PALMOLIVE ၏ ပညာသင်ဆုအစီအစဉ်တွင် လက်ရှိအချိန်အထိ ဆုရရှိသူပေါင်း ၂၇ ဦးရှိနေပြီဖြစ်ပြီး ယခုကျင်းပခဲ့သည့်အခမ်းအနားတွင် ဆုရရှိသူ ကျောင်းသား၊ကျောင်းသူ ၁၀ ဦးကို ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ်အတွက် ပညာသင်ဆုအစီအစဉ်ကို မေ ၁ ရက်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ ပထမဆု သုံးဆု၊ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဒုတိယဆုကြီး ငါးဆုနှင့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ တတိယဆု ၁၅၇ ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ကလေးငယ်များအတွက် ဤစိတ်လှုပ်ရှားဖွယ်ရာ ပညာသင်ဆုများ ကံထူးရရှိနိုင်မည့်အခွင့်အရေးကို Colgate Double Cool Stripe 160g, 80g, 165g နှင့် Colgate Super Strong သွားတိုက်ဆေးဘူးများကို ဝယ်ယူရုံဖြင့် ပညာသင်ဆုများ ရရှိခံစားနိုင်ကြမည်ဖြစ်သည်။ COLGATE PALMOLIVE အနေဖြင့် ယခုပညာသင်ဆုအစီအစဉ်ကို စက်တင်ဘာလအထိ ရက်ထပ်မံတိုးမြှင့်ပေးခဲ့ကာ ဆုရရှိသူများအနေဖြင့် အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား၍ ပြန်လည်အကြောင်းကြားပေးရမည်ဖြစ်ကြောင်း သိရသည်။

Colgate-Palmolive အင်ဒိုချိုင်းနား၏ အထွေထွေမန်နေဂျာဖြစ်သူ Mr.Kunal Chadha က "မြန်မာနိုင်ငံက ကလေးတွေရဲ့ ပညာရေးအိပ်မက်တွေ လက်တွေ့အကောင်ထည်ဖော်ရာမှာ Colgate ကတစ်စိတ်တစ်ပိုင်း ကူညီပံ့ပိုးပေးဖို့ ဆုံးဖြတ်ချက်နဲ့ ဒီပညာသင်ဆုအစီအစဉ်ကို ဒုတိယအကြိမ် ကျင်းပရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီလိုကလေးတွေရဲ့ဘဝမှာ အမှန်တကယ်အရေးပါပြီး ထိုက်တန်တဲ့ပညာရေးအခွင့်အလမ်းတွေ ရယူနိုင်ဖို့အတွက် အထောက်အကူဖြစ်တဲ့ ဆုကြေးငွေအရေအတွက်၊ ဆုကြေးငွေပမာဏ၊ ထုတ်ကုန်ပစ္စည်း အရေအတွက်တွေကို တိုးမြှင့်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာပဲဖြစ်ပြီး ဒီလိုကူညီခွင့်ရရှိတဲ့အတွက်လည်း ဂုဏ်ယူဝမ်းသာရပါတယ်။ ယနေ့အထိ Colgate ပညာသင်ဆုကနေ ၆၂ ဆုပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ နောက်ထပ်လည်း ဆုရရှိသူတွေ ထွက်ပေါ်လာဖို့ မျှော်မှန်းတဲ့အတွက် Colgate ပညာသင်ဆုအစီအစဉ် ပြီးဆုံးမယ့် ကန့်သတ်ကာလကို စက်တင်ဘာလအထိထပ်မံတိုးမြှင့်ထားပါတယ်။ ဒါကြောင့်မြန်မာနိုင်ငံမှာနေထိုင်ကြတဲ့ ကလေးသူငယ်တွေနဲ့ မိသားစုတွေ နောက်ထပ်ဆုတွေ ဆွတ်ခူးရရှိဖို့ အခွင့်အရေးတွေအများကြီးရှိပါသေးတယ်" ဟုပြောကြားခဲ့သည်။

**မယ်သီတာ**

# မြန်မာ့ပထမဆုံး အခမဲ့အွန်လိုင်းလက်ဖွဲ့ဝန်ဆောင်မှုဝက်ဘ်ဆိုက် ထွက်ပေါ်



မြန်မာနိုင်ငံရှိ မင်္ဂလာပွဲတိုင်းတွင် ကြုံတွေ့ရမြဲဖြစ်သည့် အမျိုးအစားတူ လက်ဖွဲ့ပစ္စည်းများ လက်ခံရရှိခြင်းကို ဖြေရှင်းပေးနိုင်မည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အခမဲ့အွန်လိုင်း လက်ဖွဲ့ဝန်ဆောင်မှုဝက်ဘ်ဆိုက် MingalarLetPhwet.com မိတ်ဆက်သည့် အခမ်းအနားကို ဩဂုတ် ၁၇ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်မက်စ်တွင် ကျင်းပခဲ့သည်။

"ဧည့်သည်တွေအနေနဲ့ မင်္ဂလာမောင်နှံတွေ ဘာကိုလိုချင်သလဲဆိုတာကို မသိတဲ့အခါ သူတို့လိုအပ်မယ်ထင်တဲ့ပစ္စည်းတွေကို မှန်းဆပြီးပေးတတ်ကြပါတယ်။ အဲဒီမှာ ပစ္စည်းတစ်မျိုးတည်းကို နှစ်ခါရပြီး လက်ဖွဲ့ပစ္စည်းတွေ ထပ်နေတော့ အသုံးမဝင်ဘဲ ချောင်ထိုးထားရတာတွေဖြစ်လာတယ်။အခုကျွန်တော်တို့ဝန်ဆောင်မှုက မြန်မာပြည်ကမင်္ဂလာမောင်နှံတိုင်းလိုလို ကြုံတွေ့ရလေ့ရှိတဲ့ ဒီစိတ်ရှုပ်စရာကိစ္စကို ဖြေရှင်းပေးပြီး သူတို့တကယ် လိုအပ်တဲ့ လိုချင်တဲ့ ပစ္စည်းတွေကိုပဲ လက်ဖွဲ့အဖြစ် ရရှိပိုင်ဆိုင်အောင်ကူညီပေးမှာပါ။ ဧည့်သည်တွေအနေနဲ့လည်း လက်ဖွဲ့ပစ္စည်းတွေကို အွန်လိုင်းကနေ အလွယ်တကူ လက်ဆောင်ပေးနိုင်မှာဖြစ်လို့ လက်ဖွဲ့ပစ္စည်းလိုက်ရှာဝယ်ရတဲ့ဒုက္ခ ကင်းဝေးစေပြီး အချိန်ကုန်လူပင်ပန်းသက်သာစေမှာပါ"ဟုMingalarLetPhwet. com ၏ အမှုဆောင်အရာရှိချုပ် မစ္စတာချားလ်စ်ပက်ထရစ်ရှိဝမ်က ပြောကြားခဲ့သည်။

မင်္ဂလာမောင်နှံများ အနေဖြင့် MingalarLetPhwet.com ဝက်ဘ်ဆိုက်တွင် မှတ်ပုံတင်ပြီးနောက် မင်္ဂလာပွဲနှင့် ပတ်သက်သည့်အကြောင်း အရာများ၊ Pre-wedding ဓာတ်ပုံများနှင့် လိုချင်သည့်လက်ဖွဲ့စာရင်းကို မျှဝေနိုင်မည့် မင်္ဂလာမောင်နှံနှစ်ဦးပိုင် အသေးစားဝက်ဘ်ဆိုက်တစ်ခုကို ရရှိမည်ဖြစ်သည်။ ထို့နောက် မိမိလိုချင်သည့် မင်္ဂလာလက်ဖွဲ့ပစ္စည်းစာရင်းကိုပြုစုကာ အဆိုပါ လက်ဖွဲ့ပစ္စည်းစာရင်းကို ဖေ့စ်ဘုတ်မှ တစ်ဆင့်ပေးပို့ခြင်း၊ မင်္ဂလာဆောင်ဖိတ်စာတွင် ထည့်သွင်းခြင်းဖြင့် ဧည့်သည်များထံ ဝေမျှနိုင်ကြောင်း သိရသည်။

မင်္ဂလာပွဲ ကျင်းပပြီးစီးပြီးနောက် ဧည့်သည်များ၏ MingalarLetPhwet. com ဝက်ဘ်ဆိုက်မှတစ်ဆင့် လက်ဖွဲ့ပေးထားသည့် လက်ဖွဲ့များအား ပို့ဆောင်ခပေးချေရန်မလိုဘဲ မင်္ဂလာမောင်နှံအိမ်သို့ အခမဲ့တိုက်ရိုက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ MingalarLetPhwet. com ဝက်ဘ်ဆိုက်တွင် မင်္ဂလာမောင်နှံများအတွက် အရည်အသွေးမြင့်လက်ဖွဲ့ပစ္စည်းအမျိုးအစားပေါင်း ငါးထောင်ကျော်အနက်မှ ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်သည်။

ဧည့်သည်များအနေဖြင့် မိမိလက်ဖွဲ့လိုက်သည့်ပစ္စည်းတန်ဖိုးအတွက် ကျသင့်ငွေကို အွန်လိုင်းငွေချေစနစ်များဖြင့်လည်းကောင်း၊ ဘဏ်များမှတစ်ဆင့် ငွေလွှဲခြင်းဖြင့်လည်းကောင်း၊ ငွေသားဖြင့်လည်းကောင်း အလွယ်တကူပေးချေနိုင်သည်။ ငွေသားဖြင့် ပေးချေခြင်းအတွက် MingalarLetPhwet.com က အိမ်တိုင်ရာရောက် ငွေကောက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မြန်မာနိုင်ငံအစားအသောက်အဖျော် ယမကာနှင့် လက်လီအရောင်းပြပွဲကျင်းပ

စတုတ္ထအကြိမ် မြန်မာနိုင်ငံ အစားအသောက် အဖျော်ယမကာနှင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလက်လီအရောင်းပြပွဲ (Myanmar FoodBev & Myanmar Retail Sourcing Expo 2017) ကို ဩဂုတ် ၁၇ရက်က ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြပွဲကိုထိုင်းနိုင်ငံ ICVEX Co., Ltd က ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး UMFCCI၊ မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်း(MRA)နှင့် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်း (MMRA)တို့မှ ပံ့ပိုးဆောင်ရွက်ပေးထားခြင်းဖြစ်ကာ ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်နှင့် တရုတ်(တိုင်ပေ) စသည့်နိုင်ငံများမှ စားသောက်ကုန်များနှင့် အစားအသောက် အဖျော်ယမကာနှင့်ပတ်သက်သောပစ္စည်းများအား အကောင်းဆုံးနှင့် နောက်ဆုံးပေါ်တီထွင်ထုတ်လုပ်ပြုပြင်ထားသည့် နည်းပညာများ၊ ပိုမိုကောင်းမွန်သော ထုတ်လုပ်မှုများ၊ အသုံးပြုသည့် စက်ပစ္စည်းကိရိယာများနှင့် လက်လီရောင်းချမှု ပင်ရင်းထွက်ကုန်ပစ္စည်းများဖြင့် ခင်းကျင်းပြသထားကြသည်။

၎င်းပြပွဲတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်များအသင်းမှ ဟင်းချက်သရုပ်ပြပွဲနှင့် ထမင်းချိုင့်အမြန်ထည့်စိန်ခေါ်ပြိုင်ပွဲကြီးဖြစ်သည့် 20 Minutes Lunch Box Competition ကို ပြပွဲကျင်းပသည့် သုံးရက်လုံးတွင် အဆင့်လိုက် ယှဉ်ပြိုင်ခြင်းဖြင့်ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းမှ ပြုလုပ်သော "သာလွန်ကောင်းမွန်သော လက်လီဆိုင်များဆီသို့"ခေါင်းစဉ်ဖြင့် ဟောပြောပွဲကိုလည်း ကျင်းပခဲ့ကြောင်းသိရသည်။ ထို့အပြင် ပြပွဲတွင် Myanmar Bartenders Association မှ Cocktail Show များအား ထည့်သွင်းပြသခဲ့ကြောင်းသိရသည်။

"သာလွန်ကောင်းမွန်သော လက်လီဆိုင်များဆီသို့"ခေါင်းစဉ်ဖြင့် စီးပွားရေးပညာရှင်များဖြစ်ကြသည့် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးသူရမောင် (AYA Bank Retail Banking Director)၊ ဦးသူရိန်ငြိမ်း(Managing Director , Nielsen MMRD)၊ ဒေါ်မေဇင်စိုးထက်(Marketing Director, City Mart Holding Limited) နှင့် ဒေါ်တင်ဆုလှိုင် (Vice President, MRA) တို့က ဟောပြောခဲ့ကြကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# မြန်မာပြည်ရှိ ထိပ်တန်းကုမ္ပဏီများမှ အလုပ်တိုက်ရိုက်ခေါ်ဆိုမည့် Sales & Marketing Career Conference ကျင်းပမည်

မြန်မာနိုင်ငံရှိ ထိပ်တန်းကုမ္ပဏီများတွင် အလုပ်အကိုင်များရရှိနိုင်ပြီး အလုပ်ခေါ်ယူသူများနှင့် တိုက်ရိုက်တွေ့ဆုံနိုင်မည့် Sales & Marketing Career Conference 2017 ပွဲကို ဩဂုတ် ၂၇ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင်ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲအတွင်း မြန်မာနိုင်ငံရှိ Sales နှင့် Marketing ပိုင်းတွင် လုပ်သားခေါ်ယူလိုသော ကုမ္ပဏီကြီးများနှင့် နိုင်ငံတွင်းရှိ Sales နှင့် Marketing ပိုင်းများမှ လုပ်သားများအား တွေ့ဆုံစေမည်ဖြစ်သည်။

ထို့အပြင် Sales development, Commercial Roles, B2B, B2C, Business Development, Sales Management, Sales Training, Directors of Sales, Marketing, Media, Advertising, Digital Marketing Management, Marketing Analytics, Creative, PR & Communications Specialists paom Sales နှင့် Marketing အလုပ်အကိုင် အခွင့်အလမ်း လစ်လပ်နေရာအမျိုးမျိုးအတွက် အလုပ်ခေါ်ယူသွားမည်ဖြစ်သည်။

အဆိုပါပွဲကိုမြန်မာနိုင်ငံ၏ဦးဆောင်အလုပ်အကိုင် Job Web Portal တစ်ခုဖြစ်သည့် JobNet.com.mm က ကြီးမှူးပြီး ပြုလုပ်ခြင်းဖြစ်ပြီး ပွဲနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို https://www.smccjobnet. com တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**



## မြို့ကြီးများ၏ ၂၁-၈-၂၀၁၇ မှ ၂၅-၈-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၁-၈-၂၀၁၇) | အင်္ဂါ(၂၂-၈-၂၀၁၇) | ဗုဒ္ဓဟူး(၂၃-၈-၂၀၁၇) | ကြာသပတေး(၂၄-၈-၂၀၁၇) | သောကြာ(၂၅-၈-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၃°C/၉၁°F | ၈၀% ၃၃°C/၉၁°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F |
| မန္တလေးမြို့ | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၆၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F |
| လားရှိုး | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F | ၅၀% ၂၉°C/၈၅°F | ၄၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | ၈၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | ၄၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | တိမ်ထူထပ် ၃၁°C/၈၈°F |
| လွိုင်ကော် | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F | ၅၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၅၀% ၂၈°C/၈၃°F |
| တောင်ကြီး | ၇၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၆၀% ၂၄°C/၇၄°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F | ၄၀% ၃၁°C/၈၇°F | တိမ်ထူထပ် ၃၁°C/၈၇°F |
| ဘားအံ | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| တောင်ငူ | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၅°F | ၄၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၉၀°F |
| မုံရွာ | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| ပုသိမ် | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၈°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F |
| မြိတ် | ၉၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F |
| စစ်တွေ | ၉၀% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၅°F | ၃၀% ၂၉°C/၈၅°F |
| မကွေး | ၇၀% ၃၁°C/၈၈°F | ၇၀% ၃၀°C/၈၆°F | ၅၀% ၃၁°C/၈၈°F | ၄၀% ၃၃°C/၉၁°F | ၅၀% ၃၃°C/၉၂°F |
| ဖလမ်း | ၈၀% ၂၄°C/၇၅°F | ၇၀% ၂၃°C/၇၃°F | ၇၀% ၂၃°C/၇၃°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၅°C/၇၇°F |

## နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့်အိန္ဒိယနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများကြောင့် လူဦးရေ ၁၆ သန်းကျော် ထိခိုက်ခဲ့ဟုဆို

နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ရေလွှမ်းမိုးမှုများကြောင့် လူပေါင်း ၁၆ သန်းကျော် ထိခိုက်နစ်နာခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ချုပ် (IFRC) က ဩဂုတ် ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေလွှမ်းမိုးမှုဖြစ်ပွားရာတွင် စံချိန်တင်အမြင့်ဆုံး အနေအထားသို့ ရောက်ရှိခဲ့ကြောင်း၊ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိက မြစ်ကြီးတစ်စင်းဖြစ်သည့် ဂျမူးနာမြစ်ရေသည် ၁၉၈၈ ခုနှစ်ကထက် အဆိုးရွားဆုံး မြစ်ရေမြင့်တက်ခဲ့ကြောင်း၊ IFRC က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားပြီး ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

အလားတူ နီပေါနိုင်ငံတွင် ရေလွှမ်းမိုးမှုများနှင့် မြေပြိုကျမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့ရပြီး စားရေရိက္ခာနှင့် လျှပ်စစ်မီးများလည်း ပြတ်တောက်ခဲ့ရသည်ဟု IFRC ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။

"နီပေါနိုင်ငံရဲ့ အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုကြောင့် လူ ၁၂၈ ဦးသေဆုံးခဲ့ရပြီး ၃၃ ဦး ပျောက်ဆုံးခဲ့ရပါတယ်"ဟု နီပေါနိုင်ငံကြက်ခြေနီအဖွဲ့၏ အထွေထွေအတွင်းရေးမှူးဒေ့ဗ်ရက်နာဒါခါဝါက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃ ဒသမ ၉ သန်းကျော်ထိခိုက်ခဲ့ရပြီး နိုင်ငံ၏မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ပိုမိုဆိုးရွားစေခဲ့သည်ဟု ဆိုသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတွင်လည်း ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၁၁ သန်းကျော်အထိ ထိခိုက်ခဲ့ရပြီး နိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်လေးခုတွင် အဆိုးရွားဆုံးဖြစ်ပွားခဲ့ကြောင်း၊ အိန္ဒိယ မိုးလေဝသဌာနကလည်း လာမည့်ရက်များတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်ဟု ဆိုသည်။

ရေလွှမ်းမိုးမှုသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် နီပေါနိုင်ငံတို့၏ သုံးပုံတစ်ပုံခန့်ကို ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရပြီး လူသားချင်းစာနာမှုဆိုင်ရာအကျပ်အတည်းများကို နေ့ရက်ပေါင်းများစွာ ရင်ဆိုင်နေရကြောင်း IFRC ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**မယ်သီတာ**



## ဆီရာလီယွန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်း၍ မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ၄၀၀ ကျော်သေဆုံး

ဆီရာလီယွန်နိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်း၍ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ယနေ့ဩဂုတ်လ ၁၉ ရက်အထိ လူပေါင်း၄၆၇ဦးသေဆုံးခဲ့ပြီဖြစ်ပြီး လူ ၆၀၀ ခန့်ပျောက်ဆုံးနေဆဲဖြစ်ရာ သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း ဆီရာလီယွန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ စီအန်န်အန်န်သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

ယင်းကဲ့သို့ သေဆုံးသူများ များပြားလာသဖြင့် မြေပြိုကျသည့်ဒေသဖြစ်သည့် ဖရီးတောင်းမြို့တွင် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့်ရင်ဆိုင်နေရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလွှမ်းမိုးမှုများလည်း ဆက်လက်ဖြစ်ပေါ်လျက်ရှိသဖြင့် ကာလဝမ်းရောဂါနှင့် ငှက်ဖျားရောဂါကဲ့သို့သော ကူးစက်ရောဂါများဖြစ်ပွားလာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီး မဒီနာရာမန်က ပြောကြားခဲ့သည်။

ဖရီးတောင်းမြို့နှင့် ငါးမိုင်ခန့်အကွာရှိ Sugar Loaf တောင်တွင်လည်း တောင်တစ်ခြမ်းနီးပါးခန့် မြေပြိုကျမှု များဖြစ်ပွားခဲ့ကြောင်း၊မြေပြိုကျမှုကြောင့် တောင်စောင်းတွင်ဆောက်လုပ်ထားသည့် နေအိမ်များမှာ မြေပြိုကျမှုတွင် ပါဝင်သွားခဲ့ကာ မြေကြီးအောက်သို့ ရောက်ရှိသွားခဲ့ကြောင်း၊ နေအိမ်များမှာလည်း သစ်သားနှင့်ဆောက်လုပ်ထားပြီး အမိုးများမှာလည်း သွပ်များဖြင့်သာ မိုးထားသည့်အတွက် ယခုကဲ့သို့လူအသေအပျောက်များရခြင်းဖြစ်သည်ဟု ဆို သည်။


ကယ်ဆယ်ရေးသမားများက ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိနေကြောင်း၊ အဆိုပါမြေပြိုကျမှုသည် ဆီရာလီယွန်နိုင်ငံအတွက် အကြီးမားဆုံးသော သဘာဝဘေးအန္တရာယ်ကျရောက်မှုပင်ဖြစ်သည်ဟု ဆီရာလီယွန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

ဆီရာလီယွန်တွင်ဖြစ်ပွားလျက်ရှိသည့် မြေပြိုကျမှုအား လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်ကြရန် နိုင်ငံတကာသို့ အကူအညီတောင်းခံထားသည်။

အိုင်ဗရီကို့စ်နိုင်ငံက ၁ ဒသမ ၅ တန်ရှိ ဆေးဝါးနှင့် အစားအစာများကို ထောက်ပံ့ခဲ့ပြီး တူရကီကြက်ခြေနီအသင်းကလည်း လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များပါရှိသည့် ကွန်တိန်နာတစ်လုံးအား ဆီရာလီယွန်နိုင်ငံသို့ ပို့ပေးခဲ့သည်။ ထို့ပြင်တရုတ်နိုင်ငံအစိုးရကလည်း ဆီရာလီယွန်နိုင်ငံမြေပြိုကျမှုအတွက် အမေရိကန်ဒေါ်လာ တစ်သန်းထောက်ပံ့ကူညီခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

**မယ်သီတာ**

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ဈေးကွက်သို့ ကွင်းဆင်းစိစစ်



မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်၊ စိတ်ကျေနပ်မှုများ ရရှိနိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းရှိ ဈေးများ၊ စတိုးဆိုင်များတွင် တားမြစ်ကုန်စည်များ ရောင်းချနေခြင်း ရှိ/မရှိ ကွင်းဆင်းစိစစ်၍ အသိပညာပေးခြင်းများအား ဆောင်ရွက်ခဲ့ပါသည်။

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူးဦးနေဇင်သက်နှင့် ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဩဂုတ် ၈ ရက်တွင် မော်လမြိုင်မြို့နယ်၊ သီရိမြိုင်ရပ်ကွက်အတွင်းရှိ သီရိမြိုင်ဈေးနှင့် လမ်းဘေးဝဲယာစတိုးဆိုင်တစ်ဆိုင်၊ ဆေးဆိုင် ခြောက်ဆိုင်တို့တွင် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိ ကိုလည်းကောင်း၊ ဩဂုတ်လ ၁၀ ရက်တွင် ပေါင်မြို့နယ် နတ်ကြီးချောင်ဈေးနှင့် လမ်းဘေးဝဲယာ စတိုးဆိုင်ကိုးဆိုင်၊ ဆေးဆိုင်သုံးဆိုင်တို့တွင် တားမြစ်ကုန်စည်များ ရောင်းချခြင်းရှိ/မရှိတို့ကိုလည်းကောင်း ကွင်းဆင်းစိစစ်ခဲ့ကြပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၈) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသော ကုန်စည်များ ရောင်းချဖြန့်ဖြူးခြင်းမပြုရန် အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နေဇင်(မွန်)**

## မြိတ်မြို့ ငြိမ်းချမ်းသာယာရေး ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲကျင်းပ

မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဩဂုတ်လ ၁၈ ရက်တွင် မြိတ်မြို့၊ ငြိမ်းချမ်းသာယာရေး ရပ်ကွက်၊ အခြေခံပညာမူလတန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအသောက်များကို ရွေးချယ်စားသုံးတတ်စေရန်၊ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် အန္တရာယ်ရှိသည့် မုန့်မျိုးစုံ၊ အချိုရည်များအကြောင်းကို လည်းကောင်း၊ သုံး စွဲရန်/စားသုံးရန်မသင့် ဓာတုဆိုးဆေးအကြောင်းကိုလည်းကောင်း အသေးစိတ် ဟောပြောဆွေးနွေးခဲ့ပါသည်။ အဆိုပါဟောပြောပွဲသို့ ကျောင်းကော်မတီဝင်များ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၃၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ညိုညိုစန်း(မြိတ်)**

## မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း အဆင့်အတန်းမြင့်တန်းဝင်ဆန်များ ထုတ်လုပ်၍ဈေးကွက်ရရှိရေး အစည်းအဝေးနှင့်အလုပ်ရုံဆွေးနွေးပွဲအောင်မြင်စွာကျင်းပ

မအူပင်ခရိုင် မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်တွင် မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင် ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဆန်စက်ပိုင်ရှင်အသင်းမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ဆန်စက်ပိုင်ရှင်များ စုံညီစွာတက်ရောက်ခဲ့ပါသည်။

အစည်းဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် မအူပင်မြို့နယ် ဆန်စက်ပိုင်ရှင်များအသင်း အတွင်းရေးမှူး ဦးအောင်မင်းက အဖွင့်အမှာစကား ပြောကြားရာတွင် မအူပင်မြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားပြီး ကျေးရွာ ၇၆ အုပ်စုတွင် စပါးစိုက်ပျိုးကြောင်း၊ ယခုအခါဈေးကွက် စီးပွားရေးစနစ်သဘောအရ အရည်အသွေးမြင့်ဆန်များထုတ်လုပ်နိုင်မှသာ ဒေသတွင်းဈေးကွက်နှင့် ပြည်တွင်းဈေးကွက်တွင် နေရာရလာတော့မည် ဖြစ်သဖြင့် ဆန်စက်များတွင် ဆန်ကာလုံးများ၊ ပေါ်လစ်ရှာများနှင့် စက်ကို အဆင့်အတန်းမြင့် ထုတ်လုပ်ရန် ထည့်သွင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးကလည်း ရန်ကုန်ဘုရင့်နောင်ပွဲရုံတွင် မအူပင်နွေစပါးအနိမ့်စ ဆန်များဈေးကွက်ခိုင်မာလာသကဲ့သို့ အလတ်စ၊ ထိပ်စများ တိုးတက်ထုတ်လုပ်ရန်နှင့် ဆန်စက်ပိုင်ရှင်များအတွက် လုပ်ငန်းလိုအပ်နေသော မတည်ရင်းနှီးငွေ ဆန်စက်နည်းပညာနှင့် ဆန်စက်နှင့်ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင်များနှင့်အပြန်အလှန် ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရရှိပါသည်။

**CONSUMER(MT)**

## ဘားအံမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနသည် မိတ်ဖက် အဖွဲ့များနှင့် ပူးပေါင်း၍ ဘားအံမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့တို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများကို ဇူလိုင်လ ၁၁ ရက်မှ ဩဂုတ်လ ၁၅ ရက် အထိ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲများကို ကျင်းပရာတွင် ဇူလိုင်လ ၁၁ ရက်တွင် ဘားအံမြို့ နည်းပညာ အထက်တန်းကျောင်း၊ ဇူလိုင်လ ၁၃ ရက်တွင် ဘားအံမြို့ အ. ထ. က ခွဲ (၂)၊ ဇူလိုင်လ ၁၇ ရက်တွင် ဘားအံမြို့ အ. ထ. က ခွဲ (၃)၊ ဇူလိုင်လ ၁၈ ရက်တွင် ဘားအံမြို့ အမှတ် (၉၃၅)ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်း၊ ဇူလိုင်လ ၂၀ ရက်တွင် ဝါးဆူးကျေးရွာ၊ ဇူလိုင်လ ၂၁ ရက်တွင် ကျောက်တလုံးကျေးရွာ၊ ဇူလိုင် ၂၄ ရက်တွင် အ. ထ. က (၂)၊ ဇူလိုင် ၂၇ ရက်တွင် အ. ထ. က (၃)နှင့် ကြာအင်းဆိပ်ကြီးမြို့၊ မြို့နယ် ထွေ/အုပ်ရုံး ခန်းမ၊ ဌာနဆိုင်ရာနှင့် အထက်တန်းကျောင်းတို့၌ ဟောပြောပွဲများ ဆောင်ရွက်ခဲ့ပါသည်။

အလားတူ ဩဂုတ် ၁ ရက်တွင် ဘားအံမြို့ အ. ထ. က (၄)၊ ဩဂုတ်လ (၃)ရက်တွင် ဘားအံမြို့ အထက(၅) နှင့် ဘားအံမြို့ အမျိုးသမီး သက်မွေးသင်တန်းကျောင်း၊ ဩဂုတ်လ ၇ ရက် အထိ သံတောင်မြို့ ပသီချောင်းခန်းမ ဌာနဆိုင်ရာနှင့် အ. ထ. က၊ အ. ထ. က (ခွဲ) ကျောင်း၊ ဩဂုတ်လ၁၀ ရက်တွင် ဘားအံမြို့ မဲဘောင် အ. မ. က မူလွန်ကျောင်း စသည်တို့၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

ထို့ပြင် ဈေးများ၊ လက်လီအရောင်းဆိုင်များ၌ ပုံမှန် စစ်ဆေးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းကို ဇူလိုင်လ ၃၁ ရက်နှင့် ဩဂုတ်လ ၃ရက်တို့တွင် အဖွဲ့စုံဖြင့် စစ်ဆေးခဲ့ရာ အေးခဲအသားများအား သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

## ဖျာပုံမြို့နယ်တွင် ဈေးစားသုံးသူရေးရာအဖွဲ့အား စားသုံးသူအသိပညာပေးသင်တန်း ပို့ချ

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ကြီးမှူးကျင်းပသော ဈေးစားသုံးသူရေးရာအဖွဲ့အား ဩဂုတ် ၁၅ ရက်က စားသုံးသူရေးရာ ဦးစီးဌာန၊ ခရိုင် ဦးစီးမှူးရုံး သင်တန်းခန်းမတွင် မိတ်ဖက်ဌာနများဖြစ်သောစည်ပင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းရင်းဆေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေးဌာနတို့နှင့် ပူးပေါင်း၍ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူးဦးသီဟထွန်းက ဈေးစားသုံးသူရေးရာအဖွဲ့အား မြို့မဈေး၊ မြောက်ပိုင်းဈေး၊ ဆိပ်ကမ်းသာဈေးဆိုပြီးအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းပေးထားပါကြောင်း၊ ထိုအဖွဲ့များအနေဖြင့် ယနေ့ပို့ချသောသင်ခန်းစာများအား သေချာမှတ်သားဖို့လိုကြောင်း၊ မရှင်းလင်းပါက ပြန်လည်ဆွေးနွေးဖို့လိုကြောင်း၊ ဈေးကွက်အတွင်းတားမြစ်ကုန်စည်များ မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း ပြောကြားပါသည်။ ဆက်လက်၍ တိုင်းရင်းဆေးမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးအောင်က သုံးစွဲရန်မသင့်သော တိုင်းရင်းဆေးဝါးများ၊ အနောက်တိုင်းရောနှောဆေးများ၊ မှတ်ပုံတင်ထားခြင်းမရှိသောဆေးများအကြောင်းကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါက်တာကျော်မြင့်က စားသုံးရန်မသင့်သည့်တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူးဒေါ်ဥမ္မာက မြန်မာနိုင်ငံအတွင်း သုံးစွဲရန်ပိတ်ပင်ထားသောပိုးသတ်ဆေးများအကြောင်းကို လည်းကောင်း၊ ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာသိန်းထွန်းဝင်းက ခေတ္တပိတ်ထားသည့်ဆေးများ၊ မှတ်ပုံတင်ပယ်ဖျက်ခံရသည့်ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံချက်မပါရှိသော စားသုံးရန်မသင့်သည့် အစားအသောက်များ၊ သောက်ရေသန့်များ၊ စံမညီ စားသုံးဆီများအကြောင်းကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်က ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းအရာများကိုလည်းကောင်း အသီးသီး ပို့ချခဲ့ကြပါသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအား သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည် ဖြေကြားခဲ့ကြပြီး ဈေးစားသုံးသူရေးရာ အဖွဲ့အား စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေစာအုပ်နှင့် တားမြစ်ကုန်စည် ၄၆၄ မျိုးပါ စာအုပ်များအား အဖွဲ့လိုက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

# မြောင်းမြမြို့နယ် ဈေးစားသုံးသူရေးရာအဖွဲ့အား စားသုံးသူအသိပညာပေးသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင် စားသုံးသူရေးရာ ဦးစီးဌာနက မြောင်းမြမြို့ မြသာယာဈေး ဈေးတာဝန်ခံရုံးတွင် ဩဂုတ်လ ၁၆ ရက်က မြောင်းမြမြို့နယ် ဈေးစားသုံးသူရေးရာ အဖွဲ့နှင့် ဈေးသူဈေးသားများအား စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး သင်တန်းကို ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများ၊ ခရိုင်စားသုံးသူ အငြင်း ပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်မှုများကိုလည်းကောင်း၊ ခရိုင်စားသုံးသူ အကာအကွယ်ပေးရေး အသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စားသုံးသူအသိပညာပေး ဆောင်ရွက်နေမှုများ ကိုလည်းကောင်း၊ ဒုတိယ ခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဈေးကွက်အတွင်း သက်ဆိုင်ရာ ဌာနမှတားမြစ်ထားသည့် အစားအသောက်များ၊ ကုန်ပစ္စည်းများ ရောင်းချခြင်း မပြုရန်နှင့် ဈေးဆိုင်ပိုင်ရှင်များက လိုက်နာဆောင်ရွက်ရန်များကိုလည်းကောင်း၊ ဒုတိယ ဦးစီးမှူး ဦးလှထွန်းဦးက ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ အရည်အသွေး၊ စံချိန်စံညွှန်းမီ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် စားသုံးသူများအား လိမ်လည်လှည့်ဖျားမှု မဖြစ်စေရေးကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံ ဒေါ်လဲ့လဲ့သွယ်က ဈေးဆိုင်ပိုင်ရှင်များ လိုက်နာရမည့် စည်းမျဉ်း ဥပဒေများကိုလည်းကောင်း အသေးစိတ်ဆွေးနွေး ပို့ချခဲ့ကြပါသည်။

အဆိုပါသင်တန်းသို့ ဈေးစားသုံးသူရေးရာအဖွဲ့နှင့် ဈေးသူ/ဈေးသားများ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**တိုးလွင် (မြောင်းမြ)**

# ထားဝယ်မြို့ မြို့နယ်စည်ပင်သာယာဈေးတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

ထားဝယ်မြို့တွင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့များ ပူးပေါင်း၍ ဩဂုတ်လ ၉ ရက်က ထားဝယ် မြို့ပေါ်ရှိ ဈေးများတွင် ရောင်းချနေသော ဟင်းသီးဟင်းရွက်၊ သား/ငါးရောင်းချသော ဈေးသည်များအား စားသုံးသူ ပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ စားသုံးနိုင်ရေး အတွက် အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများအကြောင်း၊ ကွင်းဆင်း စစ်ဆေးခြင်းတွင် တွေ့ရှိရသော စိန်ခေါ်မှုများအကြောင်း၊ စားသုံးသူ မိဘ ပြည်သူများ အတွက် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC)ကို ဖွင့်လှစ်ထားရှိပြီး နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လက်ခံ ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန အပင်နှင့် ပိုးမွှားဆိုင်ရာ တိုင်းတာဝန်ခံ အရာရှိက အစားအသောက်များ စားသောက်သုံးစွဲရာတွင် ဘေးအန္တရာယ် ကင်းရှင်းစွာ စားသုံးတတ်စေရန်ကိုလည်းကောင်း၊ မြေအသုံးချရေးဆိုင်ရာ တိုင်းတာဝန်ခံ အရာရှိက ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးမှအပ အခြားနည်းလမ်းများတွင် သုံးစွဲ၍ မရကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကိုလည်းကောင်း၊ တိုင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(FDA)မှ တာဝန်ခံ အရာရှိက အဓိကလုပ်ဆောင်နေသော ကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများ အကြောင်းကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာ ဌာနအသီးသီးမှ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများနှင့် ဈေးသူ ဈေးသား စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ကော့သောင်းမြို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

ကော့သောင်းမြို့တွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁ ရက်က ကော့သောင်းမြို့၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှိ မဉ္ဇူသကခန်းမ၌ ကျင်းပခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းလတ်နှင့် ခရိုင်အဆင့် မိတ်ဖက်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယ ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါအချက်များ ဆုံးရှုံးနစ်နာမှုများရှိပါက တိုင်ကြားနိုင်ရန်နှင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ကော်မတီအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေ၊ စားသုံးသူ သတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ(CICC) ဖွင့်လှစ်ထားပြီး နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးသူ ပြည်သူများ နေထိုင်စားသောက်မှု ပုံစံများပြောင်းလဲ၍ ရွေးချယ်ဝယ်ယူစားသုံး/သုံးစွဲသည့် အလေ့အကျင့်ကောင်းများ ပြုလုပ်သွားရန် ဝယ်ယူသုံးစွဲသည့် ကုန်ပစ္စည်းများတွင်ပါရှိသည့် အညွှန်းများကို တိတိကျကျ လိုက်နာ ကျင့်သုံးရန်နှင့် စားသုံးသူရေးရာ ကိစ္စရပ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် စားသုံးသူ ပြည်သူများ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်းတို့ကို ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့ပြင် ဩဂုတ်လ ၄ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ရွှေပြည်သာရပ်၊ အ-ထ-က(ခွဲ)ကျောင်း၊ အ-ထ-က(၂) တပ်နယ် ကျောင်းတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ပါချန်သူ**

# ရေကြည်မြို့နယ်အတွင်း FDA ထောက်ခံချက်မရှိဘဲ ထုတ်လုပ်နေသော ရေသန့်လုပ်ငန်းလေးခုအား ရက်အကန့်အသတ်မရှိပိတ်သိမ်း

ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) တိုင်းဦးစီးမှူး ဒေါက်တာ ပြည့်ဖြိုးနှင့် အဖွဲ့ဝင်များသည် ရေကြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးသိန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေး၊ စည်ပင်သာယာရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ လိုက်ပါလျက် ရေကြည်မြို့နှင့် ငါးသိုင်းချောင်းမြို့တို့တွင် ထုတ်လုပ်လျက်ရှိသော ကုမုဒြာ၊ SSM၊ Superstar၊ ဧဝရတ်အမှတ်တံဆိပ် သောက်ရေသန့်လေးခုအား ဩဂုတ် ၁၂ ရက်တွင် ပူးပေါင်း အဖွဲ့ဝင်များနှင့် ရှောင်တခင်ဝင်ရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဝင်ရောက်စစ်ဆေးခဲ့ရာတွင် စက်ရုံအဆောက်အဦ တည်ဆောက်ပုံနှင့် ထုတ်လုပ်မှုနည်းစနစ် မှန်ကန်မှုမရှိခြင်း၊ ထောက်ခံချက်မရှိသော ရေသန့်လုပ်ငန်းသုံးခုနှင့် လျှောက်ထားဆဲ လုပ်ငန်းတစ်ခုတို့သည် FDA ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ရောင်းချနေသည်ကို တွေ့ရှိခဲ့ရ၍ အဆိုပါရေသန့်လုပ်ငန်းများအား ရက်အကန့်အသတ်မရှိ ပိတ်သိမ်းခဲ့ကြောင်း (FDA) တိုင်းဦးစီးမှူး ဒေါက်တာ ပြည့်ဖြိုးက ပြောပါသည်။

ပိတ်သိမ်းခံရသော ရေသန့်လုပ်ငန်းများအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၏ ထုတ်လုပ်ခွင့် ထောက်ခံချက်ရရှိပြီးမှသာ ပြန်လည်လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း လုပ်ငန်းရှင်များအနေဖြင့် ထုတ်လုပ်ဖြန့်ဖြူးခဲ့သည့် သောက်ရေသန့်များကို ဈေးကွက်အတွင်းမှ ပြန်လည်သိမ်းယူရမည်ဖြစ်၍ ဆက်လက် ထုတ်လုပ်ဖြန့်ဖြူးမည်ဆိုပါက အမျိုးသားအစားအသောက်ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရေသန့်လုပ်ငန်းရှင်များအား ခံဝန်ကတိလက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

**စောမိုက်ကယ် (ပုသိမ်)**

# ပုသိမ်မြို့ရှိ စည်ပင်သာယာဈေးများမှ ဈေးစားသုံးသူရေးရာအဖွဲ့များအား စားသုံးသူ အကာအကွယ်ပေးရေးသင်တန်း ဖွင့်လှစ်ပို့ချ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနက ပုသိမ်မြို့စည်ပင်သာယာဈေးကိုးဈေးမှ ဈေးစားသုံးသူရေးရာအဖွဲ့များအား စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ထိရောက်စွာ လုပ်ဆောင်နိုင်ရန်ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး သင်တန်းကို ဩဂုတ် ၁၆ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၁)တွင် ကျင်းပခဲ့ပါသည်။

သင်တန်းတွင် ဧရာဝတီတိုင်း ဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဦးကြည်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ပြောကြားခဲ့ပြီး၊ ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးခင်မောင်လှိုင်က စားသုံးသူကာကွယ်ရေးဥပဒေ၊ ကျောင်းမုန့်ဈေးတန်း စားသုံးသူရေးရာအဖွဲ့၊ ဈေးစားသုံးသူရေးရာအဖွဲ့၊ ရပ်ကွက်စားသုံးသူရေးရာအဖွဲ့ဖွဲ့စည်းထားရှိမှုအခြေအနေ၊ အဖွဲ့များမှအငြင်းပွားမှုအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရမည့်လုပ်ငန်းများအားလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးထွန်းကျော်က ဈေးများအတွင်းရောင်းချနေသောအစားအစာများတွင် ဆိုးဆေး၊ ဖော်မလင်များပါဝင်မှုအား စစ်ဆေးအရေးယူမှုများ၊ တားမြစ်ထားသော ကုန်ပစ္စည်းများ၊ ဈေးစားသုံးသူရေးရာ အဖွဲ့များအနေနှင့် ပူးပေါင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများအားလည်းကောင်း ရှင်းလင်းပို့ချခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဌာနခွဲမှူး ဦးစောမိုက်ကယ်က ဌာနမှဆောင်ရွက်လျက်ရှိသည့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ၊ ဈေးကွက်ရောက်ကုန်ပစ္စည်းများကို စစ်ဆေးခြင်း၊ ဈေးကွက်မရောက်မီကုန်ပစ္စည်းများအား ထုတ်ကုန်လုံခြုံမှုစစ်ဆေးခြင်း၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာနတွင်စားသုံးသူနစ်နာမှုများရှိပါက တိုင်ကြားနိုင်မှုများ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မှုများအားသင်တန်းပို့ချခဲ့သည်။ သင်တန်းသို့တိုင်း/ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဈေးတာဝန်ခံ(ဈေးခေါင်းများ)၊ ဈေးစားသုံးသူရေးရာအဖွဲ့များ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

# သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တွေ
# ဥa&myul Rlü rv';R

◉ ကျော်စိန်ဝင်း (ပြည်တွင်း/ပြည်ပ) ◉

ယခင်တစ်ပတ်မှအဆက်

**အပင်ကျန်းမာရေး**

အီးယူသို့ တင်ပို့တဲ့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်အားလုံးဟာ အီးယူရဲ့ အပင် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီရပါမယ်။ အီးယူအနေနဲ့ဥရောပသမဂ္ဂအတွင်း အပင်နှင့် အပင်ထွက်ကုန်တွေကို ထိခိုက်စေတဲ့ ဇီဝရုပ်များ (Organisms) စတင် ဝင်ရောက်လာမှုနဲ့ပျံ့နှံ့မှုကို ကာကွယ်ဖို့အတွက် Phytosanitary လိုအပ်ချက်တွေ ချမှတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ သီးခြားအခြေအနေများပြဋ္ဌာန်းတာမျိုးမရှိလျှင် အချို့သော ဇီဝရုပ်များ (Listed Organisms)ကို အီးယူသို့ တင်သွင်းခွင့်မပြုပါဘူး။

ဥရောပကော်မရှင်ရဲ့ညွှန်ကြားချက် Directive 2000/29/EC, Annex V ရဲ့Part B မှာ သီးခြားပြဋ္ဌာန်းထားတဲ့ အပင်နဲ့အပင်ထွက်ကုန်တွေ ဥရောပသို့ တင်သွင်းမယ်ဆိုရင် အပင်ကျန်းမာရေးဆိုင်ရာ သက်သေခံလက်မှတ် ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။ အဆိုပါ ညွှန်ကြားချက်ကိုရှာဖွေနိုင်တဲ့ link ကတော့ http://eur-lex.europa.eu/legal-content/EN/ALL/?uri=CELEX%3A32000L0029 ဖြစ်ပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ မိမိတင်ပို့တဲ့ ကုန်စည်အတွက် Phytosanitary Certificate လိုအပ်တယ်ဆိုရင် မိမိနိုင်ငံရဲ့အမျိုးသားအပင်ကာကွယ်ရေးအဖွဲ့အစည်း (National Plant Protection Organization-NPPO) နဲ့ညှိနှိုင်းရယူဖို့ လိုအပ်မှာဖြစ်ပြီး တစ်ဖက်က သွင်းကုန်လုပ်ငန်းရှင်ထံမှာ သီးခြားလိုအပ်ချက်တွေကို မေးမြန်းရမှာ ဖြစ်ပါတယ်။ မိမိနိုင်ငံရဲ့NPPO ဟာ ဘယ်အဖွဲ့အစည်းဖြစ်တယ်ဆိုတာကို International Plant Protection Convention-IPPC မှာ ဝင်ရောက်ရှာဖွေနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ Plant Protection Division ဟာ IPPC ရဲ့Official Contact Point ဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

**မသန့်ရှင်းမှု/ညစ်ညမ်းမှုဖြစ်စေသောအရာများ (Contaminants)**

Contaminants ဟာ စားသောက်ကုန်တွေမှာ မရည်ရွယ်ဘဲနဲ့ ပါဝင်သွားတဲ့ ပစ္စည်းတွေ ဖြစ်ပြီး ထုတ်လုပ်မှု၊ ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင်မှုနှင့် ထိန်းသိမ်းခြင်းအစရှိတဲ့ အဆင့်ဆင့်တွေမှာ ပါဝင်လာနိုင်တဲ့ ပစ္စည်းများ ဖြစ်ပါတယ်။ ကျန်းမာရေးဆိုင်ရာ စွန့်စားရမှုနဲ့ အရည်အသွေးပိုင်းမှာ အနုတ်လက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေကို ရှောင်ရှားဖို့အတွက် အီးယူဟာ မသန့်ရှင်းမှုဖြစ်စေသော အရာ (Contaminants) အမျိုးမျိုးအတွက် ကန့်သတ်ချက်များ ချမှတ်ထားပါတယ်။ အထူးသဖြင့် ဟင်းနုနွယ်နဲ့ဆလတ်ရွက်တို့မှာဆိုရင် နိုက်ထရိတ်ပါဝင်မှုကို ကန့်သတ်ထားပြီး cadmium ဓာတုဒြပ်စင်၊ ခဲ၊ ပြဒါးနှင့် သံဖြူဒြပ်စင် (inorganic tin) တို့မှာ သတ္တုပါဝင်မှုတွေကို ကန့်သတ်ထားတာ ဖြစ်ပါတယ်။ သက်ဆိုင်ရာ Contaminants Levels တွေကိုတော့ Regulation (EC) 1881/2006 ရဲ့နောက်ဆက်တွဲမှာ ရှာဖွေကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ဝင်ရောက်ရှာဖွေနိုင်တဲ့ ဝက်ဘ်ဆိုက်လိပ်စာကတော့ http://eur-lex.europa.eu/legal-content/EN/ALL/?uri=CELEX%3A32006R1881 ဖြစ်ပါတယ်။ အဲဒီလိုရှာဖွေရာမှာ သတိပြုရမယ့်အချက်ကတော့ မိမိတင်ပို့တဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုးမျိုးဟာ ကုန်ပစ္စည်းအုပ်စု (product groups) ထဲမှာပါဝင်နေတယ်ဆိုရင် သီးခြားဖော်ပြထားမှာ မဟုတ်ဘဲ အဆိုပါ Product Groups ထဲမှာသာ ရှာတွေ့နိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် သရက်သီးကို ရှာမတွေ့ရင် သစ်သီးဆိုတဲ့ အုပ်စုမှာ ပါဝင်နေတာ ဖြစ်ပါတယ်။ ဒါ့အပြင် ဥရောပကော်မရှင်ရဲ့Managing Food Contaminants မှာလည်း ရှာဖွေနိုင်ပါတယ်။ https://ec.europa.eu/food/sites/food/files/safety/.../cs_contaminants_factsheet_en.pdf မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

**Buyer များမှ တောင်းဆိုနိုင်ဖွယ်ရှိတဲ့ ထပ်ဆောင်းလိုအပ်ချက်များ**

ဥရောပသမဂ္ဂရဲ့ Buyer တွေဟာဆိုရင် ၎င်းတို့ရဲ့ရောင်းချမှုပုံစံနဲ့ထုတ်ကုန်အမျိုးအစား ခွဲခြားမှုအပေါ် မူတည်ပြီးတော့ မကြာခဏဆိုသလို သီးခြားလိုအပ်ချက်တွေ ပြဋ္ဌာန်းလေ့ရှိပါတယ်။

**Certification as guarantee**

အစားအစာဘေးကင်းလုံခြုံမှုဟာ ဥရောပမှာ ထိပ်တန်းဦးစားပေးတစ်ရပ်ဖြစ်တဲ့အတွက် အီးယူမှ တင်သွင်းသူအများစုဟာ သက်သေခံလက်မှတ်ပုံစံအဖြစ် ထပ်ဆောင်းအာမခံချက်တွေကို တောင်းဆိုနိုင်ပါတယ်။ ဒါကြောင့် အီးယူမှ တင်သွင်းသူများဖြစ်ကြတဲ့ ကုန်သည်များ၊ စားသောက်ကုန်ဆင့်တက်ပြုပြင်သူများနဲ့ လက်လီ ရောင်းချသူများဟာ Hazard Analysis and Critical Control Point-HACCP အပေါ်မှာ အခြေခံပြီး အစားအစာဘေးကင်းလုံခြုံရေး စီမံခန့်ခွဲရေးစနစ်ကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ HACCP ရဲ့ အင်တာနက်စာမျက်နှာကတော့ https://www.food.gov.uk/business-industry/food-hygiene/haccp ဖြစ်ပါတယ်။

ဥရောပမှ တင်သွင်းသူတွေ အများဆုံးတောင်းဆိုလေ့ရှိတဲ့ အစားအစာဘေးကင်း လုံခြုံမှုလက်မှတ်ပုံစံကတော့ GLOBAL G.A.Pဖြစ်ပြီးတော့ ဥရောပသို့တင်ပို့တဲ့ Fresh Produce တွေ အားလုံးအတွက် မရှိမဖြစ် လိုအပ်တာ ဖြစ်ပါတယ်။ GLOBAL G.A.P ဟာ စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်ခုလုံး အကျုံးဝင်တဲ့ pre-farm-gate standard ဖြစ်ပြီး ဆင့်တက်ပြုပြင်ထားတဲ့ ထုတ်ကုန်တွေတော့ အကျုံးမဝင်ပါဘူး။ GLOBAL G.A.P ဟာ ဥရောပရှိ စူပါမားကတ်အများစုအတွက် အနိမ့်ဆုံးလိုအပ်တဲ့စံချိန် စံညွှန်းတစ်ခု ဖြစ်လာပါတယ်။ http://www.globalgap.org/uk_en/ မှာ အသေးစိတ် ကြည့်ရှုလေ့လာနိုင်မှာဖြစ်ပါတယ်။

GLOBAL G.A.P အပြင် အခြားအစားအသောက်ဘေးကင်းလုံခြုံမှုဆိုင်ရာစနစ်တွေကိုလည်း လိုအပ်နိုင်ပါသေးတယ်။ အနောက်မြောက်ဥရောပဈေးကွက်မှ buyer အားလုံးနီးပါးဟာ ဘေးကင်းလုံခြုံမှုနဲ့ သန့်ရှင်းလတ်ဆတ်မှု စံချိန်စံညွှန်းတစ်ရပ်အဖြစ် British Retail Consortium (BRC) Global Standards ကို လိုအပ်ချက်အဖြစ် သတ်မှတ်ပါတယ်။ ဥရောပပင်မဒေသရှိဝယ်ယူသူတွေကတော့ IFS Food Standard၊ Safe Quality Food (SQF) Programme၊ FSSC22000 (သို့မဟုတ်) အခြားသော စက်မှုလုပ်ငန်းစံချိန်စံညွှန်းများကို တောင်းဆိုလေ့ရှိပါတယ်။ ဖော်ပြပါ စီမံခန့်ခွဲမှုစနစ်များ အားလုံးဟာ Global Food Safety Initiative (GFSI) မှ အသိအမှတ်ပြုထားပြီး အဆိုပါစနစ်များကို လက်လီရောင်းချသူအများစုမှ လက်ခံရမှာ ဖြစ်ပါတယ်။ ကိုက်ညီမှုသက်သေခံချက် အစီအစဉ်များဟာ နိုင်ငံအလိုက် ကုန်သွယ်မှုပုံစံနဲ့ ဈေးကွက်အခြေအနေများအလိုက်ကွဲပြားမှုရှိနိုင်တာကို သိရှိထားရမှာ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ
# စည်းမျဉ်းစည်းကမ်းများ

**သန်းသန်းနိုင်**

ယခင်တစ်ပတ်မှအဆက်

(၁၈)နိုင်ငံတော်ကောင်စီ၏ နိုင်ငံခြား ကုန်သွယ်မှု လုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်) အခြားတာဝန်လွှဲထားသော အသင်းအဖွဲ့မှ ဤဥပဒေပါအချက်(၁၆) (၁၇)အရ ကန့်သတ် (သို့မဟုတ်)တားမြစ်သွင်း၊ ပို့ကုန်ပစ္စည်း၊ နည်းပညာများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြု လုပ်သွားမည်ဖြစ်သည်။ နိုင်ငံတော်ကောင်စီ၏နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်)အခြားတာဝန်လွှဲထားသော အသင်းအဖွဲ့မှ နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုမိန့်ဖြင့် ဤ ဥပဒေပါအချက်(၁၆)(၁၇)အရ ယာယီကန့်သတ် (သို့မဟုတ်)တားမြစ်ကုန်ပစ္စည်း၊ နည်းပညာ အမည်စာရင်းများကိုလည်း သတ်မှတ်ပြင်ဆင်ထုတ်ပြန်သွားနိုင်သည်။

(၁၉)နိုင်ငံတော်အနေဖြင့် ကန့်သတ်ကုန်များ၏ တင်သွင်းတင်ပို့မှုလုပ်ငန်းကို ကိုတာ စနစ်၊ ခွင့်ပြုမိန့်ချပေးသည့် စနစ် စသည့်စနစ်များဖြင့် ကြီးကြပ်သွားမည်ဖြစ်သည်။ ကန့်သတ် နည်းပညာ၏ တင်သွင်းတင်ပို့မှုလုပ်ငန်းကို ခွင့်ပြုမိန့်ချပေးသည့်စနစ်ဖြင့် ကြီးကြပ်သွားမည် ဖြစ်သည်။ ကိုတာစနစ်၊ ခွင့်ပြုမိန့်စနစ်ဖြင့် ကြီးကြပ်သောကုန်နှင့် နည်းပညာများအတွက် နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း ကြီးကြပ်ရေးဌာန (သို့မဟုတ်) နိုင်ငံတော်ကောင်စီတွင်းရှိ အခြား သက်ဆိုင်ရာဌာန၏ ခွင့်ပြုမိန့်ရမှသာလျှင် တင်သွင်းတင်ပို့မှုပြုနိုင်မည် ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အချို့ကုန်များကို ကိုတာစနစ်ဖြင့်သာ တင်သွင်းမှုပြုထားသည်။

(၂၀) တင်သွင်းတင်ပို့မှု ကုန်ပစ္စည်းအတွက် ကိုတာသတ်မှတ်ခြင်း၊ အကောက်ခွန် ကိုတာသတ်မှတ်ခြင်းတို့ကို နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကြီးကြပ်ရေးဌာန (သို့မဟုတ်) နိုင်ငံတော်ကောင်စီအတွင်းရှိ အခြားသက်ဆိုင်ရာဌာနတို့မှ မိမိ၏လုပ်ပိုင်ခွင့်နှင့်အညီ သတ်မှတ်သွားမည်ဖြစ်သလို ပွင့်လင်းမြင်သာမှုရှိစွာ၊ တရားမျှတစွာ၊ သမာသမတ်ကျစွာ၊ ထိရောက်စွာ လုပ်ကိုင်ရန်ဆိုသော မူပေါ်တွင် ခွဲဝေမှုပြုသွားမည်ဖြစ်သည်။ ထို့အတူ အသေးစိတ်နည်းဥပဒေများကို နိုင်ငံတော်ကောင်စီမှ သတ်မှတ်သွားမည်ဖြစ်သည်။

(၂၁) နိုင်ငံတော်အနေဖြင့် တစ်ခုတည်းသော ကုန်ပစ္စည်းအရည်အချင်း သတ်မှတ်ချက်စံကို ချမှတ်ကျင့်သုံးသည်ဖြစ်၍ ထိုသတ်မှတ်ချက် စံနှင့် သက်ဆိုင်သော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွင်းကုန်၊ ပို့ကုန်များကို စစ်ဆေးအတည်ပြုမှု၊ ပိုးမွှားကင်းရှင်းမှု စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

(၂၂) နိုင်ငံတော်အနေဖြင့် သွင်းကုန်ပို့ကုန် ကုန်ပစ္စည်းများအပေါ် မူရင်းဌာနေ သတ်မှတ်ချက်များဖြင့် ကြီးကြပ် အုပ်ချုပ်မှုပြုနေပြီး ထိုမူရင်းဌာနေ သတ်မှတ်ချက်များကို နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်သွားမည်ဖြစ်သည်။

(၂၃) ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်း၊ တောရိုင်းတိရစ္ဆာန်၊ အလေ့ကျပေါက် ရုက္ခပင်နှင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်း၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ (သို့မဟုတ်) တင်သွင်း၊ တင်ပို့မှု ကန့်သတ်ထားသည့် ပစ္စည်းများကို ထိုဥပဒေ၊ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်သွားမည်ဖြစ်သည်။

**အပိုင်း (၄)**

**နိုင်ငံတကာကုန်သွယ်ရေးဝန်ဆောင်မှု**

(၂၄)တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် နိုင်ငံတကာ ကုန်သွယ်ရေးဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ သဘောတူ စာချုပ်ချုပ်ဆိုထားသော နိုင်ငံ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သော နိုင်ငံတကာ ပဋိညာဉ်စည်းမျဉ်းစည်းကမ်း၊ သဘောတူညီချက်များနှင့်အညီ ပေးထားသော ကတိကဝတ်၊ မိတ်ဖက်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့ဝင်များကို ဈေးကွက်တွင်းဝင်ခွင့်ပြုထားခြင်း၊ နိုင်ငံသားများနှင့် တန်းတူပေးထားသော အခွင့်အရေးများကို အပြည့်အဝခံစားခွင့်ပြုထားပါသည်။

(၂၅) နိုင်ငံတော်ကောင်စီမှ နိုင်ငံတကာ ကုန်သွယ်မှုလုပ်ငန်း ဦးစီးဌာနနှင့် အခြားသော နိုင်ငံတော်ကောင်စီတွင်းရှိ သက်ဆိုင်ရာ ဦးစီးဌာနများမှ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတကာ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုကြီးကြပ်လမ်းညွှန်သွားမည်ဖြစ်သည်။

(၂၆) နိုင်ငံတော်မှ အောက်ပါကိစ္စများကို အခြေခံ၍ နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို ကန့်သတ်ခြင်း (သို့မဟုတ်) ပိတ်ပင်ခြင်းများ ပြုလုပ်နိုင်သည်။

(က) နိုင်ငံတော်လုံခြုံရေးနှင့် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွား (သို့မဟုတ်) လူ့အဖွဲ့အစည်း ကျင့်ဝတ်များကို ထိန်းသိမ်းရန် ကန့်သတ်ပိတ်ပင်မှုပြုရမည့်ကိစ္စရပ်များ။

(ခ) လူသားတို့၏ ကျန်းမာရေး(သို့မဟုတ်) လုံခြုံရေး၊ တိရစ္ဆာန်များ၊ ရုက္ခပင်များ၏ အသက် (သို့မဟုတ်) ကျန်းမာရေးကို ကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အတွက် ကန့်သတ်ပိတ်ပင်မှုပြုရမည့်ကိစ္စရပ်များ။

**(ဆက်လက်ဖော်ပြပါမည်)**

# Thailand 4.0 အစီအစဉ်ကြောင့် အလုပ်လက်မဲ့ ၂၃ သန်း ဖြစ်ပေါ်စေနိုင်

စိုက်ပျိုးရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေကြသည့် ကျွမ်းကျင်မှုမရှိသော လုပ်သားများနှင့် အပြည့်အဝ ကျွမ်းကျင်မှုမရှိသော လုပ်သား စုစုပေါင်း ၂၃ သန်းခန့်သည် နည်းပညာမြင့် ထုတ်လုပ်မှုနှင့် နည်းပညာအသစ်များ ရှာဖွေဖော်ထုတ်ဆောင်ရွက်မှုများကြောင့် အလုပ်လက်မဲ့ဘဝနှင့် ရင်ဆိုင်ရနိုင် ဖွယ်ရှိကြောင်း ဖော်ပြထားပါသည်။

အမျိုးသား အလုပ်သမား ဖွံ့ဖြိုးတိုးတက်ရေး အကြံပေးကောင်စီ ဒုတိယဥက္ကဋ္ဌ Mr Thanit Sorat က အစိုးရသည် Thailand 4.0 အစီအစဉ်အား ရည်ရွယ်ချက် ကြီးမားစွာ ဆောင်ရွက်နေကြောင်း၊ ၎င်းအစီအစဉ်သည် နည်းပညာမြင့်ထုတ်လုပ်မှုနှင့် နည်းပညာအသစ်များ ရှာဖွေဖော်ထုတ် ဆောင်ရွက်မှုကို အခြေခံကြောင်း၊ သို့ဖြစ်၍ ကျွမ်းကျင်မှုမရှိသော လုပ်သားများနှင့် အပြည့်အဝ ကျွမ်းကျင်မှုမရှိသော လုပ်သားများအပေါ် အန္တရာယ် ဖြစ်စေနိုင်ကြောင်း ပြောကြားသွားပါသည်။

အဆိုပါကိစ္စရပ်များအား အစိုးရအနေဖြင့် နည်းလမ်းတကျ ဖြေရှင်းရန် အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း၊ အလုပ်သမားများအား သင်တန်းများပေးခြင်းနှင့် Thailand 4.0 အစီအစဉ်ပါ လုပ်ငန်းရပ်များနှင့် လိုက်လျောညီထွေ ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အစိုးရဌာနများ၊ ပုဂ္ဂလိက ကုမ္ပဏီများ (သို့မဟုတ်) ပညာရေးတက္ကသိုလ်တို့သည် ယခုပြဿနာရပ်ကို ပူးပေါင်း ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်ကြောင်း ဆက်လက် ပြောကြားသွားပါသည်။

ထိုင်းနိုင်ငံတွင် သန်စွမ်းသော လုပ်သားအင်အား ၃၈ ဒသမ ၃ သန်း ရှိမည်ဟု ခန့်မှန်းပြီး ယခုပထမသုံးလပတ်ကာလတွင် အလုပ်လုပ်ကိုင်နေသူပေါင်း ၃၇ ဒသမ ၅ သန်းရှိကြောင်း၊ နှစ်စဉ် လုပ်သားဈေးကွက်သို့ အသစ်ဝင်ရောက်လာမှုမှာလည်း ၅ ဒသမ ၇၄ သန်းရှိကြောင်း ဖော်ပြထားပါသည်။ ကျွမ်းကျင်မှု မရှိသော လုပ်သားများမှာ ၁၆ ဒသမ ၉ သန်း ရှိနေပြီး လုပ်သားအင်အားစု တစ်ရပ်လုံး၏ ၄၅ ရာခိုင်နှုန်း အထိ ပါဝင်နေကြောင်း၊ ၁၁ ဒသမ ၂ သန်းမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေကြပြီး ကျန်လုပ်သားများမှာ လုပ်အားအဓိကအသုံးပြု စက်မှုလုပ်ငန်း များတွင် လုပ်ကိုင်နေကြကြောင်း၊ ၎င်းတို့အများစုမှာ ဘွဲ့ရပညာတတ်များ မဟုတ်ဘဲ မူလတန်းအဆင့် အောင်လက်မှတ်များသာ ရရှိထားကြကြောင်း၊ အဆိုပါ အုပ်စုအနေဖြင့် အလုပ်လက်မဲ့အန္တရာယ်နှင့် အကြီးမားဆုံးတွေ့ကြုံရဖွယ်ရှိ ကြောင်း ဖော်ပြထားပါသည်။

တစ်ဝက်တစ်ပျက် ကျွမ်းကျင်သော (သို့မဟုတ်) အပြည့်အဝ ကျွမ်းကျင်မှု မရှိသော လုပ်သားအင်အားမှာ ၆ ဒသမ ၁၅ သန်းရှိပြီး လုပ်သားအင်အားစု၏ ၁၆ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့အများစုမှာ အခြေခံအထက်တန်းအဆင့် အောင်မြင်ကြသူများဖြစ်ပြီး သင်တန်းတက်ရောက်ရန် အရည်အချင်းရှိသူများဖြစ်၍ အခွင့်အရေးရနိုင်ကြောင်း၊ အချုပ်အားဖြင့်ဆိုသော် အဆိုပါ



အုပ်စုနှစ်စုသည် အလုပ်လက်မဲ့ဖြစ်ရန် အလားအလာရှိကြကြောင်း၊ Thailand 4.0 မူဝါဒမှာ နည်းပညာအသစ်ရရှိရေး တွန်းအားပေးခြင်း၊ အလိုအလျောက်စနစ် သုံးစွဲခြင်း၊ စက်ရုပ်များ သုံးစွဲခြင်း၊ အာကာသယာဉ်တည်ဆောက်မှု နည်းပညာများ ရှာဖွေ ခြင်း၊ စွမ်းရည်ပြည့် နည်းပညာ အသုံးပြုခြင်းများအပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်း များကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr Thanit က ပြောကြားသွားပါသည်။

ဆက်လက်၍ Mr Thanit မှ ထိုင်းပညာရေးတက္ကသိုလ်များအနေဖြင့် အဆိုပါ စက်မှုလုပ်ငန်းများမှ လိုအပ်သည့် နည်းပညာများအား သင်ကြားပြသပေးနိုင်ရန် တက်ကြွမှုမရှိဘဲ နှေးကွေးနေကြသေးကြောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့်လည်း ၎င်းတို့၏ ထုတ်လုပ်မှု အဆင့်မြှင့်တင်နိုင်သည့်အတွက် နည်းပညာ တိုးမြှင့်သုံးစွဲရန် လိုအပ်နေကြောင်း၊ ကမ္ဘာတစ်ဝန်းနည်းပညာ ယှဉ်ပြိုင်မှုများ ပြင်းထန်နေချိန်တွင် နောက်ကျ မကျန်ရစ်အောင် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစိုးရအနေဖြင့် ထိုင်းနိုင်ငံ၏ လုပ်အားအခြေခံ အသုံးပြုစက်မှုလုပ်ငန်းများအပေါ် ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြှင့်တင်ပေးနိုင်ရေးအတွက် နက်နက်ရှိုင်းရှိုင်း လေ့လာဆန်းစစ်မှုများ ပြုလုပ်သင့်ပြီဖြစ်ကြောင်း ပြောကြားသွားပါသည်။

**Source-Bangkok Post**

**သောင်းနိုင်(တာချီလိတ်)**

## ၁၉ ကြိမ်မြောက် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် ညှိနှိုင်းချက်များ အောင်မြင်မှုမရရှိသေး

ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ထိုင်းညှိနှိုင်းရေး ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mr Ronnarong မှာ (၁၉) ကြိမ်မြောက် ဒေသဆိုင်ရာ ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership- RCEP) အစည်းအဝေးရလဒ်အား ထုတ်ပြန်ပြောဆိုရာတွင် ၎င်းတို့သည် ယခုကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ နောက်ဆုံးအကြိမ်၌ တိုးတက်မှု အချို့ရှိခဲ့ပါကြောင်း၊ အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ဖြစ်နိုင်ချေရှိသော ခွင့်ပြုပေးနိုင်မည့် ကုန်ပစ္စည်း အမျိုးအစားများကို အဆိုပြုတင်ပြခဲ့ကြပါကြောင်း၊ သို့သော်လည်း အာဆီယံအဖွဲ့၏ ရည်မှန်းချက်နှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့အနေဖြင့် ကုန်သွယ်မှု ပြုနေသည့် ကုန်စည်အမျိုးအစား ၉၀ ရာခိုင်နှုန်းကျော်ကို အကောက်ခွန်နှုန်း ထား ပယ်ဖျက်လိုပါကြောင်း၊သို့ဖြစ်၍ အစည်းအဝေး နောက်တစ်ကြိမ် ထပ်မံ ကျင်းပရဦးမည်ဖြစ်ကြောင်း၊ အစည်းအဝေးကျင်းပပါက ကုန်စည် ၉၂ ရာခိုင်နှုန်းအပေါ် အကောက်ခွန် ပယ်ဖျက်ရန် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ကြိုးပမ်းမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားသွားပါသည်။

အဖွဲ့ဝင်နိုင်ငံအများစုသည်အစည်းအဝေးတွင် ၎င်းတို့နိုင်ငံများအတွက် ဆိုးကျိုးဖြစ်စေမည့် အချက်များကိုလည်း ထပ်မံဖော်ထုတ် တင်ပြလာရန် ရှိနိုင်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ကုန်သွယ်ဖက် နိုင်ငံတစ်နိုင်ငံချင်းနှင့် ဖြေလျှော့မည့်အမယ်များ အဆိုပြုရန် ညှိနှိုင်းရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းရေးဦးစီးဌာနအနေဖြင့် ပုဂ္ဂလိက ကဏ္ဍစီးပွားရေးအမျိုးအစား တစ်ခုချင်းအလိုက်အသေးစိတ် ဆွေး နွေးမှုအား ယခု အစည်းအဝေးပြီးလျှင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖြေလျှော့ခွင့်ပြုမည့် ကုန်ပစ္စည်း အမည်စာရင်းနှင့် အခြားကိစ္စရပ်များကိုလည်း အနာဂတ် ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်ရေး အသေးစိတ်ညှိနှိုင်းကြရမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။

**သောင်းနိုင်(တာချီလိတ်)**

**Source-Bangkok Post**

# သဘာဝဓါတ်ငွေ့လုပ်ကွက်များ တင်ဒါခေါ်ယူရန် စက်တင်ဘာလတွင် စတင်မည်

Bongkot နှင့် Erawan သဘာဝဓာတ်ငွေ့ လုပ်ကွက်များအား ယခုနှစ်စက်တင်ဘာမှ ဒီဇင်ဘာအတွင်း တင်ဒါခေါ်ယူသွားမည် ဖြစ်ကြောင်း၊ တင်ဒါအောင်မြင်သူ၏အမည်အား ၂၀၁၈ ခုနှစ်၊ ပထမ သုံးလပတ်တွင် ကြေညာထုတ် ပြန်သွားမည်ဖြစ်ကြောင်း သတ္တုတွင်းထွက် လောင်စာဆီဌာနမှ ပြောကြားပါသည်။ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဗီရာဆပ်က ကက်ဘိနက်တွင် ဥပဒေ (၆)ခုဆွေးနွေးနေပြီဖြစ်ကြောင်း၊ မကြာမီ အတည်ပြုနိုင်မည်ဟု မျှော်လင့်ကြောင်း၊၎င်းတို့တွင် သဘာဝ ဓာတ်ငွေ့တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းအပေါ် အကျိုးအမြတ်ခွဲဝေယူသည့်စနစ်လည်း ပါဝင်ကြောင်း ပြောကြားခဲ့ပါသည်။ တင်ဒါစည်းကမ်းများ ထုတ်ပြန်ရန် ကက်ဘိနက်၏ သဘောတူညီချက်ကို စောင့်ဆိုင်းနေကြောင်း ပြောကြားသွားပါသည်။ စည်းကမ်းချက် တရားဝင် ထုတ်ပြန်ရန် ယခုလတွင် အပြီးသတ် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ တင်ဒါကိုလည်း စက်တင်ဘာလတွင် ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ဆက်လက် ပြောကြားခဲ့ပါသည်။

Erawanလုပ်ကွက်အား Chevron Corporation က ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် သက်တမ်း ကုန်မည်ဖြစ်ကြောင်း၊Bongkot လုပ်ကွက်မှာလည်း အစိုးရနောက်ခံ ထားရှိသည့် PTT တူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီမှ ဆောင်ရွက်နေပြီး ၂၀၂၃ တွင် သက်တမ်းကုန်မည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ကွက်နှစ်ခုမှ တစ်နေ့လျှင် ကုဗပေ ၂ ဒသမ ၂ ဘီလီယံထုတ်လုပ်နိုင်ပြီး ထိုင်းနိုင်ငံပင်လယ်ကွေ့သဘာဝ ဓာတ်ငွေ့ထွက်ရှိမှု၏ ၇၆ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

ရေနံဥပဒေ ပြင်ဆင်ချက် ပြီးစီးမည့် ဇွန်လနောက်ပိုင်းတွင် တင်ဒါခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဥပဒေပြင်ဆင်ချက်တွင် တူးဖော် ထုတ်လုပ်သည့်ကုမ္ပဏီများအား ထုတ်လုပ်မှုအပေါ် အကျိုးအမြတ် ခွဲဝေခံစားမည့် စနစ်နှင့် လက်ရှိစနစ်အတိုင်း ဆောင်ရွက်ရန် နှစ်သက်ရာ ရွေးချယ်ခွင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ကုမ္ပဏီများသည် လက်ရှိတွင် အစိုးရသို့ တူးဖော် ထုတ်လုပ်ခွင့် လုပ်ကွက်များအတွက် မြေအသုံးပြုခ၊ ထုတ်လုပ်ခွန်နှင့် အမြတ်ခွန်တို့ ပေးဆောင်လျက် ရှိကြောင်း သိရှိရပါသည်။ ဥပဒေပြင်ဆင်ချက် အတည်ပြုပါက ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေ ခံစားမည့် သဘောတူညီချက်ဖြင့်သော်လည်းကောင်း၊ ဝန်ဆောင်ခရယူ၍ စာချုပ်ချုပ်ဆို ဆောင်ရွက်သည့် စနစ်ကိုသော်လည်းကောင်း အသစ်ရွေးချယ်နိုင်မည် ဖြစ်ပါသည်။

မစ္စတာဗီရာဆပ်က တရုတ်နိုင်ငံနှင့်အရှေ့အလယ်ပိုင်း ဒေသရှိလုပ်ငန်းရှင်တို့မှလည်း Bongkot နှင့် Erawan သဘာဝဓာတ်ငွေ့လုပ်ကွက်များ တင်ဒါတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း ပြောကြားပါသည်။

အခြား တိုးတက်မှုတစ်ရပ်မှာ စွမ်းအင်မူဝါဒ စီမံခန့်ခွဲရေး ကော်မတီအနေဖြင့် ဩဂုတ်လ ၂ ရက်က LPG ဓာတ်ငွေ့အပေါ် ထောက်ပံ့မှု စနစ်အား ပယ်ဖျက်ရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လက်ရှိတွင် သဘာဝဓာတ်ငွေ့ လက်လီ ရောင်းဈေးနှုန်း တစ်ကီလိုဂရမ်လျှင် ၂၀ ဒသမ ၄၉ ဘတ်ထက် ပိုမိုခြင်း မရှိစေရန် ထောက်ပံ့ငွေ တစ်ကီလိုဂရမ်အပေါ် ၂ ဒသမ ၇၅ ဘတ်အထိ ရန်ပုံငွေမှ ထောက်ပံ့ပေးလျက်ရှိကြောင်း ဖော်ပြထားပါသည်။ ယခုထောက်ပံ့ငွေ ဖြတ်တောက်၍ LPG ဈေးကွက်အား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုခြင်းကို ဩဂုတ်လ ၁ရက်က စတင်လိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

Saudi Aramco ၏ ဩဂုတ်လအတွက် ဓာတ်ငွေ့ ဖြန့်ချိမည့် စာချုပ်ဈေးအား တစ်တန်လျှင် ၈၅ အမေရိကန်ဒေါ်လာမှ အမေရိကန်ဒေါ်လာ ၄၄၀ အထိ မြင့်တက်သတ်မှတ်ခဲ့ကြောင်း၊ ကော်မတီ၏ ဆောင်ရွက်မှုအား အရှိန်မြှင့်တင်ပေးခြင်းဖြစ်ကြောင်း သိရှိရပါသည်။ စွမ်းအင် မူဝါဒနှင့် စီမံကိန်းရုံး အထွေထွေ အတွင်းရေး မှူးချုပ်Mrs'or. Twarath Sutabutr သည် နိုင်ငံတော်လောင်စာဆီရန်ပုံငွေမှ ထောက်ပံ့ငွေ တစ်လလျှင် ဘတ် ၅၁၁ သန်းအထိ ပေးချေခဲ့ရကြောင်း၊ လက်ရှိ လက်ကျန်ငွေမှာ ဘတ် ၆ဒသမ ၃၆ ဘီလီယံသာ ရှိကြောင်း နှိုင်းယှဉ် ပြောကြားခဲ့ပါသည်။

**သောင်းနိုင် (တာချီလိတ်)**

# ထိုင်းနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက လမ်းကြောင်းသုံးခု ပြင်ဆင်ဖွဲ့စည်း

ဗိုလ်ချုပ်ကြီး ပရာယွတ်က ၎င်း၏ ဆောင်ရွက်မှု အစီအစဉ်များအား နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် ပတ်သက်၍ "Bangkok Post Forum 2017"အား 'ထိုင်းနိုင်ငံ စဉ်ဆက်မပြတ်တိုးတက်ရေးအတွက် ပြုပြင်ဖွဲ့ စည်းရေး' ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်များသို့ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် ကဏ္ဍအသီးသီးတွင် ပြောင်းလဲပြင်ဆင်ရန် လိုအပ်နေကြောင်း၊ သို့သော်လည်း နိုင်ငံရေးပြုပြင်ဖွဲ့စည်းမှုသည် အခြားကဏ္ဍရပ်များအပေါ် ဖိအားပေးစေခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ လက်လှမ်းဝေးစေခဲ့ကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီမံအုပ်ချုပ်မှု ပြုပြင် ပြောင်းလဲမှုများသည် ထိုင်းနိုင်ငံအား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအဆင့်သို့ တက်လှမ်းရန်အထောက်အကူဖြစ်သင့်ကြောင်း ဖော်ပြထားပါသည်။

တစ်ဦးကျဝင်ငွေ(PercapitaGDP)သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှု အညွှန်းကိန်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအဆင့်သို့ တက်လှမ်းရန် တစ်ဦးကျဝင်ငွေအား အမေရိကန်ဒေါ်လာ ၁၂၄၇၆ ရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိ တစ်ဦးကျ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၉၀၈ သာဖြစ်၍ များစွာကြိုးပမ်းရဦးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ၏ ရည်မှန်းချက်အောင်မြင်ရန် နှစ်စဉ်စီးပွားရေး တိုးတက်မှုနှုန်း အနည်းဆုံး ခြောက်ရာခိုင်နှုန်းဖြင့် နှစ် ၂၀ ဆက်တိုက်ရရှိရန် လိုအပ်သည်ဟု လေ့လာတွေ့ရှိခဲ့ကြောင်း၊ အမှန်တကယ်တွင် နှစ်စဉ်တိုးတက်မှုနှုန်းမှာ လေးရာခိုင်နှုန်းအောက် ဝန်းကျင်သာ ရရှိခဲ့ကြောင်း၊ တိုင်းပြည်၏ စီးပွားရေး အလားအလာများအတွက် ၎င်းဆုံးရှုံးမှုကို သိနားလည်ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ဝန်ကြီးချုပ် ပရာယွတ်လက်ထက်တွင် စီးပွားရေးဖွံ့ဖြိုးမှုသည်နိုင်ငံရေးမတည်ငြိမ်မှုကြောင့် နောက်ပြန်လှည့်သွားကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေ အမြောက်အမြားကို ပြောင်းလဲသုံးစွဲမှုမှာလည်း နိုင်ငံ့စီးပွားရေး အနာဂတ် အလားအလာကို ပြောင်းလဲစေခဲ့ကြောင်း၊ စီးပွားရေးအခြေခံ အုတ်မြစ်ဖြစ်သော စိုက်ပျိုးရေးကဏ္ဍနှင့် SMEs လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဘတ် ဘီလီယံ ရာပေါင်းများစွာ ထည့်သွင်းရန် ဆုံးဖြတ်ချက်များကိုမူ အသိအမှတ် ပြုရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ယှဉ်ပြိုင်မှုစွမ်းရည် တိုးမြှင့်ရန်အတွက် စီးပွားရေးပညာရှင်များကလည်း ကြိုးပမ်းခဲ့ကြကြောင်း၊ ယခုနှစ်တွင် IMD ၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့ယှဉ်ပြိုင်နိုင်မှု စွမ်းရည်အဆင့်တွင် ထိုင်းနိုင်ငံသည် ၂၀၁၆ ခုနှစ်က ရှိခဲ့သည့် အဆင့် ၂၈ မှ ၂၇ သို့ တိုးတက်ခဲ့ကြောင်း၊ တစ်ဦးချင်း ရမှတ်မှာလည်း ၇၄ ဒသမ ၈၁ မှ ၈၀ ဒသမ ၀၉၅ သို့ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားပါသည်။ အပြစ်မြင်သူများအနေဖြင့် စီးပွားရေး နာလန်ထမှုသည် ကဏ္ဍအားလုံးအတွက် မဖြစ်ပေါ်စေခဲ့ကြောင်း၊ အထူးသဖြင့် ဝင်ငွေနိမ့်ကျသည့် ပြည်သူများ၊ လယ်သမားများ၊ စက်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းနှင့် SMEs လုပ်ငန်းများကို ထိခိုက်စေခဲ့ကြောင်း၊ ၎င်းတို့ပြောဆိုချက်သည် မှန်ကန်နိုင်ကြောင်း ဖော်ပြထားပါသည်။

နိုင်ငံရေးတည်ငြိမ်မှုကာလ မည်မျှကြာရှည်စွာရရှိနိုင်မည်ကို သိမြင်လိုကြကြောင်း၊ အထူးသဖြင့် လာမည့်နှစ်လည်(သို့မဟုတ်) နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် ဖြစ်ပေါ်လာမည့် အခြေအနေကို သိလိုကြကြောင်း၊ နိုင်ငံတော်အား မည်သို့ပြင်ဆင်ဖွဲ့စည်းမည်ကို မည်သူမျှတိကျစွာ မသိရှိကြသေးကြောင်း၊ ထိုင်းနိုင်ငံ အနာဂတ် နိုင်ငံရေးအခင်းအကျင်းကို သတ်မှတ်ထားခြင်းမရှိသေးကြောင်း၊ ပြင်ဆင်ဖွဲ့စည်းမှုအား ရွေးကောက်ပွဲ အနိုင်ရမည့်ဝန်ကြီးချုပ်အသစ်က ဦးဆောင်သွားမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားပါသည်။ နိုင်ငံရေးအခင်းအကျင်းပုံစံမည်သို့ပင်ရှိစေ နိုင်ငံအနေဖြင့် ကြောက်စရာကောင်းသော နိုင်ငံရေး မတည်ငြိမ်မှုများနှင့် တပ်မတော် အာဏာသိမ်းမှုများကို ရှောင်ရှားနိုင်ရန် လိုအပ်ကြောင်း၊ ပိုမိုကောင်းမွန်ပြီး ထူးခြားကွဲပြားမည့် အနာဂတ်ကို တည်ဆောက်နိုင်ရန် ပြုပြင်သင့်ကြောင်း ဖော်ပြထားပါသည်။

ယင်းကဲ့သို့ ပြောင်းလဲမှုများ မဆောင်ရွက်နိုင်ပါက ထိုင်းနိုင်ငံသည် ၎င်း၏ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ရည်မှန်းချက်ကို ရရှိနိုင်မည် မဟုတ်ကြောင်း၊ အလယ်အလတ်ဝင်ငွေ အဆင့်မှ လျော့ကျသွားနိုင်သည့်အပြင် ဖွံ့ဖြိုးမှုနည်းပါးသော နိုင်ငံ (သို့မဟုတ်) ငတ်မွတ်နွမ်းပါးသော နိုင်ငံအဖြစ် ကျဆင်းသွားနိုင်ကြောင်း ဖော်ပြထားပါသည်။

**သောင်းနိုင် (တာချီလိတ်)**

**Source- Bangkok Post**

# စီးပွားရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲမှ ရော်ဘာ ရောင်းချမှုကို ထိုင်းနိုင်ငံမြှင့်တင်နိုင်

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာ ဆွေးနွေးညှိနှိုင်းပွဲ၌ ရော်ဘာ တန်ချိန်သုံးသိန်းခန့် ရောင်းချနိုင်ခဲ့ကြောင်း၊ နောက်ထပ်လည်း ဝယ်လိုအားများ တိုးတက်ရရှိလာဦးမည်ဖြစ်ကြောင်း ဖော်ပြသွားပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးမစ္စအပီရာဒီတန်တရာဘွန်းက ဩဂုတ်လ ၂ ရက်က ထိုင်းနိုင်ငံသားနှင့် နိုင်ငံခြားသားရော်ဘာကုမ္ပဏီ ၁၀၀ ကျော်ကို စုစည်းတွေ့ဆုံခဲ့ပြီးရော်ဘာ ကုန်သွယ်မှုတန်ဖိုး ဘတ် ၁၅ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းဖြစ်ရပ်သည် အနာဂတ်ကာလတွင် ရော်ဘာထုတ်လုပ်မှု အပြည့်အဝ ရောင်းချနိုင်ရေးအတွက် ဖက်စပ်ဆောင်ရွက်ရန် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးလိမ့်မည်ဟု ပြောကြားသွားပါသည်။ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ရော်ဘာ တင်သွင်းသူ ၁၀၀ ကျော် တက်ရောက်ခဲ့ရာ ရော်ဘာ တန်ချိန် သုံးသိန်းခန့် ရောင်းချနိုင်ခဲ့ကြောင်း၊ ဝယ်ယူသူနှင့် ရောင်းချသူတို့ တိုက်ရိုက်တွေ့ဆုံခဲ့ပြီးနောက် အမှာစာများ ထပ်မံရရှိလာမည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးက ပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာနအနေဖြင့် ရော်ဘာအဓိက ဝယ်ယူသူများကို ဖိတ်ခေါ်ရန် ရည်ရွယ်ခဲ့ကြောင်း၊ အထူးသဖြင့် တရုတ်၊ တောင်ကိုရီးယား၊ ဥရောပ၊ အမေရိကန်နှင့် အရှေ့အလယ်ပိုင်းဒေသတို့ရှိ ကုန်ကြမ်းရှာဖွေနေသည့် တာယာထုတ်လုပ်သူများအား ရည်ရွယ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ တာယာထုတ်လုပ်မှုလုပ်ငန်းအတွက် နှစ်စဉ် ရော်ဘာလိုအပ်ချက်မှာ ကမ္ဘာ့ရော်ဘာသုံးစွဲမှု၏ ၆၀ ရာခိုင်နှုန်းခန့်ရှိပြီး တန်ချိန် ၁၂ သန်းသုံးစွဲရန်လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး ရော်ဘာထုတ်လုပ်တင်ပို့သည့်နိုင်ငံဖြစ်ကြောင်း၊ နှစ်စဉ်တန်ချိန် ၄ ဒသမ ၅ သန်း ထုတ်လုပ်နိုင်ပြီး ကမ္ဘာ့ရော်ဘာ ထုတ်လုပ်မှု၏ ၃၇ ရာခိုင်နှုန်းရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ ပထမ ခြောက်လအတွက် ထိုင်းရော်ဘာ တင်ပို့မှု တန်ဖိုးမှာ ဘတ် ၁၁၃ ဘီလီယံရောက်ရှိခဲ့ပြီး ယမန်နှစ်ထက် ၅၅ ရာခိုင်နှုန်းခန့် တိုးတက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ သဘာဝရော်ဘာဈေးနှုန်းသည် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းက ကျဆင်းခဲ့ကြောင်း၊ ပိုလျှံထုတ်လုပ်မှုနှင့် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုကြောင့် ကားထုတ်လုပ်မှုလုပ်ငန်းများ ကျဆင်းပြီး ရော်ဘာဝယ်လိုအား လျော့နည်းခဲ့ကာ သဘာဝရော်ဘာထုတ်လုပ်မှုကို ထိခိုက်စေခဲ့ကြောင်း ဖော်ပြထားပါသည်။

ပို့ကုန် အရည်အသွေးမီ ထိုင်းရော်ဘာ RSS 3 ဈေးနှုန်းသည် ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယမန်နှစ်က တစ်ကီလိုဂရမ်တွင် ၆၀ ဒသမ ၅ ဘတ်ရရှိခဲ့ရာမှ ၅၅ ဘတ်အထိ ကျဆင်းသွားကြောင်း၊ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နိုင်ငံရော်ဘာ ထုတ်လုပ်မှု ၆၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပေးနေသော ရော်ဘာတောင်သူများအတွက် ထိခိုက်စေခဲ့ကြောင်း ဖော်ပြထားပါသည်။ ရော်ဘာဈေးနှုန်းသည် ၂၀၁၁ ခုနှစ်က အမြင့်ဆုံးဈေးရရှိခဲ့ပြီး တစ်ကီလိုဂရမ်တွင် ၁၄၈ ဘတ်အထိ ရရှိခဲ့ကြောင်း၊ ထိုအချိန်က ကမ္ဘာ့ရေနံဈေး မြင့်မားမှုကြောင့် ရော်ဘာ အတု ထုတ်လုပ်ခြင်း၊ ရေနံဓာတုအခြေခံ ရော်ဘာ ထုတ်လုပ်ခြင်းတို့အတွက် စရိတ်ကုန်ကျမှု မြင့်မားခဲ့ပြီး သဘာဝရော်ဘာသုံးစွဲမှုကို တိုးမြှင့်စေခဲ့ကြောင်း ဖော်ပြသွားပါသည်။

ရော်ဘာသုံးစွဲမှု တိုးမြှင့်ရေးအတွက်ပို့ကုန်တင်ပို့ခြင်းသာမက ပြည်တွင်းသုံးစွဲမှုကို တိုးမြှင့်နိုင်ရေးအတွက် အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများကိုသာမက ပညာရေးတက္ကသိုလ်များအထိပါ တိုက်တွန်းခဲ့ကြောင်း ဖော်ပြထားပါသည်။ အစိုးရအနေဖြင့် ပြည်တွင်းသုံးစွဲမှုအချိုးကို ၁၀ ရာခိုင်နှုန်းအထက် တိုးတက်ရန် ရည်ရွယ်ခဲ့ပြီး ပို့ကုန်အပေါ် မှီခိုအားထားနေရခြင်းကို လျှော့ချလိုခဲ့ကြောင်း၊ တင်သွင်းသည့်နိုင်ငံများသို့လည်း ဈေးနှုန်းဆိုင်ရာ လျှော့ပေါ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် တင်ပို့သူများနှင့် စက်မှုလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ ရော်ဘာဈေးနှုန်းသည် ယခုဒုတိယနှစ်ဝက်တွင် ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီး ဈေးနှုန်းဘတ် ၆၀-၇၀ သို့ ရောက်ရှိလာနိုင်ကြောင်း ခန့်မှန်းကြပါသည်။

ထိုင်းနိုင်ငံတောင်ပိုင်းဒေသတွင် ခြောက်သွေ့ရာသီသို့ ရောက် ရှိတော့မည်ဖြစ်၍ ရွက်ကြွေချိန်နီးကပ်လာသည့်အတွက် ရော်ဘာစေး ထုတ်လုပ်မှုလျော့နည်းသွားမည်ဖြစ်ပြီး ရောင်းလိုအား ကျဆင်းလာနိုင်ကြောင်း ဖော်ပြထားပါသည်။

**သောင်းနိုင် (တာချီလိတ်)**

**Source- Bangkok Post**

## ကြက်သွန်နီဈေးမြင့်တက်လျက်ရှိရာ ယင်းအခြေအနေသည် ယာယီမျှသာဖြစ်သည်ဟု အိန္ဒိယစိုက်ပျိုးရေးအတွင်းဝန် ပြောကြား

ကြက်သွန်နီသည် အိန္ဒိယဟင်း လျာတိုင်းအတွက် မရှိမဖြစ်ပါဝင်နေသည့် အမယ်တစ်ခုဖြစ်ရာ အိန္ဒိယနိုင်ငံတွင် အစောပိုင်းလများ၌ ကြက်သွန်နီ ဈေးနှုန်းမှာ တစ်ကီလိုလျှင် ရူပီး ၁၀မှ ၁၅ ရူပီးဝန်းကျင်သာရှိခဲ့ရာ ယခုလအတွင်း ကြက်သွန်နီဈေးနှုန်း သိသိသာ သာကြီးမြင့်လာခဲ့သည့်အတွက် ပြည်သူများ စိုးရိမ်ပူပန်နေကြကြောင်း၊ လက်ရှိတွင် မြို့ကြီးများ၌ ကြက်သွန်နီလက်လီဈေးမှာ တစ်ကီလိုဂရမ်လျှင် ၃၂ ရူပီးမှ ရူပီး ၄၀ ဝန်းကျင်အကြားရှိနေကြောင်း၊ လက်ကားဈေးအနေဖြင့် တစ်ကီလို ဂရမ်လျှင် ရူပီး ၂၀ မှ ၂၂ ရူပီးဝန်းကျင်၌ ရှိနေကြောင်း၊ သို့ရာတွင် အိန္ဒိယ စိုက်ပျိုးရေးအတွင်းဝန် Shobhana K Pattanayak က ကြက်သွန်နီမှာ ပြည်တွင်းလိုအပ်ချက်အတွက် နောက် လအထိတိုင်အောင် လုံလောက်မှုရှိကြောင်း၊ နောက်လမှစ၍ ဈေးကွက် အတွင်းသို့ ကြက်သွန်နီသစ်များပိုမို ဝင်ရောက်လာတော့မည်ဖြစ်သည့်အတွက် ဈေးနှုန်းမြင့်တက်သည့် အခြေအနေသည် ယာယီမျှသာဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း ကြက်သွန်နီ လက်ကားဈေးနှင့် လက်လီဈေးများကို အနီးကပ် သတိထားစောင့်ကြည့်နေသည်ဟု ဇူလိုင် ၇ ရက်၌ ပြောကြားထားကြောင်း သိရှိရပါသည်။

၎င်းကဆက်လက်ပြောကြားရာ ၌ ယခုအချိန်သည် ပုံမှန်အားဖြင့် ကာနာတာကာမှ နွေရာသီစိုက် (Kharif) ကြက်သွန်နီများ ဝင်ရောက် လာရတော့မည့်အချိန် ဖြစ်သော်လည်း ယင်းပြည်နယ်၌ မိုးရေလုံလောက်စွာမရရှိသည့်အတွက် သီးနှံအထွက်နှုန်း ကျဆင်းလျက်ရှိရာ ပုံမှန်ဝင်ရောက်မလာနိုင်သော်လည်း နောက်လတွင်မူ အန္ဒရာပရာဒေ့ရှ်ပြည်နယ်ကဲ့သို့ အခြားပြည်နယ်များမှ ထွက်ကုန်များ ဝင်ရောက်မည်ဖြစ်သည့်အတွက် ကုန်စည်ရရှိနိုင်မှုမှာ တိုးတက်လာမည်ဖြစ်ကာ ဈေးနှုန်းမှာလည်း တဖြည်းဖြည်း ပြန်လည်ကျဆင်းမည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အမျိုးသား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးတိုး တက်မှုဖောင်ဒေးရှင်း၏ ဒါရိုက်တာဖြစ်သူ ပီကေဂုပတ္တားကမူ ကြက်သွန်နီ စိုက်ပျိုးချိန်၌ မိုးရွာသွန်းမှုနည်းပါးခဲ့သည့်အတွက် ယခုနှစ်နွေကြက်သွန်နီ စိုက်ဧကမှာ ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းထိကျဆင်းလိမ့်မည်ဟု ပြောကြားထားကြောင်း၊ တစ်နိုင်ငံလုံး ထုတ်လုပ်မှု ပမာဏ၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းမှာလည်း နွေကြက်သွန်များဖြစ်ပြီး၊ ကျန်ပမာဏသည်သာ ဆောင်းကြက်သွန်နီများဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**

**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# မလေးရှားနိုင်ငံက အာဖရိကနိုင်ငံများသို့ ဟာလာထုတ်ကုန်များအား တင်ပို့ရန် စီစဉ်

မလေးရှားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ဟာလာပြုလုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ ရင်းဂစ်သန်း ၅၀ ဖိုးအထိ တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း စတားအွန်လိုင်းသတင်းတွင် ရေးသား ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်က ရင်းဂစ် ၄၂ ဒသမ ၁ သန်းဖိုးရှိ ဟာလာပြုလုပ်ထားသည့်ထုတ်ကုန်ပစ္စည်းများအား တင်ပို့နိုင်ခဲ့ကြောင်း ဟာလာစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဒါတွတ်ဆေရီဂျမဲလ် ဘိုင်ဒင်က ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေး ကျဆင်းနေသော်လည်း ဟာလာပြုလုပ်ထားသည့် ထုတ် ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် ဝယ်လိုအားမှာ မြင့်တက်လျက်ရှိကြောင်း၊ အထူးသဖြင့် အစားအစာနှင့် အဖျော်ယမကာတို့တွင် မြင့်တက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့ ဟာလာပြုလုပ်ထားသည့် ကုန်ပစ္စည်းတင်ပို့မှုမှာ ပိုမိုမြင့်တက်လျက်ရှိပြီး အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့သို့လည်း အများအပြားတင်ပို့လျက်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

"လာမယ့်နှစ်တွေမှာ ကျွန်တော်တို့အနေနဲ့ ဆော်ဒီအာရေးဘီးယားကို တင်ပို့နိုင်ဖို့အတွက် ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် လာမယ့်ကာလတွေမှာ အာဖရိကတိုက်နိုင်ငံများကိုပါ ဈေးကွက်ချဲ့ထွင်နိုင်ဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ဘိုင်ဒင်က မီဒီယာများသို့ ပြောကြားခဲ့သည်။

အာဖရိကတိုက်တွင် လူဦးရေ ၁ ဒသမ ၂၂ သန်းခန့်ရှိကြောင်း၊ ၎င်းတို့အနက် မွတ်ဆလင်ဘာသာကိုးကွယ်သူဦးရေမှာ သန်း ၂၀၀ ခန့်ရှိနေကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါအာဖရိကတိုက်ဈေးကွက်သည် ကုန်စည်သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားသောပြဿနာအမျိုးမျိုးကြောင့် ၎င်းတို့၏ ဟာလာထုတ်ကုန်ပစ္စည်းများ မရောက်ရှိသေးသည့် ဈေးကွက်တစ်ခုပင်ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် ဆော်ဒီအာရေးဘီးယားနိုင်ငံ၏ ဘုရင် ဆေလ်မန်အဗ္ဗဒူလ်လာ ဇစ်အယ်ဆတ် မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်စဉ် အရှေ့အလယ်ပိုင်းဒေသနှင့် အနောက်အာဖရိကဒေသသို့ ကုန်စည်ကူးသန်းသွားလာခွင့် ရရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။

မလေးရှားနိုင်ငံတွင် အာဆီယံဟာလာပွဲတော် ၂၀၁၇ (HalfestASEAN 2017) ကို ဩဂုတ်လ ၂၃ ရက်မှ ၂၇ ရက်အထိ MINES အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲနှင့် ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ရာ လာရောက်လေ့လာသူပေါင်း တစ်သိန်းကျော် လာရောက်မည်ဟု မျှော်လင့်ထားကြောင်း သတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

# Make in India ကြောင့် အလုပ်လက်မဲ့အရေအတွက် ပိုမိုမြင့်တက်လာဟု ရာဟူးလ်ဂန္ဒီက ဝန်ကြီးချုပ် မိုဒီအား ပြစ်တင်ဝေဖန်



အိန္ဒိယအစိုးရ၏ Make in India အစီအစဉ်ကြောင့် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အလုပ်လက်မဲ့ အရေအတွက်များ ပိုမိုများပြားလာကြောင်း ကွန်ဂရက်ပါတီဒုတိယဥက္ကဋ္ဌ ရာဟူးလ် ဂန္ဒီက အိန္ဒိယဝန်ကြီးချုပ် နရိန္ဒရာမိုဒီအား ပြစ်တင်ဝေဖန်လိုက်ကြောင်း သည်တိုင်းမ်အော့ဖ်သတင်းဌာနက ရေးသား ဖော်ပြခဲ့သည်။

ရာဟူးလ်ဂန္ဒီသည် ကွန်ပိုစစ်လက်ရာယဉ်ကျေးမှုပြပွဲ၏ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"ဝန်ကြီးချုပ် မိုဒီရဲ့ Make in India အစီအစဉ်ဟာ အောင်မြင်မှုမရှိခဲ့ပါဘူး။ လွန်ခဲ့တဲ့ရှစ်နှစ်အတွင်းမှာ နိုင်ငံအတွင်း အလုပ်လက်မဲ့အရေအတွက်တွေ တစ်နှစ်ထက်တစ်နှစ်ပိုမို မြင့်တက်လာခဲ့ပါတယ်။ ဘီဂျေပီပါတီဟာ သူ့ရဲ့ကတိကဝတ်ကို ထိန်းသိမ်းမထားနိုင်ခဲ့ပါဘူး။ ငွေမည်းတွေ အများအပြားရှိလာခဲ့သလို လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ရှားပါးခဲ့ပါတယ်။ သူတို့တွေ အချင်းချင်းတော့ ပူးပေါင်းလုပ်ဆောင်နေကြပေမယ့် အဲဒီအထဲမှာလယ်သမားတွေ မပါဝင်ခဲ့ဘူး" ဟု ရာဟူးလ်ဂန္ဒီက ပြောကြားခဲ့သည်။

ထို့အပြင် ရာဟူးလ်က ဝန်ကြီးချုပ် မိုဒီ၏မူဝါဒများသည် ဂျမူးနှင့် ကက်ရှ်မီးယားဒေသ ငြိမ်းချမ်းရေးကိုပါ ထိပါးစေခဲ့ကြောင်း၊ ကက်ရှ်မီးယားဒေသတစ်ဝန်း မုန်းတီးမှုနှင့် အငြင်းပွားမှုတို့ကိုပါ ဖန်တီးစေခဲ့ကြောင်း၊ ပြစ်တင်ဝေဖန်ပြောကြားခဲ့သည်။

**မယ်သီတာ**

# ဇူလိုင်လအတွင်း အိန္ဒိယနိုင်ငံ၏ပို့ကုန်ပမာဏ ၄ ရာခိုင်နှုန်းနီးပါး ကျဆင်း ကုန်သွယ်မှုလိုငွေ ၁၁ ဘီလီယံကျော်အထိ ရှိလာ

အိန္ဒိယနိုင်ငံ၏ပို့ကုန်ပမာဏ သည် ၃ ဒသမ ၉၄ ရာခိုင်နှုန်းကျဆင်း လာခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၁၁ ဒသမ ၄၄ ဘီလီယံ အထိ ရှိလာခဲ့ကြောင်း သည်တိုင်းမ်အော့ဖ် အိန္ဒိယသတင်းတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ဖြစ်ရခြင်းမှာ အိန္ဒိယနိုင်ငံတွင်းသို့ ရွှေတင်သွင်းမှုများ ပိုမိုများပြားလာခြင်းကြောင့် ဖြစ်ရသည်ဟု ဆိုသည်။ အိန္ဒိယနိုင်ငံ၏ ပြည်ပသို့ သင်္ဘောတင်ပို့မှုသည် ၂၀၁၇ခုနှစ် ဇူလိုင်လအတွင်းက အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅၄ ဘီလီယံရှိခဲ့သော်လည်း ပြီးခဲ့သည့်နှစ် ကာလတူက အမေရိကန် ဒေါ်လာ ၂၁ ဒသမ ၆၈ ဘီလီယံရှိခဲ့သည်။ ယင်းပမာဏသည်ပြည်ပသို့ တင်ပို့ မှု၌ ၃ ဒသမ ၉၄ ရာခိုင်နှုန်းမြင့် တက်လာခြင်းဖြစ်သည်ကို ပြသသည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံ၏ ပို့ကုန်များအဖြစ် ဆေးနှင့် ဆေးပစ္စည်းအမျိုးမျိုး၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ ချုပ်ပြီးအထည်များသည် ယခုနှစ် ဇူလိုင်လအတွင်း တိုးတက်တင်ပို့နိုင်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။


သွင်းကုန်ပိုင်းတွင် ယခုနှစ်ဇူလိုင် လ၌ အမေရိကန်ဒေါ်လာ ၃၄ဘီလီယံ (၁၅ ဒသမ ၄၂ ရာခိုင်နှုန်း) မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့်နှစ်ကာလတူက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၅ဘီလီယံ ရှိခဲ့ရာ ယခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံကျော် မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ သွင်းကုန် ပမာဏ မြင့်တက်လာရခြင်းမှာ စားအုန်းဆီကြမ်းနှင့် ရွှေတို့ ပိုမိုတင်သွင်းလာ၍ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရွှေတင်သွင်းမှုတွင် ယခုနှစ် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၀ ဘီလီယံဖိုး တင်သွင်းခဲ့ရာ ပြီးခဲ့သည့်နှစ်ကာလတူက အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၇ဘီလီယံသာ တင်သွင်းခဲ့သဖြင့် ရွှေတင်သွင်းမှုတွင် ၉၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

စားအုန်းဆီကြမ်း တင်သွင်းမှုတွင်လည်း ယခုနှစ် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၈၄ ဘီလီယံဖိုး တင်သွင်းခဲ့သဖြင့် ပြီးခဲ့သည့်နှစ်ကာလတူထက် ၁၅ ရာခိုင်နှုန်း ပိုမိုတင်သွင်းခဲ့သည်။

၂၀၁၇-၁၈ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ ပို့ကုန်တင်ပို့မှုတွင် ၈ ဒသမ ၉၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၇၅ ဘီလီယံ)အထိ တိုးတက်တင်ပို့နိုင်ခဲ့သော်လည်း သွင်းကုန် ပိုင်းတွင် ၂၀ ဒသမ ၃၀ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၂၅ ဘီလီယံဖိုး)အထိ မြင့်တက်တင်သွင်းခဲ့သဖြင့် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၅ ဘီလီယံအထိ ရှိခဲ့သည်ဟု ဆိုသည်။ **မယ်သီတာ**

# တရုတ်နိုင်ငံတွင် အော်ဂဲနစ်အစားအစာထုတ်လုပ်သည့် ကုမ္ပဏီပေါင်း တစ်သောင်းကျော်ရှိလာ



တရုတ်နိုင်ငံတွင် အော်ဂဲနစ်အစားအစာ ထုတ်လုပ်သည့်ကုမ္ပဏီပေါင်း တစ်သောင်းကျော်ရှိလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ အဆိုပါကုမ္ပဏီပေါင်း တစ်သောင်းကျော်က အမျိုးအစားပေါင်း ၂၆၀၀၀ ကျော်ကို ထုတ်လုပ်လျက်ရှိသည်ဟု ဆိုသည်။

တရုတ်နိုင်ငံ အော်ဂဲနစ်အစားအစာထုတ်လုပ်သည့် ကုမ္ပဏီများသည် လျင်မြန်စွာ တိုးတက်များပြားလျက်ရှိကြောင်း၊ အော်ဂဲနစ်အစားအစာနှင့် ပတ်သက်သည့် ဈေးကွက်သည်လည်း တဖြည်းဖြည်း ကျယ်ပြန့်လျက်ရှိနေကြောင်း၊ တရုတ်နိုင်ငံ အော်ဂဲနစ်အစားအစာထုတ်လုပ်ရေးစင်တာ (China Green Food Development Center-CGFDC) မှ ဒါရိုက်တာ ဝမ်ယန်ဟို က ပြောကြားခဲ့သည်။

အော်ဂဲနစ် အစားအစာ ထုတ်လုပ်သည့်လုပ်ငန်းသို့မဟုတ် ကုမ္ပဏီတစ်ခုသည် တရုတ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး ဌာနအောက်ရှိ CGFDC က သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်။ ထို့ပြင် အော်ဂဲနစ်အစားအစာ ထုတ်လုပ်ရာတွင် ဓာတုပစ္စည်းအသုံးပြုမှုကို လုံးဝလျှော့ချပစ်ရမည်ဟု ဆိုသည်။

"အော်ဂဲနစ် အစားအစာတွေဟာ လယ်ယာစိုက်ပျိုးရေးကဏ္ဍနဲ့ ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အမျိုးအစားပေါင်း ၁၀၀၀ ကျော်ရှိနေပါပြီ" ဟု ဝမ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၁၁ ခုနှစ်ကတည်းက ယူရီးယားသုံးစွဲမှု တန်ချိန် ၂ ဒသမ ၆၈ တန်နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်တန်ချိန် ၃၄ သန်းကို လျှော့ချထားပြီးဖြစ်သည်။

ယင်းကဲ့သို့ လျှော့ချထားမှုကြောင့် အော်ဂဲနစ်အစားအစားများ စိုက်ပျိုးထုတ်လုပ်ရာတွင် စံသတ်မှတ်ချက်များ မြှင့်တင်သတ်မှတ်နိုင်ခဲ့သည်။

တရုတ်နိုင်ငံ၏ (၁၈)ကြိမ်မြောက် အော်ဂဲနစ်အစားအစာနှင့် ပတ်သက်သည့်ကုန်စည်ပြပွဲကို ဩဂုတ်လ ၁၈ ရက်က တရုတ်နိုင်ငံ၏ မွန်ဂိုလီးယားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမြောက်ပိုင်း ရှိ ဘာအူထိုမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါကုန်စည်ပြပွဲသို့ ကုမ္ပဏီပေါင်း ၁၀၀၀ ကျော် လာရောက်ပြသခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။ **မယ်သီတာ**

# HT LT Company Limited

HIGH TENSION & LOW TENSION CO.,LTD.

No.(87),No.(150, 151), Khayaepin Road, Mingalardon Township, Yangon, Myanmar.
Ph: 09-73185793,09-421063202,09-974040066, 09-974040077, 09-974040088, 09-450503010,09-450503020, 09-450503030
fax: (+95) 1-635829, email : info@ht-ltelectric.com, htltelectric@gmail.com, web: www.ht-ltelectric.com

## TRADING & INSTALLATION

- S.A.C/A.C.S.R/H.D.B.C Conductors & Accessories
- H.T/L.T Under Ground Cable & Accessories
- H.T/L.T Transmission & Distribution Line Material
- Power & Distribution Transformers
- H.T/L.T Switchger, Circuit Breaker &
- Sub-Station Equipment (Indoor/Outdoor)
- Tool & Equipment



- Turn Key project for Electric Substation and Transmission Line. (S/S & TL)
- Prepairing for Layout Plan & Design for Substation and Transmission Line.
- Installation for Layout Plan & Design for Substation and Transmission Line.
- Civil construction and Plan for Substation and Transmission Line.





# GP Golden Pollen TRADING CO.,LTD.

ရေယာဉ်သုံးအင်ဂျင်နှင့် ဂီယာဘောက်စ်များကို
စျေးနှုန်းချိုသာစွာဖြင့်တင်သွင်းရောင်းချပေးနေပါသည်။

ADVANCE
အမှတ်တံဆိပ်ဂီယာဘောက်စ်များ



MB170 MARINE GEARBOX | 135A MARINE GEARBOX | D300A MARINE GEARBOX | HCT400A/1 MARINE GEARBOX | HCT600A MARINE GEARBOX | HCT400A MARINE GEARBOX | HCT600A/1 MARINE GEARBOX

中国重汽 SINOTRUK

Cummins Marine



WD615.57C | KTA 19M | NTA 855M | NTA 855G4

No.(112), Banmaw Atwin Wun Street, Shwe Pyi Tahar Industrial Zone 2,
Shwe Pyi Thar Township, Yangon, Myanmar.
Tel: 01-618021, 618022, 618346, 618347, 720229 Fax : 01-618060
email: goldenpollen@myanmar.com.mm

မြောက်ပိုင်းနှင့်ကျောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှဖြန့်ချိသော

ND ဟိုင်ဖော့ ကွန်ပေါင်းဓါတ်မြေဩဇာ



NPK 10:7:8 NPK 12:13:0

ရန်ကုန်
အမှတ် (၁၁၂)၊ ဗန်းမော်အတွင်းဝန်လမ်း၊
ရွှေပြည်သာစက်မှုဇုန် (၂)၊ ရွှေပြည်သာမြို့နယ်။
ဖုန်း ၀၁ - ၆၁၈၀၂၂၊ ၆၁၈၃၄၆၊ ၇၂၀၂၂၉
ဖက်စ် ၀၁ - ၆၁၈၀၆၀
မန္တလေး
အမှတ် ( - ၁၀၅) စက်မှုဇုန် (၁)၊
ကန်နောင်မင်းသားကြီး နှင့် ဂုဏ်လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်။
ဖုန်း ၀၂ - ၅၄၆၆၉၊ ၅၂၂၆၇
ဖက်စ် ၀၂ - ၅၂၂၆၇


ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37

COMMERCE
INTERNATIONAL

# ကမ္ဘောဇဘဏ်နှင့် VMware တို့ပူးပေါင်း၍ ဒေတာစင်တာနှင့် နည်းပညာအခြေခံဖွဲ့စည်းပုံစနစ်ကို ခေတ်မီစေရန် အဆင့်မြှင့်တင်မည်




ကမ္ဘောဇဘဏ်နှင့် VMware တို့ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရန်အတွက် ဒေတာစင်တာနှင့်နည်းပညာအခြေခံဖွဲ့စည်းပုံစနစ်ကို ခေတ်မီစေရန် အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ဩဂုတ် ၁၈ ရက်က ရန်ကုန်မြို့ရှိ Melia ဟိုတယ်တွင်ကျင်းပခဲ့သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲမှ သိရသည်။

ကမ္ဘောဇဘဏ်နှင့် အမေရိကန်နိုင်ငံမှ နည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် VMware တို့သည် ကမ္ဘောဇဘဏ်၏ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဘဏ်၏ဒေတာစင်တာကို အသွင်းပြောင်းလဲ ဆန်းသစ်ရန်အတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဘဏ်ခွဲစုစုပေါင်း ၄၈၂ ဘဏ်နှင့် မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် ဖွင့်လှစ်ထားသော ရုံးခန်းများတွင် အကျိုးရှိစေရန် ၎င်းတို့၏ နည်းပညာအခြေခံ ဖွဲ့စည်းပုံစနစ်ကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း သိရသည်။

VMware အနေဖြင့် သတင်းအချက်အလက်နှင့်နည်းပညာ အထောက်အကူပြု ဆော့ဖ်ဝဲများဖြစ်သော vSphere® with Operations Management™, vCloud, vRealize Operations Advanced, NSX®, Site Recovery Manager™, AirWatch နှင့် Horizon ပါဝင်သည့် Automation software များဖြင့်ဖွဲ့စည်းထားသည့် Software Defined Data Center (SDDC) ကို



အသုံးပြု၍ ကမ္ဘောဇဘဏ်သည် ပိုမိုမြန်ဆန်ပြီး လုံခြုံစိတ်ချမှုရှိသော ဘဏ်လုပ်ငန်းစနစ်ဖြင့် ၎င်းတို့၏မိတ်ဖက်လုပ်ငန်းစုများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဘဏ်ဝန်ဆောင်မှုအသုံးပြုသူများ ပိုမိုလိုအပ်လာမည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံက တံခါးဖွင့်ကြိုဆိုလာသည်နှင့်အမျှ နယ်ပယ်အသီးသီးတွင် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများအား နည်းပညာအရ နှောင့်ယှက်မှုများရှိလာနိုင်ပါသည်။ ထို့ကြောင့် ပိုမိုလုံခြုံမှုရှိစေရန်အတွက် ကမ္ဘောဇဘဏ်က VMware မှနေ၍ တစ်ဦးတစ်ယောက်ချင်းစီ၏ လုပ်ငန်းဆောင်တာများတွင် နည်းပညာရပ်ဆိုင်ရာ လုံခြုံရေးစည်းမျဉ်းစည်းကမ်း (Customized Security Policies) များထားရှိပြီး ဘဏ်၏အချက်အလက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကာကွယ်ပေးထားနိုင်သော NSX® ပါဝင်သည့်အသွင် သစ်ပြောင်းလဲထားသည့် ကွန်ရက်မှတစ်ဆင့် အချက်အလက်များနှင့်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နိုင်ရန် လုံခြုံရေး ထပ်မံတိုးမြှင့်ပေးထားကြောင်း သိရသည်။

"မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းတွေ ဖောက်သည်များများရဖို့ ဘယ်လို ပြောင်းလဲဆန်းသစ်လာကြသလဲဆိုတာနဲ့ မြင်သာတဲ့လုပ်ငန်းရလဒ်တွေရဖို့ လုပ်ငန်းမှာ ယုံကြည်စိတ်ချရတဲ့ နည်းပညာ solutions တွေ ဘယ်လိုအသုံးပြုလာကြသလဲဆိုတာကိုပြဖို့ ကမ္ဘောဇဘဏ်က အကောင်းဆုံးဥပမာပါပဲ။ VMware ရဲ့ဖောက်သည်တွေက အခုအချိန်မှာ ပြောင်းလဲဖို့အတွက် လမ်းကြောင်းပေါ်မှာ ရောက်နေကြပါပြီ။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေ တိုးတက်ဖို့အတွက် ကျွန်တော်တို့ရဲ့ နည်းပညာ solutions တွေနဲ့အတူ အကူအညီပေးသွားမှာပါ"ဟု အာရှပစိဖိတ်နှင့်ဂျပန် VMware ၏ Senior Vice President နှင့် General Manager ဖြစ်သူ Duncan Hewett က ပြောကြားခဲ့သည်။

# တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက ချီးကျူး

တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍လုပ်ဆောင်နေမှုများအား ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌမစ္စတာဂျင်ယောင်ကင်က ဩဂုတ် ၁၇ ရက်က ချီးကျူးပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင် ဆင်းရဲနွမ်းပါးသူသန်းပေါင်းများစွာအတွက်ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး အစီအစဉ်ကို လုပ်ဆောင်လျက်ရှိရာ အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအစီရင်ခံစာပါအချက်အလက်များကို ကိုးကားပြီး ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌက ထုတ်ဖော်ချီးကျူးခဲ့ခြင်းဖြစ်သည်။

"၁၉၉၀ ခုနှစ်ကတည်းက ကမ္ဘာပေါ်မှာ ဆင်းရဲနွမ်းပါးသူပေါင်း ၁ ဒသမ ၁ သန်းနီးပါးရှိခဲ့ပါတယ်။ အဲဒီလူဦးရေအနက် တရုတ်နိုင်ငံက အများဆုံးဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံဟာ သူ့နိုင်ငံမှာရှိတဲ့ ဆင်းရဲနွမ်းပါးသူအရေအတွက် လျှော့ချနိုင်ဖို့ ဈေးကွက်အသစ်တွေကို ရှာဖွေပြီး ဈေးကွက်တွေဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့မှုဟာ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချဖို့အတွက် တုံ့ပြန်တဲ့ဆောင်ရွက်ချက်ပဲဖြစ်ပါတယ်"ဟု ကင်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ကင်၏အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီးစ်မြို့သို့ နှစ်ရက်ကြာခရီးစဉ်တွင် အာဂျင်တီးနားနိုင်ငံ သမ္မတမာရှုစီယိုမာစီနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်အတွက် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ကစတင်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို စတင်လုပ်ဆောင်ခဲ့သည်။ ဆင်းရဲနွမ်းပါးသည့် လူဦးရေပေါင်း သန်း ၇၀၀ ကျော်အတွက်ဆင်းရဲနွမ်းပါးမှုကိုလျှော့ချနိုင်ရန် လုပ်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံ၏ဆင်းရဲနွမ်းပါးသူအရေအတွက်သည် ကမ္ဘာ့ဆင်းရဲနွမ်းပါးသူအရေအတွက်၏ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ၂၀၁၆ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှင့်ပတ်သက်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၁၂ ခုနှစ်က တစ်နိုင်ငံလုံး၏ ၁၀ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး ၂၀၁၆ ခု နှစ်တွင် ၄ ဒသမ ၅ ရာခိုင်နှုန်းကျဆင်း



ခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ဆင်းရဲနွမ်းပါးသူ အရေအတွက် ၅၅ ဒသမ ၆၄သန်း လျော့ကျသွားခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဆင်းရဲနွမ်းပါးမှုအားလုံး ချုပ်ငြိမ်းစေရန် ရည်ရွယ်ထားကြောင်း သိရသည်။

မယ်သီတာ စုစည်းသည်